ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၈)ရက် ၊ တနလာနေ့ ၊ (9-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၈၅)

ဒီတာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၂၀၂၆ ခုနှစ် ဂျနီမြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် စျေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၈

၂၀၂၆ ခုနှစ် ဂျနီမြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် စျေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရင်ပြင်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ

စာမျက်နှာ ၁၆ ကော်လံ ၁ ↗

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် စျေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ ရင်းရင်းနှီးနှီးလိုက်လံကြည့်ရှုလေ့လာစဉ်။

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလိမိတက်

ငွေပင်လယ်ရှိုင်းတွန့်စက္ကူကြေးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015

နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းပြီးကျူးကျော်ကြီး စိတ်တိုင်းကျမာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်
အယ်ဒီတာ့အာဘော်

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်အားထား မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် လိုအပ်ချက်များထဲမှ လမ်းပန်းဆက်သွယ်ရေးလွယ်ကူလျင်မြန်ခြင်းသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာရေးအတွက် ဦးစားပေးဆောင်ရွက်နိုင်စေရန် ပထဝီနှင့်သဘာဝအတားအဆီးများဖြစ်သည့် မြစ်၊ ချောင်းနေရာများတွင် တံတားများတည်ဆောက်ပေးခြင်း၊ လမ်းများကို ရာသီမရွေးသွားလာနိုင်စေရန် ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပေသည်။

ယခုအခါတွင် နိုင်ငံတော်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအဆောက်အအုံဖြစ်သည့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ပါဝင်သော လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်းမှ လမ်းတံတားများကောင်းမွန်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လုံခြုံချောမွေ့မှသာ တိုင်းရင်းသားပြည်သူများ အပြန်အလှန်ကူးသန်းဆက်သွယ်သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိစေမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ- ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားကြီးကို တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပေသည်။

ယခုတည်ဆောက်ပြီးစီးခဲ့သည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားသည် အရှည် ၆၁၂၇ ပေရှိပြီး လေးလမ်းသွားတံတားသစ်ကြီးဖြစ်သည်။ အခြားတံတားဒီဇိုင်းများနှင့်မတူဘဲ ရန်ကုန်မြို့၏ အထင်ကရအမှတ်အသား(Landmark) ဖြစ်စေရန် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးခဲ့သည့် တံတားများထဲတွင် ပင်လယ်ကူးသင်္ဘောများဝင်ထွက်သွားလာနိုင်သည့် ရေလမ်းကင်းလွတ်အမြင့်ဆုံးသံမဏိကြိုးဆိုင်းတံတား (Cable Stayed Bridge) အဖြစ် ခိုင်ခံ့လှပထည်ဝါစွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုတံတားကြီးကို တည်ဆောက်နိုင်ရန် ၂၀၁၂ ခုနှစ်တွင် မြန်မာ-ကိုရီးယားနှစ်နိုင်ငံဆွေးနွေးညှိနှိုင်းမှုများ စတင်ဆောင်ရွက်ခဲ့ပြီး ကိုရီးယားနိုင်ငံ Ecomomic Development Cooperation Fund (EDCF) ချေးငွေမှ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃၃ သန်းနှင့် နိုင်ငံတော်အစိုးရမှ ထည့်ဝင်ငွေ အမေရိကန် ဒေါ်လာ ၃၀ ဒသမ ၃၄၁ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၁၇၄ သန်းဖြင့် ၂၀၁၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် တံတားကြီးအပြီးသတ်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာငွေကျပ် ၂၃ ဒသမ ၀၆၂ ဘီလီယံကိုလည်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ထပ်မံဖြည့်စွက်ပြီး ပံ့ပိုးပေးခဲ့သဖြင့် တံတားကြီးကို ယခုကဲ့သို့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပေသည်။

မြန်မာ- ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတားကြီးတည်ဆောက်ပြီးစီးသွားပြီဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့တို့ကို လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သကဲ့သို့ ထိုမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးရှိမြို့များသို့လည်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပေသည်။ ဒလမြို့သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကို ဆက်သွယ်ထားသည့်ဝင်ပေါက်မြို့တစ်မြို့ဖြစ်လာပြီး ဒေသတွင်းက ထုတ်ကုန်များကို အဆိုပါတံတားကြီးမှ အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီစေရန် ယာဉ်ကြောသွားလာမှုစနစ်တကျဖြစ်စေရေး အခြေခံအဆောက်အအုံများဖြစ်သည့် မြို့တွင်းလမ်းများတိုးချဲ့ခြင်း၊ ခုံးကျော်တံတားများတည်ဆောက်ခြင်းနှင့် လိုအပ်သည့်နေရာများတွင် ယခုကဲ့သို့ လေးလမ်းသွားမြစ်ကူးတံတားကြီးများ တည်ဆောက်ပေးခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှု လျှော့ချနိုင်ပြီး ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ကာ ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

ရန်ကုန်ဝိုင်းတွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၄၂၇ ဧကစိုက်ပျိုးမည်

ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာ ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၄၂၇ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် နှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၄၈၀၊ ဘုတလင်မြို့နယ်တွင် ၁၀ ဧက၊ အရာတော်မြို့နယ်တွင် ၃၁၉၈ ဧက၊ ချောင်းဦးမြို့နယ်တွင် ၂၇၃၉ ဧက စုစုပေါင်း ၆၄၂၇ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ နှမ်းဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် နွေနှမ်းစိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးခုံးမပိသာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးခုံးမပိသာချိန် ၆၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဲ့လှဲ့က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးခုံးမပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ငါးခုံးမပိသာချိန် ၆၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသက ငါးခုံးမအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"အခု ဒေသထွက်ငါးခုံးမတွေကို ရန်ကုန်ဈေးကွက်က အရင်ကထက် ဝယ်ယူတာပိုများနေပါတယ်။ ပြည်တွင်းငါးစားသုံးမှုများ လာတာကြောင့် ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဇန်နဝါရီလအတွင်း ငါးခုံးမပိသာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးခုံးမတစ်ပိသာကို ငွေကျပ် ၁၅၅၀ ထိ ပေါက်ဈေးရှိပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဲ့လှဲ့က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးခုံးမများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးများတင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အင်္ဂဒေါလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

မလှိုင်မြို့နယ် ကျင်းသာ(ရှေ့) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ကျင်းသာ(ရှေ့) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်း ဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျင်းသာ(ရှေ့)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၆၃ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၄၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

မကွေးမြို့နယ် သံဘိုလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

မကွေး ဖေဖော်ဝါရီ ၈

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ကန်ကျေးရွာအုပ်စု သံဘိုလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ခွင့်ပြုရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦး၊ မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေးအလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

သံဘိုလေးကျေးရွာ၌ အရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၅၀ စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၅၀၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ယခုလ ဖေဖော်ဝါရီ ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးပါက အိမ် ၄၀၄ အိမ်မှ လူဦးရေ ၁၉၃၂ ဦးတို့အတွက် လမ်းပန်းဆက်သွယ်မှု လွယ်ကူစေမည်ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ငြိမ်းသူ(စလင်း)**

ကောလင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၃၇၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကောလင်း ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၃၇၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဧန်နဝါရီလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၃၄၇၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၂၈၆ ဧက စုစုပေါင်း ဧက ၃၇၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင် ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ စပါးဧက ၆၃၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၇၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးဖို့၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးဖို့၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိဖို့ အသိပေးပညာပေးလုပ်ငန်းတွေ ဆောင်ရွက် ပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရန် အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၅၂၆၉ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၀၃၁ ဧက စုစုပေါင်း ဧက ၆၃၀၀ ဧကဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧက အထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး အတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဖြူး ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ညောင်ပင်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**

ပေါင်မြို့နယ် လက်ပံကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပေါင် ဖေဖော်ဝါရီ ၈

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းလွင်၊ သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက လက်ပံကျေးရွာ၌ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ စာရင်းဇယားများဖြည့်သွင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ လက်ပံကျေးရွာ၌ ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော တိုးတက်ကျော်၊ တိုးတက်အောင်မြင်၊ ပြည့်ဖြိုး၊ အားမာန် စသည့် အဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ငွေကျပ် ၇ ဒသမ ၅ သန်း ထုတ်ချေးထားကြောင်း သိရသည်။ **သုတ**

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧန်နဝါရီလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ပန်းတနော် ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧန်နဝါရီလအတွင်းကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဧန်နဝါရီလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဧန်နဝါရီလအတွင်း ကျားပျံဆန်အိတ်ရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံဆန်အမျိုးအစား ဆန်ချောအုပ်စုထဲမှာတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ကျားပျံဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ဧန်နဝါရီလ အတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံဆန်က အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံဆန် ၂၄ ပြည်ဝင် ဆန်အိတ်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်အိတ်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

တန်ဖိုးဏ၏အခြေခံ

ချစ်နိုင်(စိတ်ပညာ)

နိဒါန်း

လူ့ဘဝသည် ရခဲသောအရာဖြစ်၏။ လူ့ဘဝကို ရရှိလာခဲ့ခြင်းသည် အထူးကံကောင်းခြင်း တစ်ရပ်ဖြစ်ပါ၏။ လူ့ဘဝသည် ကံကောင်းသည်ဟုဆိုနိုင်ခြင်းမှာ မိမိပြုသောအလုပ် (ကံကုသိုလ်)အရ နတ်ဘုံ၊ ဗြဟ္မာဘုံ စသည်တို့ကို ရောက်ရှိနိုင်စွမ်းရှိသောကြောင့် ဖြစ်၏။ အမြင့်မားဆုံး ကောင်းကျိုးတရားဖြစ်သောနိဗ္ဗာန်ကိုပင် ရောက်ရှိနိုင်ခွင့်ရှိသော လူ့ဘဝကား ထူးခြားသောအခြေအနေ အခွင့်အရေးဟုဆိုနိုင်ပေသည်။

စာရေးဆရာ

၁၉ ရာစုတွင် ပေါ်ပေါက်ထင်ရှားခဲ့သော ရုရှားစာရေးဆရာ ဖြိုဒေါ်ဒိုစတိုယက်စကီ (၁၈၂၁-၁၈၈၁) (Fyodor Dostoevsky)သည် ကမ္ဘာ့စာပေမှာ စိတ်ပညာဆိုင်ရာနှင့် ဒဿနိကဗေဒဆိုင်ရာ လေးနက်ဆန်းကြယ်သော ဝတ္ထုရှည် ခုနစ်ပုဒ် ရေးသားခဲ့သည်။ နောက်နောင်ပေါ်ပေါက်သော စာရေးဆရာတချို့ နှင့် အတွေးအခေါ်ရှင်များအပေါ်တွင် ဖြိုဒေါ်ဒိုစတိုယက်စကီ၏စာပေများ၊ အတ္တဘဝ အမှန်ဝါဒခေါ် (ဖြစ်တည်မှုပဓာနဝါဒ) လူ့ဘဝနှင့်ဆိုင်သော သဘောတရားများအဖြစ် လွှမ်းမိုးခဲ့ကြောင်း သိရပေသည်။ အောက်ပါ ကမ္ဘာကျော်ဝတ္ထုရှည်ကြီးများသည် ကမ္ဘာ့စာပေတွင် ထင်ရှားသည်။

၁။ ကရာမာဇော့ညီအစ်ကိုများ
(The brothers Karamazov)
၂။ အရူးအနှမ်း(လူအလူန) (Idiot)
၃။ မကောင်းဆိုးဝါးများ (Demons)
၄။ မြေအောက်မှတ်တမ်းများ
(Notes from Underground)

ဥပမာသာဓကတစ်ခုအနေဖြင့် ဖြိုဒေါ်ဒိုစတိုယက်စကီ(၁၈၂၁-၁၈၈၁)၏ အောက်ပါအဆိုအမိန့် တစ်ပိုဒ်သည် ထင်ရှားခဲ့ပေသည်။

"The mystery of human existence lies not in just staying alive, but in finding something to live for".

လူ့ဘဝဖြစ်တည်လာမှု၏ လျှို့ဝှက်ဆန်းကြယ်မှုဆိုသည်မှာ အသက်ရှင်ရပ်တည်နေရန် သက်သက်အတွက်မျှသာမဟုတ်ဘဲ လူ့ဘဝမှာ ဘာအတွက် အသက်ရှင်ဖြစ်တည်လာခဲ့တာလဲ ဟူသောအဓိပ္ပာယ်ကို ရှာဖွေတွေ့ရှိရန်ဖြစ်ပေသည်။

လူနှစ်မျိုး

ထို့ကြောင့်ပေလော မပြောတတ်။ လက်ရှိရုရှားသမ္မတ ဗလာဒီမာပူတင် (သက်ရှိထင်ရှား ၇၃ နှစ် အရွယ်)ဆိုသော ကမ္ဘာပေါ်တွင်အရေးပါလှသူ ပုဂ္ဂိုလ်တစ်ဦးက စကားစပ်မိသဖြင့် သူ့သဘောထားအမြင်ကို ဤသို့ထုတ်ဖော်ပြောဆိုခဲ့ဖူးလေသည်။ **"လောကမှာ လူတွေအများကြီးအစားစား ကွဲပြားခြားနားကြတယ်လို့ ပြောလေ့ရှိခဲ့ကြတယ်။ ကျွန်တော့်အမြင်ကတော့ လူနှစ်မျိုးနှစ်စားပဲရှိတယ်။ ပထမတစ်မျိုးတစ်စားကတော့ ဖြိုဒေါ်ဒိုစတိုယက်စကီရဲ့စာအုပ်တွေကို ဖတ်ဖူးတဲ့လူစားနဲ့ ဒုတိယကတော့ မဖတ်ဖူးတဲ့ လူစားမျိုးပါပဲ"တဲ့။**

လူချင်းမတူ

စာဖတ်သူများ ဆက်တွေးကြည့်လိုက်လျှင် ထင်ရှားသဲကွဲစွာ မြင်ရပါလိမ့်မယ်။ မိမိဘဝကို သာမန်အသက်ရှင်နေထိုင်လှုပ်ရှားသူလူစားနှင့် လူ့ဘဝကို ရည်ရွယ်ချက်ရှိရှိ၊ အဓိပ္ပာယ်ရှိအောင် လုပ်ဆောင်ကြိုးစားနေသောလူစားဟု သိသိသာသာ (အနုတ်လက္ခဏာနှင့် အပေါင်းလက္ခဏာကွဲပြားပုံမျိုး) ခြားနားကြောင်း တွေ့နိုင်ပေသည်။ တန်ဖိုးမဲ့သောလူစားနှင့် တန်ဖိုးရှိသောလူစားဟု ကွဲပြားကြသည်မှာ သူတို့၏သဘောထားအမြင်နှင့် လုပ်ဆောင်ချက် (Works) တန်ဖိုးကြောင့်ပင်။

မြင်ကွင်းကျယ်ရှုမြင်နိုင်စေရန် နိဒါန်းပျိုးနေခြင်း ရှည်လျားသွားသည်မှန်သော်လည်း စာရေးသူက လေးနက်သောစာအုပ်တစ်အုပ်ကို ဖော်ညွှန်းလိုသဖြင့် နှိုင်းယှဉ်သဘောပေါက်စေရန် တင်ပြခြင်းဖြစ်ပါသည်။

ဝန်ထမ်းဘဝ

နိုင်ငံ့ဝန်ထမ်းခေါ်ခေါ် အစိုးရဝန်ထမ်းဟုဆိုဆိုပြည်သူ့ဝန်ထမ်းဟုပြောပြော၊ လစဉ်လခ ရသောလခစားအလုပ်ဖြင့် စာရေးသူသည် နှစ်ပေါင်း ၄၀ လောက် အလုပ်လုပ်ခဲ့သူဖြစ်ပါ၏။ အစိုးရအလုပ်ကို တက္ကသိုလ်မှ ဘွဲ့ရပြီးခဲ့သည်နှင့် စစ်တပ်ထဲဝင်၍ စစ်ဦးစီးတက္ကသိုလ် ကိုးလကြာသင်တန်း၊ မဂ်လာဒုံ ဆယ်မိုင်ကုန်း နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် (၁၉၉၆)အပါအဝင် ကျောင်းပေါင်းစုံ၊ သင်တန်း ၁၀ ကြိမ်လောက် တက်ခဲ့ရ၏။ တပည့်ဘဝ၊ ဦးစီးတာဝန်စာအုပ်ကိုပင် အမြီးပြန်ခေါင်းပြန် သင်ယူခဲ့ရလေသည်။ မပြီးသေးပေ။ စစ်ဦးစီးတက္ကသိုလ်တွင် နည်းပြအလုပ် (၁၉၉၁-၁၉၉၅) ငါးနှစ်ကြာ တာဝန်ယူလျက် သင်တန်းငါးပတ်ကို ငါးကြိမ်တိတိ၊ (သင်တန်းတစ်ခုစီတိုင်း ဦးစီးတာဝန်ဘာသာကို ၁၁၄ ကြိမ်) သင်ကြားပြသ ဆရာလုပ်ခဲ့ရပါသေး၏။

ရေစက်ဆုံခဲ့

ဗိုလ်လောင်းအဆင့်မှ ကိုယ်တိုင်နည်းပြဗိုလ်မှူးကြီးအဆင့်အထိ တပည့် ၁၀ ကြိမ်၊ ဆရာ ငါးကြိမ်၊ စစ်မှုထမ်းပါသည်။ စစ်ရုံးကိုလျှောက်လွှာတင်၊ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှာ ငါးရက်သွားနေပြီး အစစ်ဆေးခံ၊ ဆေးရုံမှာ ဖင်လှန်ခေါင်းလှန် အစစ်ဆေးခံပြီး အရွေးခံခဲ့ရသဖြင့် မော်ဘီရှိ တပ်မတော်ဗိုလ်လောင်းသင်တန်း(၁၉၇၁-၁၉၇၂) ကိုးလကြာမျှ နေပူမရှောင် မိုးရွာမရှောင် ပင်ပန်းဆင်းရဲစွာ ထုသားပေသားရအောင် စစ်မြေပြင်၌ တိုက်ပွဲဝင်နိုင်းစွမ်းသူဖြစ်အောင် လေ့ကျင့်ခံလျက် ဆံပင်တိုတို ဒုတိယဗိုလ်ဘဝ စတင်ခဲ့ပါ၏။ ဘာမသိညာမသိ စစ်ထဲဝင်ခဲ့ခြင်းမဟုတ်ခဲ့ပါ။ ကြီးပွားလိုရှိ၍လည်း မဟုတ်။ ချမ်းသာချင်သောစိတ်ကူးမပါ။ ငါ ငယ်တုန်း ရွယ်တုန်းမှာ တိုင်းပြည်ကာကွယ်ရင်း သေသွားလည်း အေးတာပဲ(မြတ်တာပဲ)ဟုခံယူချက်နှင့် တပ်မတော်သားဘဝကို ဂုဏ်ယူစွာ လိုလိုချင်ချင် တာဝန်ထမ်းခဲ့ခြင်းသာ။

စာတစ်အုပ်

၁၉၇၁ ခုနှစ် ဗိုလ်သင်တန်းကျောင်းရောက်မှ မိမိဘဝတစ်ခါမှ မမြင်မတွေ့ခဲ့ဖူးသော စာအုပ်တစ်အုပ်တွေ့ရပါ၏။ **"တပ်မတော်ဦးစီးတာဝန်တဲ့"** ကိုးလကြာ ဖွတ်ဖွတ်ညက်ညက်ကျေအောင် သင်ယူခဲ့ရသောစာအုပ်။ ခြေလျင်တပ်ရင်းရောက်တော့လည်း မိမိတို့ဒုတိယဗိုလ်လေးယောက်ကို တပ်ရေးဗိုလ်ကြီး (ဗိုလ်ကြီးမောင်သွင်)က ဤစာအုပ်ကိုပင် အခါအားလျော်စွာ သင်သည်၊ မေးသည်။ လေ့ကျင့်ပေးပြန်သည်။ ကျေးဇူးကြီးစွာမြတ်ဆရာတွေပါ။

ဗထူးတိုက်ခိုက်ရေးကျောင်း၊ မေမြို့ အအကသင်တန်း၊ ရေကြည်အိုင် ထလရသင်တန်း၊ ဗထူးသင်ယူသင်ကြားခဲ့ရသော ထူးခြားစွာရေစက်ဆုံခဲ့ရသည်။ **"ဦးစီးတာဝန်စာအုပ်"**သည် လခစားဝန်ထမ်းအရာရှိအမျိုးအစားကို နှစ်မျိုးနှစ်စားခွဲခြားကာ ကွဲပြားစေကြောင်း တွေ့ရှိရပါ၏။ ဦးစီးတာဝန်ကို ကျေသူ၊ သုံးသူက ရုံးတာဝန်ဟူသမျှ ထိရောက်မှုရှိစွာ လုပ်တတ်ကိုင်တတ်၏။

ဦးစီးတာဝန်ကို မကျွမ်းကျင်သော အရာထမ်းသည် လစာကိုညာယူနေသည်နှင့်တူစွာပင် ဘာအလုပ်မှ တွင်ကျယ်ထိရောက်အောင် မလုပ်တတ်မကိုင်တတ်ပါချေ။ ခေါင်းဆောင်မှုလည်းမရ။ ကွပ်ကဲမှုလည်းမဟန်။ ကြီးကြပ်မှုလည်း ညံ့ဖျင်း။ စီမံမှုလည်းမကောင်း။ လက်အောက်ဝန်ထမ်းများကို လေ့ကျင့်ပျိုးထောင်မှုမှာလည်း မစွမ်း။ နည်းနာနိဿယအဓိကကျလှပါ၏။

ဦးစီးတာဝန်ဟူသော ဘာသာရပ်စာအုပ်သည် ဤမျှအရေးပါအရာရောက်စွာ အဓိကကျလှကြောင်း စာရေးသူတင်ပြသည်ကို ယုံချင်ယုံ၊ မယုံချင်နေပါ။ သိသူသုံးသူနှင့် သုံးရကောင်းမှန်းမသိသူ၊ ဘယ်အချက်တွေ၊ ဘယ်စာမျက်နှာမှာ အလွယ်တကူဖော်ပြထားကြောင်း မဖတ်သူ၊ စွမ်းဆောင်ရည်ချင်း အလွန်တရာပင် ကွာခြားကွဲပြားကြောင်းကား ဝန်ထမ်းအရာရှိတိုင်းက ကိုယ်တွေ့နားလည်သဘောပေါက်ကြသည်။

ဥပမာ အစိုးရဝန်ထမ်းတစ်ယောက်ကို မေးစမ်းကြည့်လိုက်ပါ။ အခြေခံဥပဒေသဆိုတာ ဘာလဲ။

စစ်ပွဲတစ်ခု၏ အခြေခံဥပဒေသက ဘာလဲ။

သိသူက အားကိုးစိတ်ချရသူ။ မသိသူက ရှုံးမည့်သူ။

သိနေရမည်

အစိုးရဝန်ထမ်းတစ်ယောက်သည် ပြည်တွင်းလက်နက်ကိုင်ပဋ္ဌိပက္ခဖြစ်စေ (အချို့က ပြည်တွင်းစစ်ဟုလွဲမှားစွာပဲ သုံးနှုန်းနေဆဲပါပေ) ပြည်ပကျူးကျော်မှုကို ကာကွယ်ခုခံရသောစစ်ပွဲဖြစ်စေ၊ အမျိုးသားတပ်မတော်က စစ်တိုက်နေရစဉ် ပြည်သူလူထုက ကိုယ်ရောစိတ်ပါ မိမိတို့၏တပ်မတော်ကြီးတိုက်ပွဲတိုင်းနိုင်အောင် ပြည်သူလူထုတစ်ရပ်လုံးက အုန်းအုန်းကျွက်ကျွက် ထက်ထက်သန်သန်ရောက်ရာနေရာ၊ ကျရာတာဝန်၌ ပါဝင်ကူညီအောင် ဆွဲဆောင်တိုက်တွန်းနှိုးဆော်ရမည်ဖြစ်ပါလျက်(ဘယ်ဌာနက အရာရှိဖြစ်ဖြစ်) မဆိုင်သလို၊ မသိသလို မျက်နှာလွှဲနေခြင်းမျိုးသည် နိုင်ငံ့ဝန်ထမ်းကောင်းမဟုတ်ချေ။

နိုင်ငံ့ဝန်ထမ်းအရာရှိသည် မိမိကိုယ်ပိုင်ဆန္ဒအလျောက် ရာထူးဝင်ခွင့်လျှောက်ထားခဲ့သူမဟုတ်လား။ ဘယ်သူကမှ ခြိမ်းခြောက်ငေါက်ငမ်းပြီး ခေါ်ခဲ့ခြင်းမဟုတ်ပေ။ မိမိဆန္ဒဖြင့် တာဝန်ဝင်ထမ်းရာတွင် အထက်ကပေးအပ်သမျှ တာဝန်(Duty, Mission, Task) လုပ်ငန်းမှန်သမျှ ကျေပွန်ကုန်စင်အောင် ထမ်းရွက်ပါမည်ဟု ကတိပေးထားခဲ့သည်မဟုတ်လား။ စစ်မှုထမ်းအရာရှိဆိုလျှင် နိုင်ငံတော်အလံကို မိမိကိုယ်တိုင်လက်ဖြင့်ထိကိုင်၍ "အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါမည်"ဟု သစ္စာဆိုခဲ့သေးသည်မဟုတ်လား။ ကြည့်ပါဦး။

DCS ဟုအတိုကောက်ပြောနေကြသော စင်စစ် Disloyalty Civil Servant **"သစ္စာဖောက်ဝန်ထမ်းလှုပ်ရှားမှု"**တွင် ပါဝင်လုပ်ဆောင်လှုပ်ရှားခဲ့သူအချို့သည် မည်မျှသစ္စာမဲ့ခဲ့သနည်း။ မည်မျှနိုင်ငံနှင့် ပြည်သူအပေါ် သစ္စာဖောက်ကာ ယုတ်မာပက်စက်အသိဉာဏ်ခေါင်းပါးခဲ့သလဲ။ ထမင်းကျွေးသော လစာလစဉ်ပေးခဲ့ကြသော ပြည်သူကို ကျောခိုင်းလျက် တာဝန်ကျနေရာမှ ရုက်စရာကောင်းစွာ မိုက်ရိုင်းစွာစွန့်ခွာပျက်ကွက်ခြင်းသည် လူ့ကျင့်ဝတ်အနေဖြင့် မည်မျှရိုင်းစိုင်းခဲ့ပါသလဲ။

ကျန်းမာရေးဝန်ထမ်းတချို့၊ အရာရှိတွေ။

ပညာရေးဝန်ထမ်းတချို့ စသည်ဖြင့်။

သစ္စာစူးမည်

အစကတည်းက တက္ကသိုလ်တစ်ခုခုက ဘွဲ့နှင်းသဘင်မှာ ဘွဲ့ယူခဲ့စဉ်ကပင် လူမျိုးနှင့်နိုင်ငံတော်အပေါ် သစ္စာရှိစွာလုပ်ကျွေးထမ်းဆောင်ပါမည်ဟု ဘွဲ့ဝတ်စုံကြီးဝတ်ရုံပြီး ဘွဲ့နှင်းသဘင်အခမ်းအနား၌ ရွတ်ဆိုကတိပေးခဲ့သည်ကို သတိရပါသေး၏လော။ ပြောပါဦး။ ရှက်စရာ။

သစ္စာမဲ့စွာပြုမူခြင်းကား တစ်သက်တာလုံးအရှက်ရစရာဖြစ်ရုံမျှမက နောင်ဘဝ၊ နောင်ဘဝပေါင်းများစွာ သစ္စာစူးကာ ရူးသူ၊ အသူ၊ ဦးနှောက် ကျပ်မပြည့်သူအဖြစ် ဘဝများစွာ ကံ၊ကံ၏အကျိုးဝိပါကခံစားကြရဦးမည်ဖြစ်လေသည်။ ဘယ်သူမပြုမိမိမှု။

ဟုတ်ပြီ။ နိုင်ငံ့ဝန်ထမ်းအရာရှိသည် ဦးစီးတာဝန်ဘာသာရပ်ကို နားလည်ကျေညက်ကာ ကျွမ်းကျင်တတ်မြောက်ပါက အောက်ပါတို့ကို ပိုင်နိုင်ပေပြီ။

၁။ အခြေခံသဘောတရား (Principle)
၂။ မူဝါဒ (Policy)
၃။ ဆောင်ရွက်စဉ် (Procedure)

အခြေခံသဘောတရား

အခြေခံသဘောတရားဆိုသည်ကား အဘယ်နည်း။ တာဝန်၊ လုပ်ငန်း၊ အလုပ်၊ အကြောင်းအရာလိုက်၊ ဘာပဲဖြစ်ဖြစ် ဤကိစ္စတွင် ဤအခြေခံသဘောတရားတို့ကို ကျင့်သုံးလျှင် အောင်မြင်ထမြောက်ခရီးရောက်၏။ ဤအချက်တို့ကိုမသိလျှင်၊ မသုံးလျှင် သိကြားနတ်မင်းလည်း မကယ်နိုင်။ မအောင်မြင်ပါ။ **စာမျက်နှာ ၅ သို့ á**

❖ ဦးစီးတာဝန်ဟူသော ဘာသာရပ်စာအုပ်သည် ဤမျှအရေးပါအရာရောက်စွာ အဓိကကျလှကြောင်း စာရေးသူတင်ပြသည်ကို ယုံချင်ယုံ၊ မယုံချင်နေပါ။ သိသူသုံးသူနှင့် သုံးရကောင်းမှန်းမသိသူ၊ ဘယ်အချက်တွေ၊ ဘယ်စာမျက်နှာမှာ အလွယ်တကူဖော်ပြထားကြောင်း မဖတ်သူ၊ စွမ်းဆောင်ရည်ချင်း အလွန်တရာပင် ကွာခြားကွဲပြားကြောင်းကား ဝန်ထမ်းအရာရှိတိုင်းက ကိုယ်တွေ့နားလည်သဘောပေါက်ကြသည်။ ဥပမာ အစိုးရဝန်ထမ်းတစ်ယောက်ကို မေးစမ်းကြည့်လိုက်ပါ။ အခြေခံဥပဒေသဆိုတာ ဘာလဲ။ စစ်ပွဲတစ်ခု၏ အခြေခံဥပဒေသက ဘာလဲ။ သိသူက အားကိုးစိတ်ချရသူ။ မသိသူက ရှုံးမည့်သူ။ ❖

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံကေ ၁၂၈၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မုံရွာ ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံဧက ၁၂၈၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၂၉၂၁ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ဧက ၁၉၀၊ ဘုတလင်မြို့နယ်တွင် ဧက ၄၄၀၊ အရာတော်မြို့နယ်တွင် ဧက ၂၀၊ ချောင်းဦးမြို့နယ်တွင် ဧက ၁၂၂၁၀ စုစုပေါင်း ဧက ၁၂၈၆၀ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မုံရွာခရိုင်အတွင်း ဂျုံ ၁၂၉၂၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၈၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဂျုံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူအသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေသြဇာကျွေးဖို့၊ ပေါင်းရှင်းဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဂျုံအထွက်တိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက် ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၂၅၀၊ ဘုတလင်မြို့နယ်တွင် ၄၅၃ ဧက၊ အရာတော်မြို့နယ်တွင် ၁၈ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၁၂၂၀၀ စုစုပေါင်း ၁၂၉၂၁ ဧက ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ဂျုံစိုက်ပျိုးရာ၌ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံများအထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများစနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

ထာဝစဉ်ကွယ် စည်းလုံးကြမယ်

- လောကမံ ဒီရေလှိုင်း
ရိုက်ပုတ်တိုင်း မကြောက်ကွယ်၊
ထာဝစဉ် ကူးခပ်ကြ
ဘဝပင်လယ်၊
အားမာန်တင်း ခရီးနှင်မယ်
ပန်းတိုင်ရယ် ရောက်စေသား၊
ဇွဲလုံ့လကို တပ်ဆင်ပေးလို့
ရှေ့ရေးကြိုးစား။။

- တောင်တန်းတွေ ဘယ်လောက်မြင့်မား
ခြေဖဝါး အောက်မှာပင်၊
ငှက်များလို ပျံသန်းလျက်
အထက်ကောင်းကင်၊
မိမိဘဝ အလှဆင်
ကောင်းစေချင် လူအပေါင်း၊
နိုင်ငံ့တာဝန် အတူထမ်းလို့
ကြိုးပမ်းစေကြောင်း။။

- ရင်ထဲဝယ် အမြဲခိုအောင်း
စိတ်ဓာတ်ကောင်း မွေးမြူပါ၊
တို့တစ်တွေ ဘယ်မခွဲ
လက်တွဲညီညာ၊
ပြည်ထောင်စုအတွင်းမှာ
နေထိုင်ကာ တို့အများ၊
ထာဝစဉ် စည်းလုံးကြလို့
(အိုကွယ်)
လှပစေသား။။ ။

ဧကျမ်းရွာကျောင်းအိုသား

ရေကြည်မြို့နယ် သပြေကွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

ရေကြည် ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေဖြင့် သပြေကွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလှိုင်နှင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလှိုင်က ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ရေကြည်မြို့နယ် သပြေကွင်းကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် ၅ ဒသမ ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေကျပ် ၂၃၈ ဒသမ ၃၈၈ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက ပြောပြ၍ သိရသည်။ **ဧင်မာ**

á စာမျက်နှာ ၄ မှအဆက်

ဥပမာ **သတင်းမီဒီယာ(ပြန်ကြားရေး)၏ အခြေခံသဘောတရား (Principle of Information)**ကား ဘာတွေလဲ။

အသံပဲလွှင့်လွှင့်၊ သတင်းပဲရေးရေး၊ အမှုအခင်းပဲ စုံစမ်းစုံစမ်း၊ စီးပွားရေး၊ စစ်ရေး၊ သံတမန်ရေး၊ ဝန်ဆောင်မှုတစ်ခုခု ဘာပဲဖြစ်စေ ဖြစ်စေ သတင်းနှင့်စပ်ဆိုင်သမျှ-

၁။ မြန်ဆန်ပါစေ (Speed၊ Prompt)
၂။ မှန်ကန်ပါစေ (Right၊ Correct)
၃။ ထိရောက်ပါစေ (Impact)

ဒါပါပဲ။ ဘယ်သူ၊ ဘယ်ဝါ၊ ဘယ်သူပဲလုပ်လုပ် သတင်းပြန်ကြားရေး အလုပ်ကို လုပ်ဆောင်နေကြသူအားလုံးတို့သည် အခြေခံသဘောတရားကိုကျင့်သုံးလျှင်အောင်မြင်မည်။ ဥပမာ ထိရောက်အောင် မလုပ်တတ်လျှင် မအောင်မြင်နိုင်ပေ။

မူဝါဒ

မူဝါဒ(Policy)ကတော့ အခြေအနေနှင့်ဆိုင်၏။ လူပုဂ္ဂိုလ်၏အမှန်အမှား၊ အကောင်းအဆိုးခွဲခြားရွေးချယ်နိုင်စွမ်း လုပ်ရည်ကိုင်ရည်နှင့် သက်ဆိုင်ပါ၏။ ဥပမာ ၂၀၀၀ ပြည့်နှစ် လွတ်လပ်ရေးနေ့တွင် စာရေးသူ ဝန်ထမ်းဘဝက စီမံထူးချွန်တံဆိပ်(ပထမဆင့်) ချီးမြှင့်ဂုဏ်ပြုခြင်းကို ခံခဲ့ရဖူးပါ၏။ မိမိတော်လို့ချည်းမဟုတ်ပါ။ မိမိ၏လုပ်ဖော်ကိုင်ဖက်များအား **"လုပ်ချင်ကိုင်ချင်စိတ်" (Enthusiasm)** ထက်သန်တက်ကြွအောင်၊ "လုပ်တတ်ကိုင်တတ်လုပ်ငန်း"ကို (Professional Skill) ကျွမ်းကျင်အောင် တက်ညီလက်ညီ တစ်နှစ်အတွင်း ထိရောက်ထူးခြားအောင် လက်တွေ့အောင်မြင်ခဲ့လို့ပါ။ မူဝါဒကဘာလဲ။

"ရှင်သန်တက်ကြွ၊ နိုးထလှုပ်ရှား၊
စွမ်းအားထက်မြက်၊ သွက်လက်ရွှင်လန်း
အပင်ပန်းခံ၊ အားမာန်အပြည့်
သိမ်မွေ့ချိုသာ၊ ပျူငှာယဉ်ကျေး
ပြည်သူ့ဆက်ဆံရေး"ဟူသော မူဝါဒပါပဲ။

ဆောင်ရွက်စဉ်(Procedure) ဆိုသည်မှာ ထမင်းချက်နည်း၊ ဟင်းချက်နည်းမှအစ အဝတ်လျှော်နည်း၊ အိမ်ဆောက်နည်း၊ ကားမောင်းနည်း၊ သီချင်းဆိုနည်း၊ စာကျက်နည်း၊ စာမေးပွဲဖြေနည်း စသည်သူ့အကြောင်းအရာအလိုက် အစီအစဉ်တကျ မှန်ကန်မှ ထိရောက်ခြင်းကို စာဖတ်သူများ သိထားပြီးသားဖြစ်သဖြင့် မဖော်ပြတော့ပါ။

နိဂုံး

လူ့ဘဝ၏တန်ဖိုးသည် အလုပ်(ကံ)ဖြစ်ပါသည်။ ကံဟူသော လုပ်ဆောင်ချက် အရည်အသွေးမြင့်လေလေ လူကော၊ နိုင်ငံနှင့်လူမျိုးပါ မြင့်မားအောင်မြင်မည်ဖြစ်ပါ၏။ အခြေခံသဘောတရားလောက်ပင် မည်မည်ရရ ဘာမှန်းမသိသူ၊ အူတူတူ၊ အတတလူတွေမဖြစ်ရလေအောင် စာကောင်းပေကောင်းများကို အဖော်ပြုစေလိုပါသည်။

နိုင်ငံတကာ သတင်းများ

မလေးရှားဝန်ကြီးချုပ်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့ ပူထရာဇေယျမြို့၌ တွေ့ဆုံဆွေးနွေး

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၈

မလေးရှားနိုင်ငံသို့ နှစ်ရက်ကြာခရီးစဉ်အဖြစ် ရောက်ရှိနေသည့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် ယနေ့တွင် မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်နှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲတွင် မလေးရှားဝန်ကြီးချုပ်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံကုန်သွယ်ရေးဆက်ဆံမှုကို မြှင့်တင်ရန်၊ လျှပ်ကူးပစ္စည်းထုတ်လုပ်မှု နယ်ပယ်၊ ကာကွယ်ရေး နယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကတိပြုခဲ့ကြကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်တို့၏ ဆွေးနွေးပွဲကို ပူထရာဇေယျမြို့ရှိ ဝန်ကြီးချုပ် အိမ်တော်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၇ ရက်တွင် စတင်ခဲ့သည့် မလေးရှားခရီးစဉ်သည် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ အတွက် ၂၀၂၄ ခုနှစ် သြဂုတ်လနောက်ပိုင်း ပထမဆုံး မလေးရှားခရီးစဉ်ဖြစ်သည်။

အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် ၂၀၂၄ ခုနှစ် သြဂုတ်လတွင် နှစ်နိုင်ငံ ဆက်ဆံရေးအဆင့်ကို မဟာဗျူဟာမြောက် ဘက်စုံမိတ်ဖက်ဆက်ဆံရေးအဖြစ် အဆင့်မြှင့်တင်ထားသည့် နိုင်ငံများဖြစ်ကြသည်။

ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်နှင့် ဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့၏ ဆွေးနွေးပွဲအပြီးတွင် မလေးရှားနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၁၁ ခုကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

အမေရိကန်သမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့ ဖေဖော်ဝါရီ ၁၁ ရက်တွင် တွေ့ဆုံမည်

ဂျေရုဆလင် ဖေဖော်ဝါရီ ၈

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဝါရှင်တန်မြို့၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၁၁ ရက် ဆွေးနွေးပွဲတွင် သမ္မတဒေါ်နယ်ထရမ့်နှင့် ဝန်ကြီးချုပ်နေတန်ယာဟုတို့သည် အီရန်နိုင်ငံအရေးနှင့် ပတ်သက်၍ အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

အိုမန်နိုင်ငံ မက်စ်ကတ်မြို့၌ အမေရိကန်ကိုယ်စားလှယ်များနှင့် အီရန်ကိုယ်စားလှယ်များအကြား တစ်ဆင့်ခံနျူကလီးယားဆွေးနွေးပွဲများ ကျင်းပခဲ့ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးရန် အစ္စရေးဝန်ကြီးချုပ်က စီစဉ်ထားခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၁၁ ရက် ဆွေးနွေးပွဲသည် အမေရိကန်သမ္မတရာထူးကို ၂၀၂၅ ခုနှစ် ဧနှစ်ဝါရီလတွင် ပြန်လည် ရယူခဲ့ပြီးနောက်ပိုင်း သမ္မတဒေါ်နယ်ထရမ့်နှင့် အစ္စရေးဝန်ကြီးချုပ်တို့၏ ခုနစ်ကြိမ်မြောက်တွေ့ဆုံဆွေးနွေးပွဲဖြစ်လာမည်ဖြစ်သည်။

အမေရိကန်အစိုးရ အဆင့်မြင့် ကိုယ်စားလှယ်များနှင့် အီရန်အစိုးရ အဆင့်မြင့် ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၆ ရက်တွင် အိုမန်နိုင်ငံ မတ်စ်ကတ်မြို့၌ တစ်ဆင့်ခံ နျူကလီးယားဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲများမှ မည်သည့် ရလဒ်မျှ ထွက်ပေါ်လာခြင်းမရှိသော်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးရန် နှစ်ဖက်လုံးက သဘောတူညီခဲ့ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

အလုပ်သမားပါတီ၏ နဝမကြိမ်မြောက်ညီလာခံ ယခုလကုန်ပိုင်းတွင် မြောက်ကိုရီးယားကျင်းပမည်

ပြုံယမ်း ဖေဖော်ဝါရီ ၈

နဝမကြိမ်မြောက် ကိုရီးယား အလုပ်သမားပါတီ ညီလာခံကို ယခုလကုန်ပိုင်းတွင် ပြုံယမ်းမြို့၌ ကျင်းပရန် စီစဉ်ထားကြောင်း မြောက်ကိုရီးယားအစိုးရ ကေစီအင်န်အေသတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာန ဖော်ပြထားသည်။

ကေစီအင်န်အေသတင်းဌာန၏ အဆိုအရ အလုပ်သမားပါတီ နိုင်ငံရေး ပေါ်လစ်ဗျူရိုအဖွဲ့သည် အလုပ်သမားပါတီညီလာခံကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် ဖေဖော်ဝါရီ ၇ ရက်တွင် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လက်ရှိအာဏာရအလုပ်သမားပါတီညီလာခံသည် မြောက်ကိုရီးယားနိုင်ငံအတွက် အကြီးမားဆုံး နိုင်ငံရေးလုပ်ငန်းအစီအစဉ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် အဓိကမူဝါဒရေးရာရည်မှန်းချက်များ သတ်မှတ်ဖော်ထုတ်ရေးအတွက် အလုပ်သမားပါတီညီလာခံကို ငါးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိသည်။

ဖေဖော်ဝါရီ ၇ ရက်တွင် ကျင်းပခဲ့သော အလုပ်သမားပါတီနိုင်ငံရေး ပေါ်လစ်ဗျူရို အစည်းအဝေး၌ အလုပ်သမားပါတီ ညီလာခံကို ဖေဖော်ဝါရီလကုန်ပိုင်းတွင်ကျင်းပ ရန်ဆုံးဖြတ်ခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာန သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြောက်ကိုရီးယား နိုင်ငံသည် အလုပ်သမားပါတီ ညီလာခံနှင့် အတူ စစ်ရေးပြချီတက်ပွဲလည်း ကျင်းပရန်စီစဉ်ထားရာ လက်နက်သစ်အမျိုးမျိုးကို ထုတ်ဖော်ပြသ ဖွယ်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

တရုတ်နိုင်ငံ ဇီဝနည်းပညာကုမ္ပဏီတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား လူ ရှစ်ဦးသေဆုံး

ပေကျင်း ဖေဖော်ဝါရီ ၈

တရုတ်နိုင်ငံ မြောက်ပိုင်းရှိ ဇီဝနည်းပညာကုမ္ပဏီတစ်ခု၌ ဖေဖော်ဝါရီ ၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ရှစ်ဦးသေဆုံးခဲ့ကြောင်း တရုတ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရှန်ရီးပြည်နယ် ရှီးယန်မြို့၌ တည်ရှိသည့် အဆိုပါဇီဝနည်းပညာကုမ္ပဏီ ပေါက်ကွဲမှုသည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ပေါက်ကွဲမှုနှင့် ပတ်သက်၍ ဇီဝနည်းပညာကုမ္ပဏီတာဝန်ရှိသူ တစ်ဦးကို တရုတ်အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းထားသည်။

ကျားပင်းအမည်ရှိ ဇီဝနည်းပညာကုမ္ပဏီသည် ရှီးယန်မြို့ အနီးရှိ တောင်ကြားဒေသတွင် တည်ရှိကြောင်း သိရသည်။

ကျားပင်းဇီဝနည်းပညာကုမ္ပဏီ ပေါက်ကွဲမှုနှင့်ပတ်သက်၍ ရှီးယန်မြို့ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးရေးကော်မတီတစ်ရပ် ဖွဲ့စည်းထားကြောင်း တရုတ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

၂၀၂၅ ခုနှစ် ဇွန်လတွင် စတင်တည်ထောင်ခဲ့သည့် ကျားပင်းဇီဝနည်းပညာကုမ္ပဏီသည် တိရစ္ဆာန်အစားအစာ၊ ကျောက်မီးသွေးထုတ်ကုန်များ၊ ဆောက်လုပ်ရေးလုပ်ငန်းကုန်ကြမ်းများနှင့် ပတ်သက်၍ သုတေသနပြုလုပ်နေသော ဇီဝနည်းပညာ ကုမ္ပဏီဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ထိုင်းနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပ

ဗန်ကောက် ဖေဖော်ဝါရီ ၈

ထိုင်းနိုင်ငံ၌ ယနေ့တွင် အထွေထွေရွေးကောက်ပွဲသစ်ကို ကျင်းပခဲ့ရာ ဆန္ဒမဲပေးခွင့်ရသူ ထိုင်းပြည်သူများက ပါဝင်မဲပေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါအထွေထွေရွေးကောက်ပွဲသည် ထိုင်းနိုင်ငံ၏ အဓိကနိုင်ငံရေးပါတီကြီးသုံးခုဖြစ်သော ဖုန်ကျိုင်ထိုင်းပါတီ၊ ပြည်သူ့ပါတီ၊ ဖွေထိုင်းပါတီတို့ အားပြိုင်ကြရမည့် ရွေးကောက်ပွဲဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လူထုသဘောထားစစ်တမ်းကောက်ခံချက်ရလဒ်များ အရယနေ့အထွေထွေရွေးကောက်ပွဲ၌ အဆိုပါနိုင်ငံရေးပါတီသုံးခု အနက် မည်သည့်ပါတီကမျှ ပြတ်သားသည့်အနိုင်ရလဒ် ရယူနိုင်ဖွယ် မရှိကြောင်း သိရသည်။

ယနေ့ ထိုင်းအထွေထွေရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီ ၅၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူဦးရေမှာ ၅၃ သန်းထိရှိကြောင်း ထိုင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါအထွေထွေရွေးကောက်ပွဲတွင် ထိုင်းမဲဆန္ဒရှင်ပြည်သူများ အနေဖြင့် လွတ်တော်အမတ်သစ် ၅၀၀ ကို မဲပေးရွေးချယ်ကြရမည် ဖြစ်သည်။

ထိုင်းဝန်ကြီးချုပ် အနုတင်ချန် ဗီရာကူးလ်သည် ဝန်ကြီးချုပ်ရာထူး ရယူခဲ့ပြီး ရက် ၁၀၀ မပြည့်မီမှာပင် ထိုင်းအထွေထွေရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စောၜ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

SCIENCE AND TECHNOLOGY

ကြာသပတေးဂြိုဟ် ယူရိုပါဂြိုဟ်ရံလပေါ်၌ သက်ရှိများဖြစ်ထွန်းရေး အခြေခံကျသော အမိုးနီးယား မော်လီကျူးများရှိနေ

ဝါရှင်တန် ဖေဖော်ဝါရီ ၈

ကြာသပတေးဂြိုဟ် ယူရိုပါဂြိုဟ်ရံလပေါ်၌ သက်ရှိများဖြစ်ထွန်းရေးအတွက် အခြေခံကျသော အမိုးနီးယားမော်လီကျူးများ ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆို ကိုကိုးကား၍ ဖေဖော်ဝါရီ ၇ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂယ်လီလီယို အာကာသယာဉ်မှ ရရှိသည့် သတင်းအချက်အလက်များအရ ယူရိုပါဂြိုဟ်ရံလပေါ်တွင် အမိုးနီးယား မော်လီကျူးများ ရှိနေသည်ကို တွေ့ရကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ အမိုးနီးယားမော်လီကျူးများသည် ယူရိုပါဂြိုဟ်ရံလ ရေခဲလွှာ အက်ကြောင်းများအနီး တည်ရှိနေခြင်းဖြစ်ကြောင်း နာဆာ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

နိုက်ထရိုဂျင် အက်တမ်များ သယ်ဆောင်ထားသည့် အမိုးနီးယားမော်လီကျူးများသည် ကာဗွန်၊ ဟိုက်ဒရိုဂျင်၊ အောက်စီဂျင်နှင့် ရေဓာတ်တို့နည်းတူ သက်ရှိများဖြစ်ထွန်းရေးအတွက် အရေးကြီးသည့် ဇီဝအခြေခံပစ္စည်းတစ်မျိုးဖြစ်သည်။

အဆိုပါအမိုးနီးယားမော်လီကျူးများသည် ယူရိုပါဂြိုဟ်ရံလ ရေခဲလွှာအောက် သမုဒ္ဒရာထဲမှ ပေါ်ထွက်လာခြင်း ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ဂယ်လီလီယို အာကာသယာဉ်သည် ၁၉၉၅ ခုနှစ်နှင့် ၂၀၀၃ ခုနှစ် ကြားကာလအတွင်း ကြာသပတေးဂြိုဟ်စနစ်ကို လေ့လာခဲ့သော နာဆာ အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

HEALTH

ဦးနှောက်အပေါ် အကျိုးသက်ရောက်မှု မရှိသော ရောဂါများကို ကုသပေးခြင်းဖြင့် Dementia ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

ပေကျင်း ဖေဖော်ဝါရီ ၈

သွားဖုံးရောင်ရောဂါနှင့် ဆီးချိုရောဂါကဲ့သို့ ဦးနှောက်အပေါ် တိုက်ရိုက် အကျိုးသက်ရောက်မှု မရှိသည့်ရောဂါများကို ကုသခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia)ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

တရုတ် သုတေသနပညာရှင်များ၏အဆိုအရ သွားဖုံးရောင်ရောဂါ၊ အသည်းရောဂါ၊ နှလုံးရောဂါနှင့် ပုံစံ-၂ ဆီးချိုရောဂါများ အပါအဝင် ရောဂါ၁၆ မျိုးမှာ Dementia ရောဂါဖြစ်နိုင်ခြေ ကျဆင်းလာမှုနှင့်ဆက်စပ်နေသည်။

တရုတ် သုတေသနပညာရှင်များသည် ရောဂါပေါင်း ၂၆ မျိုးတို့ကို လေ့လာထားသည့် လေ့လာချက်ပေါင်း ၁၀၀ ကျော်တို့မှ ရရှိသော အချက်အလက်များကို ပြန်လည်စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အဆိုပါ ရောဂါ ၂၆ မျိုးအနက် သွားဖုံးရောဂါ၊ အသည်းရောဂါနှင့် အရိုးရောဂါများအပါအဝင် ရောဂါ ၁၆ တို့မှာ Dementia ဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များ၏အဆိုအရ အဆိုပါရောဂါ ၁၆ မျိုးတို့သည် တစ်ကမ္ဘာလုံး အတိုင်းအတာအရ Dementia ရောဂါ ဖြစ်စဉ် ၁၈ ဒသမ ၈ သန်းနှင့် ဆက်စပ်နေကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

Crew- 12 မစ်ရှင်ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် လွှတ်တင်ရန် စပေ့အိတ်ကုမ္ပဏီစီစဉ်ထား

ဝါရှင်တန် ဖေဖော်ဝါရီ ၈

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Crew- 12 မစ်ရှင်ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၇ ရက် သတင်းများအရ သိရသည်။

ဖယ်ကွန်- ၉ ဒုံးပျံများ လွှတ်တင်နိုင်ရေးအတွက် အမေရိကန်အစိုးရ ဖက်ဒရယ် လေကြောင်းပျံသန်းမှုကို အာဏာပိုင်အဖွဲ့က ခွင့်ပြုချက်ပေးခဲ့ပြီးနောက် Crew- 12 မစ်ရှင်ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း စပေ့အိတ်ကုမ္ပဏီက ဖေဖော်ဝါရီ ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဖေဖော်ဝါရီ ၂ ရက်က လွှတ်တင်ခဲ့သည့် စတားလင့်ခ်ဂြိုဟ်တု မစ်ရှင်အတွင်း ဖယ်ကွန်- ၉ ဒုံးပျံ ထိပ်ဖူးအဆင့်ဒုံးယာဉ်၌ စနစ်ဖောက်ပြန်မှုတစ်ရပ် ပေါ်ထွက်ခဲ့ပြီးနောက် စပေ့အိတ်ကုမ္ပဏီသည် ဖယ်ကွန်- ၉ ဒုံးပျံများ လွှတ်တင်မှုကို စတင်ရပ်နားထားသည်။

သို့ရာတွင် ဖက်ဒရယ် လေကြောင်းပျံသန်းမှု အာဏာပိုင်အဖွဲ့ (FAA)၏ ခွင့်ပြုချက်အရ ဖေဖော်ဝါရီ ၁၁ ရက်တွင် Crew- 12 မစ်ရှင် ဖြင့် အာကာသ ယာဉ်မှူးလေးဦးကို နိုင်ငံတကာ အာကာသစခန်းသို့ စေလွှတ်မည်ဖြစ်ကြောင်း စပေ့အိတ်ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

Crew- 12 မစ်ရှင်အရ အာကာသယာဉ်မှူးလေဦး လိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဖယ်ကွန်- ၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

Crew- 12 မစ်ရှင်တွင် နာဆာ အာကာသယာဉ်မှူး နှစ်ဦး၊ ရုရှား အာကာသယာဉ်မှူး တစ်ဦးနှင့် ဥရောပအာကာသ အေဂျင်စီ အာကာသယာဉ်မှူး တစ်ဦး တို့ လိုက်ပါမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ့မှုနှင့် အမျိုးသမီးများ၏ မျိုးဆက်ပွားနိုင်စွမ်း ကျဆင်းမှုတို့ကြား ဆက်စပ်မှုမရှိဟုဆို

စတော့ဟုမ်း ဖေဖော်ဝါရီ ၈

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ့မှုနှင့် အမျိုးသမီးများ၏ မျိုးဆက်ပွားနိုင်စွမ်း ကျဆင်းမှုတို့ကြား ဆက်စပ်မှုမရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆွီဒင်နိုင်ငံ လင့်ကိုပင်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၁၈ နှစ်နှင့် ၄၅ နှစ်ကြား အမျိုးသမီးဦးရေ ၆၀၀၀ ကျော်တို့ကို လေ့လာခဲ့ကြသည်။

အဆိုပါ လေ့လာတွေ့ရှိချက်တွင် ပါဝင်သည့် အမျိုးသမီးများ အနက် ၇၅ ရာခိုင်နှုန်းတို့မှာ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ကြားကာလ များအတွင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံ့ထားသူ များဖြစ်ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံ့ထားသူ အမျိုးသမီးများနှင့် ထိုးနှံ့ထားခြင်း မရှိသည့် အမျိုးသမီးများကြား ကလေး မွေးဖွားနိုင်မှုနှုန်းနှင့် ကိုယ်ဝန်ပျက်ကျမှုနှုန်းတို့မှာ ကိန်းဂဏန်းများအရ ကွာခြားမှုမရှိကြောင်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားထားသည်။

မိမိတို့၏ လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများနှင့် အမျိုးသမီး၏ မျိုးဆက်ပွားနိုင်စွမ်း ကျဆင်းမှုတို့ကြား ဆက်နွယ်မှုမရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ရှန်းလောင်အာကာသယာဉ်ကို စတုတ္ထအကြိမ်မြောက်အဖြစ် တရုတ်လွှတ်တင်

ပေကျင်း ဖေဖော်ဝါရီ ၈

တရုတ် အမျိုးသားအာကာသ အေဂျင်စီသည် အကြိမ်ကြိမ် ပြန်လည် အသုံးပြုနိုင်သည့် နည်းပညာစမ်းသပ် ရှန်းလောင် အာကာသယာဉ်ကို စတုတ္ထအကြိမ်မြောက်အဖြစ် ဖေဖော်ဝါရီ ၇ ရက်တွင် လွှတ်တင်ထားကြောင်း သိရသည်။

အဆိုပါ နည်းပညာစမ်းသပ် အာကာသယာဉ်ကို လောင်းမတ်ချ်-၂ အက်ဖ် ဒုံးပျံဖြင့် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချိုကွမ်းဂြိုဟ်တု လွှတ်တင်ရေး စခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ရှန်းလောင် အာကာသယာဉ် ရယူမည့် မစ်ရှင်နှင့်ပတ်သက်၍ လည်းကောင်း၊ အာကာသယာဉ် နှင့်ပတ်သက်၍ လည်းကောင်း အသေးစိတ် အချက်အလက်များ ကို ထုတ်ပြောခြင်းမရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ရှန်းလောင် အာကာသယာဉ်အနေဖြင့် ကမ္ဘာပတ်လမ်းပေါ်၌ ပြန်လည်အသုံးပြုနိုင်သည့် အာကာသယာဉ်နည်းပညာများကို စမ်းသပ်မည်ဖြစ်ကြောင်း တရုတ် အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဖေဖော်ဝါရီ ၇ ရက်မစ်ရှင်သည် ရှန်းလောင် အာကာသယာဉ်၏ စတုတ္ထမြောက် မစ်ရှင်ဖြစ်သည်။

တရုတ် အမျိုးသားအာကာသ အေဂျင်စီသည် အဆိုပါ ရှန်းလောင် အာကာသယာဉ်ကို ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် လွှတ်တင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

Winners Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆိုရန်နာ ဆွတ်ခူး

ကလုချ် ဖေဖော်ဝါရီ ၈

ရိုမေးနီးယားနိုင်ငံ ကလုချ်မြို့တွင် ကျင်းပခဲ့သည့် Winners Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ် အဖြစ် ဗြိတိန်တင်းနစ်မယ် အမ်မာနှင့် ရိုမေးနီးယားတင်းနစ်မယ် ဆိုရန်နာတို့ ယှဉ်ပြိုင်ခဲ့ရာ ဆိုရန်နာက (၆-၀၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၅ နှစ်ရှိ ဝါရင့်တင်းနစ်မယ် ဆိုရန်နာသည် ၎င်းအတွက် နောက်ဆုံးတင်းနစ်ရာသီ ဖြစ်ပြီး ရာသီအကုန်တွင် အနားယူမည်ဟု ကြေညာထားသည်။

အမ်မာအနေဖြင့် ဗိုလ်လုပွဲအဆင့်မတိုင်မီထိ အကောင်းဆုံးပုံစံဖြင့် နိုင်ပွဲများဆက်တိုက်ရခဲ့သော်လည်း ဗိုလ်လုပွဲအဆင့်တွင် စွမ်းဆောင်ရည်ပိုင်းမှာ သာမန်အောက်ရောက်နေပြီး စွမ်းဆောင်ရည်နှင့်ပတ်သက်၍ စိတ်ပျက်မိကြောင်းနှင့် ပရိသတ်များကို တောင်းပန်ကြောင်း ပွဲအပြီးတွင် ပြောကြားခဲ့သည်။

အမ်မာက "ပရိသတ်အားလုံးကို တောင်းပန်ပါတယ်လို့ ပြောချင်ပါတယ်။ ရိုမေးနီးယားပရိသတ်တွေဟာ ကျွန်မကို ကိုယ့်နိုင်ငံမှာ ကစားနေရသလို နွေးထွေးစွာနဲ့ အားပေးခဲ့ကြတယ်။ ပရိသတ်တွေ တာဝန်ကျေစွာနဲ့ အားပေးခဲ့ကြပေမဲ့လဲ ကျွန်မအနေနဲ့ ဗိုလ်လုပွဲစဉ် တစ်ပွဲအတွက် လုံလောက်တဲ့ စွမ်းဆောင်ရည်မျိုးမပြနိုင်ခဲ့ဘူး။ အဲ့ဒီအတွက် ကိုယ့်ကိုယ်ကိုယ်လဲ စိတ်ပျက်မိသလို ပရိသတ်တွေကိုလဲ တောင်းပန်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : AZL

ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် စတာလင်းက နာပိုလီအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်နေ

ရောမ ဖေဖော်ဝါရီ ၈

ချဲလ်ဆီးအသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသည့် တိုက်စစ်ကစားသမား စတာလင်းသည် စီးရီးအေထိပ်သီးကလပ် နာပိုလီအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်နေကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်ရှိ စတာလင်းသည် ၂၀၂၂ ခုနှစ်က မန်စီးတီးအသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းတွင် ခြေစွမ်းပြသနိုင်ခြင်း မရှိခဲ့ဘဲ ရုန်းကန်နေရသည့်အတွက် ပြီးခဲ့သည့် ဘောလုံးရာသီက အာဆင်နယ်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သူ ဖြစ်သည်။

စတာလင်းသည် အာဆင်နယ်အသင်းတွင်လည်း ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသဖြင့် အာဆင်နယ်အသင်းက အပြီးသတ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူခြင်းမရှိသည့်အတွက် ယခုနှစ် ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းထံ ပြန်လည်ပူးပေါင်းခဲ့ရသည်။

သို့သော် ချဲလ်ဆီးအသင်းကလည်း စတာလင်းကို အသင်းတွင် ဆက်လက်မထားလိုသည့်အတွက် လက်ကျန်စာချုပ် ဖျက်သိမ်းရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာ ယခုနှစ်ဇန်နဝါရီလက စာချုပ်ဖျက်သိမ်းရန် နှစ်ဖက်သဘောတူညီမှုဖြင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသူ ဖြစ်သည်။

စတာလင်းသည် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ နာပိုလီအသင်းထံပြောင်းရွှေ့ရန် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိရာ လက်ရှိတွင် လုပ်ခလစာညှိနှိုင်းမှုသာကျန်ရှိနေပြီး သဘောတူညီမှုရရှိရန် နီးစပ်နေကြောင်း သိရသည်။ **Ref : The Athletic**
Trs : STA

ဘောလုံးရာသီ ၁၅ ရာသီဆက် သွင်းဂိုး ၁၀ ဂိုးနှင့်အထက်သွင်းယူနိုင်သည့် တတိယမြောက်ကစားသမားအဖြစ် ဘာစီလိုနာအသင်းမှ လီဝမ်ဒေါ့စကီး မှတ်တမ်းဝင်

ဘာစီလိုနာ ဖေဖော်ဝါရီ ၈

ဘာစီလိုနာအသင်း ဝါရင့်တိုက်စစ်မှူး လီဝမ်ဒေါ့စကီးသည် ဘာစီလိုနာအသင်းနှင့် မာယော့ကာ အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် ဥရောပထိပ်တန်းလီဂ်ငါးခုတွင် ဘောလုံးရာသီ ၁၅ ရာသီဆက်သွင်းဂိုး ၁၀ ဂိုးနှင့် အထက်သွင်းယူနိုင်သည့် တတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်းက မာယော့ကာအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲတွင် သွင်းဂိုး ၁၀ ဂိုးထိရှိ လာခဲ့သည့်အတွက် မက်ဆီနှင့် စီရော်နယ်ဒိုတို့ပြီးလျှင် ဥရောပထိပ်တန်းလီဂ် ငါးခု၌ ဘောလုံးရာသီ ၁၅ ရာသီဆက် သွင်းဂိုး ၁၀ ဂိုးနှင့် အထက်သွင်းယူနိုင်သည့် တတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

လီဝမ်ဒေါ့စကီးသည် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီက လက်ပေါ့နန်အသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဒေါ့မွန်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ ဘာစီလိုနာ အသင်းတို့နှင့်အတူ ဘောလုံးရာသီ ၁၅ ရာသီ ကစားခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် သွင်းဂိုး ၁၀ ဂိုးနှင့်အထက် သွင်းယူခဲ့ခြင်းဖြစ်သည်။

လီဝမ်ဒေါ့စကီးနှင့် ဘာစီလိုနာအသင်းတို့ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည် ဖြစ်သော်လည်း လက်ရှိအချိန်ထိ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုခြင်းမရှိသေးဘဲ အနာဂတ်မရေမရာဖြစ်နေကြောင်း သိရသည်။ **Ref : Fotmob**
Trs : STA

အယ်လ်နာဆာအသင်းက စီရော်နယ်ဒိုဏ်နေရာတွင် လီဗာပူးအသင်းမှ ဆာလာဟ်နှင့်အစားထိုးရန်ကြိုးပမ်းနေ

ရီယာ့ဒ် ဖေဖော်ဝါရီ ၈

ဆော်ဒီပရိုလီဂ် ထိပ်တန်းကလပ် အယ်လ်နာဆာအသင်းက အသင်းမှထွက်ခွာရန် ကြိုးပမ်းနေသည့် စီရော်နယ်ဒို၏နေရာတွင် လီဗာပူးအသင်းမှ တိုက်စစ်ကစားသမား ဆာလာဟ်နှင့်အစားထိုးရန် ကြိုးပမ်းနေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် ယခုနှစ် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလက အယ်လ်ဟီလယ် အသင်းမှ ထွက်ခွာမည့် ဘင်ဇီးမားကို အသင်းထံခေါ်ယူပေးရန် တာဝန်ရှိသူများကို တောင်းဆိုခဲ့သော်လည်း အသင်းတာဝန်ရှိသူများက ခေါ်ယူပေးခြင်းမရှိသည့်အတွက် အသင်းတာဝန်ရှိသူများနှင့် စီရော်နယ်ဒိုတို့ တင်းမာမှုများ ရှိလာခဲ့သည်။

အယ်လ်နာဆာ အသင်းနှင့် စီရော်နယ်ဒိုတို့ ဆက်ဆံရေး တင်းမာမှုများ ပိုမိုမြင့်တက်လာခဲ့ပြီးနောက် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲဖွယ် ရှိနေသည့်အတွက် အယ်လ်နာဆာအသင်းက ၎င်း၏နေရာတွင် လီဗာပူးအသင်းမှ တိုက်စစ်ကစားသမား ဆာလာဟ်ကိုခေါ်ယူပြီး အစားထိုးရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

ဆာလာဟ်သည် အစောပိုင်းနှစ်များက ဆော်ဒီပရိုလီဂ်ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် အယ်လ်ဟီလယ် အသင်းနှင့် သတင်းများထွက်ပေါ်ခဲ့ဖူးပြီး ယခုအခါ အယ်လ်နာဆာအသင်းက ဆာလာဟ်ကို လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် မြင့်မားသည့်လုပ်ခလစာဖြင့်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Goal.com
Trs : STA

ဂျူဗင်တပ်အသင်းက ယဲဒဇ်ကို ၂၀၃၀ပြည့်နှစ်ထိ သက်တမ်းတိုး စာချုပ်သစ်ချုပ်ဆို

ရောမ ဖေဖော်ဝါရီ ၈

ဂျူဗင်တပ် အသင်းသည် အသင်းမှ အဓိကလူငယ်တိုက်စစ်ကစားသမား ယဲဒဇ်ကို ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ နှစ်ရှိ ယဲဒဇ်သည် ဂျူဗင်တပ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ်က အသင်းနှင့် စတင်ပူးပေါင်းခဲ့ပြီးနောက် ပထမဆုံး ဘောလုံးရာသီတွင် ပွဲစဉ် အနည်းငယ်သာပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းတွင် အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ယဲဒဇ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၈ ပွဲတွင် သွင်းဂိုးကိုးဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် ၂၀၂၅ ခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလီဂ် ထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန် ကြိုးပမ်းခဲ့ကြသော်လည်း ဂျူဗင်တပ်အသင်းက ကမ်းလှမ်းမှုများကို ပယ်ချခဲ့ပြီး အသင်းတွင်သာ ဆက်လက်ထိန်းသိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် ယဲဒဇ်ကို သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန်အတွက် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ပြီးနောက် ၂၀၃၀ ပြည့်နှစ်ထိ ကာလရှည်သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ယဲဒဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၅ ပွဲတွင် သွင်းဂိုး ၁၂ ဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

Ref : Fotmob
Trs : STA

Ostrava Open တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို ကေတီဘိုတာ ဆွတ်ခူး

အိုစထရာဗာ ဖေဖော်ဝါရီ ၈

ချက်နိုင်ငံ အိုစထရာဗာမြို့တွင် ကျင်းပခဲ့သည့် Ostrava Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဗြိတိန်တင်းနစ်မယ် ကေတီဘိုတာနှင့် ဂျာမနီတင်းနစ်မယ် တာမာရာတို့ ယှဉ်ပြိုင်ခဲ့ရာ ကေတီဘိုတာက (၇-၅ ၊ ၆-၂ ၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း ရလဒ်များကျဆင်းခဲ့သည့် ကေတီဘိုတာသည် ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ (၁၂၀)ထိ ကျဆင်းခဲ့ပြီး Ostrava Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီး နောက် ကမ္ဘာ့အဆင့်(၁၀၀)အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ကေတီဘိုတာသည် ၂၀၂၄ ခုနှစ်က Nottingham Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံး ဆွတ်ခူးရရှိခဲ့သည့် ဆုဖလားဖြစ်ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် စတုတ္ထမြောက် ဆွတ်ခူးနိုင်သည့် ချန်ပီယံဆုဖလားလည်းဖြစ်သည်။

ကေတီဘိုတာက "ကာလရှည် စောင့်ဆိုင်းခဲ့ရတဲ့ အောင်မြင်မှုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်မအတွက် တော့ မယုံကြည်နိုင်လောက်အောင် ဝမ်းသာရပါတယ်။ ၂၀၂၅ ခုနှစ်ဟာ ကျွန်မအတွက် သိပ်ကို ခက်ခဲတဲ့ ရာသီဖြစ်ခဲ့ပါတယ်။ ခက်ခဲကြမ်းတမ်းတဲ့ ရာသီနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ခက်ခဲတဲ့ ရာသီကို ဖြတ်သန်းခဲ့ရပြီးတဲ့ နောက် အချိန်ယူပြီးတော့လေ့ကျင့်ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အခုဆိုရင် ပြင်ဆင်လေ့ကျင့်မှုတွေကြောင့် ရလဒ်ကောင်းတွေ ရယူနိုင်ခဲ့ပြီဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

၂၀၂၂ခုနှစ်နောက်ပိုင်း စပါးအသင်းကို မန်ယူအသင်း ပထမဆုံးအကြိမ်ပြန်လည်အနိုင်ရ

မန်ချက်စတာ ဖေဖော်ဝါရီ ၈

မန်ယူအသင်းသည် ပရီးမီးယားလီဂ်ပြိုင်ပွဲ ပွဲစဉ်(၂၅)အဖြစ်ကစားခဲ့သည့် စပါးအသင်းနှင့်ပွဲစဉ်တွင် အနိုင်ရခဲ့ပြီးနောက် ၂၀၂၂ ခုနှစ် နောက်ပိုင်း စပါးအသင်းကိုပထမဆုံးအကြိမ် ပြန်လည်အနိုင်ရခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလီဂ်ပြိုင်ပွဲ ပွဲစဉ်(၂၅)အဖြစ်ကစားခဲ့သည့် မန်ယူအသင်းနှင့် စပါးအသင်းတို့ပွဲစဉ်တွင် မန်ယူအသင်းက အိမ်ကွင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး မန်ယူအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၈မိနစ်တွင် အမ်ဘူမိုနှင့် ပွဲချိန် ၈၁ မိနစ်တွင် ဖာနန်ဒက်တို့က သွင်းယူခဲ့ကြခြင်းဖြစ်သည်။

မန်ယူအသင်းသည် နောက်ပိုင်းနှစ်များတွင် စပါးအသင်းနှင့် တွေ့ဆုံတိုင်း ရှုံးကန်ရလေ့ရှိပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၀ ရက်က ကစားခဲ့သည့် ပရီးမီးယားလီဂ်ပြိုင်ပွဲတွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲစုံ ရှစ်ကြိမ်တွေ့ဆုံခဲ့ရာ သုံးကြိမ်သရေ ရလဒ်နှင့် ငါးကြိမ်ရှုံးနိမ့်ခဲ့ပြီး ယခုနှစ်မှသာ ပြန်လည်အနိုင်ရခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် နည်းပြဟောင်း အာမိုရင်လက်ထက်က ရလဒ်များ မတည်မငြိမ်ဖြစ်ခဲ့ပြီး ရှုံးကန်ခဲ့ရသော်လည်း လက်ရှိ ယာယီနည်းပြကာရစ်လက်အောက်တွင် ရလဒ်များ ဆက်တိုက် ပြန်လည်ကောင်းမွန်လာခဲ့ပြီး လေးပွဲကစားခဲ့ရာ မန်စီးတီးအသင်း၊ အာဆင်နယ်အသင်း၊ ဖူလ်ဟမ်အသင်း၊ စပါးအသင်းတို့ကို အနိုင်ရခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၄)နေရာအတွင်း ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

WM Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမှတ်ပေးဇယားကို မက်ဆူယာမာ ဦးဆောင်

အရီဇိုးနား ဖေဖော်ဝါရီ ၈

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင်ကျင်းပနေသည့် WM Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ဂျပန် ဂေါက်သီးရိုက်ကစားသမား မက်ဆူယာမာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန် ဂေါက်သီးရိုက်ကစားသမား ဟီဆက်ဆူနီ အပါအဝင် ပြိုင်ပွဲဝင် လေးဦးက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား ၏ ဒုတိယနေရာတွင် ရပ်တည်နေကြသည်။

အမှတ်ပေးဇယားတွင် ရပ်တည်နေသည့် ပြိုင်ပွဲဝင်များမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် ကစားသမားများစာရင်းတွင် ပါဝင်နေသူများဖြစ်သကဲ့သို့ အမှတ်ပေးဇယားကို ဦးဆောင်နေသူနှင့် ၎င်းတို့အကြား ရိုက်ချက်ကွာဟချက်မှာ တစ်ချက်သာဖြစ်သည့်အတွက် နောက်ဆုံးနေ့ထိ အကြိတ်အနယ် ယှဉ်ပြိုင်ရမည့် အခြေအနေဖြစ်သည်။

မက်ဆူယာမာက "ကျွန်တော့်အတွက် ထူးခြားတဲ့နေ့ပါ။ စွမ်းဆောင်ရည်ပိုင်းအပေါ်မှာ အားရကျေနပ်မှု အပြည့်အဝရှိပါတယ်။ နောက်ဆုံးနေ့မှာလဲ အကောင်းဆုံးကစားနိုင်ပြီးတော့ အမှတ်ပေးဇယားထိပ်မှာပဲ ဆက်လက်ရပ်တည်ခွင့်ရမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော် ဒီပြိုင်ပွဲမှာ ချန်ပီယံဆု နှစ်ကြိမ် ဆွတ်ခူးထားပါတယ်။ ဒီအချက်တွေကပဲ ကျွန်တော့်ကို အခုလိုရလဒ်ကောင်းအောင် ကူညီပေးနိုင်ခဲ့တာပါ။ ဒါပေမဲ့ ဒီနှစ်ပြိုင်ပွဲက တခြားနှစ်တွေနဲ့ မတူဘူး။ နောက်ပြီးတော့ ပြိုင်ပွဲဝင်တွေထဲမှာလဲ ထိပ်တန်းကစားသမားတွေက တခြားနှစ်တွေကထက် ပိုများပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အမြင်မှာ တော့ တခြားနှစ်တွေက ထက်ပိုပြီး တော့ ခက်ခဲသလို ပိုပြီးတော့လဲ စိတ်လှုပ်ရှားရပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Today

Trs : AZL

စပိန်လာလီဂါ ပွဲစဉ်(၂၃) ပွဲကြိုသုံးသပ်ချက် ML

ဗီလာရီးရဲလ် Vs အက်စ်ပန်ညို

ကစားမည့်ရက်/အချိန် ၁၀-၂-၂၀၂၆ (နံနက် ၂:၀၀ နာရီ)

ပထမအကျော့ရလဒ်

အက်စ်ပန်ညို ၀ - ၂ ဗီလာရီးရဲလ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ဗီလာရီးရဲလ်	-	အိမ်(ရှုံး)	ဝေး(ရှုံး)	ဝေး(သရေ)
အက်စ်ပန်ညို	-	အိမ်(ရှုံး)	ဝေး(ရှုံး)	အိမ်(ရှုံး)

ဗီလာရီးရဲလ်အသင်းက နောက်ဆုံးငါးပွဲမှာ လေးပွဲရှုံး၊ တစ်ပွဲသရေကျထားတဲ့အထိ ခြေစွမ်းပိုင်းပြန်လည်ကျဆင်းနေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ အဆင့်(၆)နေရာမှာ ရပ်တည်နေတဲ့ အက်စ်ပန်ညိုအသင်းကလဲ နောက်ဆုံးသုံးပွဲဆက်ရှုံးနိမ့်ထားပြီး ခံစစ်ပိုင်းဆိုးရွားနေတာကြောင့် ဗီလာရီးရဲလ်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဗီလာရီးရဲလ် ၁ - ၀ အက်စ်ပန်ညို

အီတလီစီးရီးအေ ပွဲစဉ်(၂၄) ပွဲကြိုသုံးသပ်ချက် ML

အတ္တလန်တာ Vs ခရီမိုနန်ဆီ

ကစားမည့်ရက်/အချိန် ၁၀-၂-၂၀၂၆ (နံနက် ၁၂:၀၀ နာရီ)

ပထမအကျော့ရလဒ်

ခရီမိုနန်ဆီ ၁ - ၁ အတ္တလန်တာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

အတ္တလန်တာ	-	ဝေး(ရှုံး)	ဝေး(သရေ)	အိမ်(နိုင်)
ခရီမိုနန်ဆီ	-	အိမ်(သရေ)	ဝေး(ရှုံး)	အိမ်(ရှုံး)

အတ္တလန်တာအသင်းအနေနဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်တည်ငြိမ်မှုမရှိဘူးဆိုပေမဲ့ ခရီမိုနန်ဆီလိုအသင်းကိုတော့ အိမ်ကွင်းမှာ ဖိအားပေးကစားလာနိုင်ပါတယ်။ ဒ့ါပြင် ခရီမိုနန်ဆီအသင်း၏ လက်ရှိကစားသမားပိုင်းနဲ့ ခြေစွမ်းပိုင်းကလဲ သာမန်သာရှိတာကြောင့် အတ္တလန်တာအသင်းပဲ အနိုင်ရသွားမှာပါ။

ခန့်မှန်းရလဒ် - အတ္တလန်တာ ၂ - ၀ ခရီမိုနန်ဆီ

ရိုးမား Vs ကက်ဂလီယာရီ

ကစားမည့်ရက်/အချိန် ၁၀-၂-၂၀၂၆ (နံနက် ၂:၁၅ နာရီ)

ပထမအကျော့ရလဒ်

ကက်ဂလီယာရီ ၁ - ၀ ရိုးမား

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ရိုးမား	-	အိမ်(သရေ)	ဝေး(သရေ)	ဝေး(ရှုံး)
ကက်ဂလီယာရီ	-	အိမ်(နိုင်)	ဝေး(နိုင်)	အိမ်(နိုင်)

ရိုးမားအသင်းက ဥရောပဝင်ခွင့်အတွက် နောက်ပိုင်းပွဲစဉ်တွေမှာ အကောင်းဆုံးပြင်ဆင်ကစားနေပြီး ရလဒ်ပိုင်းကလဲ ကောင်းမွန်မှုရှိနေတာကို တွေ့ရပါတယ်။ ကက်ဂလီယာရီအသင်းကတော့ နောက်ဆုံးသုံးပွဲဆက်အနိုင်ရထားပြီး တန်းဆင်းဇုန်က အသင်းတွေနဲ့ အမှတ်ကွာဟမှုကြီးမားခဲ့ပေမဲ့ အိမ်ရှင်ရိုးမားအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - ရိုးမား ၂ - ၁ ကက်ဂလီယာရီ

ချန်ပီယံရှစ် ပွဲစဉ်(၃၁) ပွဲကြိုသုံးသပ်ချက် ML

ရှက်ဖီး U Vs မစ်ဒယ်ဘရော့

ကစားမည့်ရက်/အချိန် ၁၀-၂-၂၀၂၆ (နံနက် ၂:၃၀ နာရီ)

ပထမအကျော့ရလဒ်

မစ်ဒယ်ဘရော့ ၁ - ၀ ရှက်ဖီး U

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ရှက်ဖီး U	-	အိမ်(နိုင်)	ဝေး(သရေ)	အိမ်(နိုင်)
မစ်ဒယ်ဘရော့	-	ဝေး(နိုင်)	အိမ်(နိုင်)	အိမ်(နိုင်)

နောက်ဆုံးသုံးပွဲမှာ နှစ်ပွဲနိုင် တစ်ပွဲသရေကျထားတဲ့ ရှက်ဖီးU အသင်းဟာ တန်းဆင်းဇုန်အတွင်းက လွတ်ကင်းသွားခဲ့ပြီဖြစ်သလို လက်ရှိတိုက်စစ်ပိုင်းကလဲ ကောင်းမွန်နေပါတယ်။ ဒါပေမဲ့ အဆင့်(၂)နေရာက မစ်ဒယ်ဘရော့အသင်းကလဲ ချန်ပီယံဆုအတွက် ကြိုးစားကစားနေတာကြောင့် ရှက်ဖီးUအသင်း ရလဒ်မကောင်းနိုင်ပါဘူး။

ခန့်မှန်းရလဒ် - ရှက်ဖီးU ၁ - ၃ မစ်ဒယ်ဘရော့

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

ပေါင်းစည်းချစ်ကြည်လက်တွဲညီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ

တိုင်းရင်းသားပြည်သူတို့၏ သွေးစည်းမှုကို အခြေခံသည့် ပြည်ထောင်စုနေ့သည် ၇၉ နှစ်သို့ပင် ရောက်ရှိပြီဖြစ်သည်။ ဖေဖော်ဝါရီ ၁၂ ရက်သည် မြန်မာနိုင်ငံအတွင်းနေထိုင်သော ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စည်းလုံးခြင်းအမှတ်အသားနေ့ထူးနေ့မြတ်ဖြစ်ပြီး ပြည်ထောင်စုစိတ်ဓာတ်အရင်းတည်ရာ သမိုင်းမှတ်တိုင်ဖြစ်သည့် ပြည်ထောင်စုနေ့ပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ပင်လုံစာချုပ်ကိုချုပ်ဆိုကာ နယ်ချဲ့တို့ထံမှ လွတ်လပ်ရေးကို ရယူနိုင်ခဲ့ပြီး ပြည်ထောင်စုအုတ်မြစ်ကို တည်ဆောက်နိုင်ခဲ့သည်။ သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်သော ပြည်ထောင်စုနေ့သည် မြန်မာပြည်သူ၊ပြည်သားတိုင်းရင်းသားများ မေ့ပျောက်၍ မရနိုင်သလို ပြည်ထောင်စုစိတ်ဓာတ်သည်လည်း နောင်နှစ်ပေါင်းများစွာတိုင် တည်တံ့ခိုင်မြဲနေမည်သာဖြစ်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့တွင် ပြည်ထောင်စု မြန်မာနိုင်ငံအတွက် သမိုင်းဝင်ပင်လုံစာချုပ်ကို အမျိုးသားခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက တစည်းတလုံးတည်း ညီညီညွတ်ညွတ်ဖြင့် လက်မှတ်ရေးထိုးခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ တောင်တန်းဒေသကို လွတ်လပ်ရေးမပေးဘဲ ပြည်မဒေသကိုသာ လွတ်လပ်ရေးပေးကာသွေးခွဲအုပ်ချုပ်မည့် အကြံအစည်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ၏အမြော်အမြင်ကြီးမားမှုနှင့် ပြည်သူလူထုတို့၏ နိုင်ငံရေးနိုးကြားတက်ကြွမှုတို့ဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကာ လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ ထိုကဲ့သို့ တောင်တန်းပြည်မသွေးစည်းလုံးညီညွတ်စွာဖြင့် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့သည့်နေ့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းဝင်နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ခဲ့ကြပြီး ပြည်ထောင်စုကြီးမပြိုမကွဲအောင် တိုင်းရင်းသားအားလုံးတို့က ဥမကွဲသိုက်မပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည့် သမိုင်းမှတ်တိုင် ပင်ဖြစ်သည်။

ပင်လုံစာချုပ်၏ အသီးအပွင့်အဖြစ် တောင်တန်းနှင့် မြေပြန့်ဒေသများ ပေါင်းစည်းပြီး လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်တွင် ပြန်လည်ရယူနိုင်ခဲ့သည်။ တစ်နိုင်ငံလုံးစုစုစည်းစည်းဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းပြီး အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကို ပြုစုပျိုးထောင်သွားရမည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ တည်နေရာနှင့် ပထဝီအနေအထား၊ သယံဇာတများသည် အင်အားကြီးနိုင်ငံတို့၏ စိတ်ဝင်စားမှုနှင့် အာရုံစိုက်မှုကိုခံရပြီး ပြောင်းလဲလာနေသည့် ကမ္ဘာ့နိုင်ငံရေးအခြေအနေတွင် အရေးပါသည့် အနေအထားတွင်ရှိနေသည်။ ကမ္ဘာပေါ်တွင် ပြောင်းလဲလာလျက်ရှိသည့် အခြေအနေအရပ်ရပ်အရ မိမိတို့၏နိုင်ငံသည် စိန်ခေါ်မှုများရှိသကဲ့သို့ အခွင့်အလမ်းကောင်းများလည်းရှိရာ နိုင်ငံအတွက် အဓိကလိုအပ်ချက်မှာ အမျိုးသားစည်းလုံးညီညွတ်မှုပင်ဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးပါဝင်သည့် စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရမည်ဖြစ်သကဲ့သို့ ပြည်တွင်း၊ ပြည်ပရန်များမှ လည်း ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။ မိမိတို့၏ ကာယ၊ ဉာဏ စွမ်းပကားတို့ကို နိုင်ငံနှင့်ပြည်သူအကျိုးအတွက် တန်ဖိုးရှိရှိ မှန်ကန်စွာ အသုံးချသွားကြရမည်ဖြစ်သည်။ လက်ရှိကာလ ကမ္ဘာ့အခြေအနေအရဖြစ်စေ၊ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပကတိအရှိတရားအရဖြစ်စေ ဒို့တာဝန်အရေးသုံးပါးဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် မရှိမဖြစ်လိုအပ်ပေသည်။

> ❖ **မိသားစုတစ်စုအတွင်းတွင်ဖြစ်စေ၊ လူ့အဖွဲ့အစည်းတွင်ဖြစ်စေ၊ နိုင်ငံတစ်ခု၊ ဒေသတစ်ခုတွင်ဖြစ်စေ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ရှိမှသာ အနှောင့်အယှက်ပယောဂများ မဝင်ရောက်နိုင်ဘဲ အဆင်ပြေ၊ ချောမွေ့အောင်မြင်ပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဖြင့် တိုးတက်ဖွံ့ဖြိုးမှုလည်း ရရှိမည်ဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံစုစည်းနေထိုင်သော မိမိတို့နိုင်ငံအတွက် ကောင်းကျိုးရလဒ်များ ဖော်ဆောင်နိုင်ရန် ပြည်သူတစ်ရပ်လုံး၏ ရင်ထဲနှလုံးသားထဲတွင် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ကိန်းအောင်းနေရန် လိုအပ်ပေသည်။** ❖

လက်ရှိအချိန်တွင် ပြည်တွင်းပြည်ပမှ အဖျက်သမားများက နိုင်ငံအတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲပြီး နိုင်ငံဖရိုဖရဲဖြစ်စေရန် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးဖြိုခွဲနေကြသည်။ လွဲမှားသည့် လက်နက်ကိုင်လမ်းစဉ်များကြောင့် နိုင်ငံ၏အဖိုးတန်သော လူ့စွမ်းအားအရင်းအမြစ်များနှင့် အခြေခံအဆောက်အအုံများ မြောက်မြားစွာဆုံးရှုံးခဲ့သည်။ ဆုံးရှုံးမှုများသည် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးများ၏ အသက်ခန္ဓာ၊ စည်းစိမ်ဥစ္စာနှင့် ပိုင်ဆိုင်မှုများ ပင်ဖြစ်ပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးအရင်းအမြစ်များသည် မိမိတို့၏ ဘဏ္ဍာငွေကြေးအရင်းအမြစ်များပင်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် လူငယ်မျိုးဆက်များ အတွင်း လူမျိုးရေးအမုန်းတရားများ၊ ဘာသာရေးအမုန်းတရားများကို သွေးထိုးလှုံ့ဆော်မှုများ ဖန်တီးလျက်ရှိသောကြောင့် ပြည်ထောင်စုကြီးကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရမည့် မျိုးဆက်သစ်လူငယ်များသည် နိုင်ငံနှင့်လူမျိုးကို ချစ်ခင်သည့်စိတ်ဓာတ်များ စွဲမြဲခိုင်မာနေရန်လိုသည်။ ပြည်ထောင်စုနှင့် အမျိုးသားရေးစိတ်ဓာတ် ပြိုကွဲစေရန် လုပ်ဆောင်သူများကို သတိပြုဆင်ခြင်ရမည်ဖြစ်ပြီး အမှားနှင့်အမှန်၊ ဓမ္မနှင့်အဓမ္မကို ခွဲခြားကာ မိမိနိုင်ငံ၊ မိမိလူမျိုးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်သည်။ ယနေ့ ခေတ်လူငယ်များအနေဖြင့် နိုင်ငံနှင့်လူမျိုးအတွက် ပြည်ထောင်စုစိတ်ဓာတ်နှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ကိုပါ ယှဉ်တွဲမွေးမြူသွားရမည်ဖြစ်သည်။ ဘိုးဘွားတို့က အသက်သွေးချွေးစတေး၍ တည်ထောင်ခဲ့ကြသော လွတ်လပ်ရေးကို မပျောက်ပျက်စေရေး ဆက်လက်ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်သည် ညီညွတ်ခြင်း၏ အင်အားကိုပြသပြီး တစ်သားတည်းရှိသော စိတ်၊ မိသားစုသဖွယ် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရေရှည်အကျိုးစီးပွားကို တည်ဆောက်ခြင်းဖြစ်သည်။ မိသားစုတစ်စုအတွင်းတွင်ဖြစ်စေ၊ လူ့အဖွဲ့အစည်းတွင်ဖြစ်စေ၊ နိုင်ငံတစ်ခု၊ ဒေသတစ်ခုတွင်ဖြစ်စေ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ရှိမှသာ အနှောင့်အယှက်ပယောဂများ မဝင်ရောက်နိုင်ဘဲ အဆင်ပြေ၊ ချောမွေ့အောင်မြင်ပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဖြင့် တိုးတက်ဖွံ့ဖြိုးမှု လည်း ရရှိမည်ဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်သော မိမိတို့နိုင်ငံအတွက်ကောင်းကျိုးရလဒ်များ ဖော်ဆောင်နိုင်ရန် ပြည်သူတစ်ရပ်လုံး၏ ရင်ထဲနှလုံးသားထဲတွင် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ကိန်းအောင်းနေရန် လိုအပ်ပေသည်။

၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များမှာ

"၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများ အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး"ဟူ၍ ဖြစ်သည်။

အဆိုပါ ဦးတည်ချက်များအောင်မြင်အောင် နိုင်ငံတော်နှင့် ပြည်သူများက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အပိုင်း သုံးပိုင်းခွဲပြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ မကြာမီကာလတွင် လွတ်တော်နှင့် အစိုးရအဖွဲ့သစ်တို့ ပေါ်ပေါက်လာမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ အစိုးရအဖွဲ့သစ်နှင့်အတူ နိုင်ငံ၏ သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်တော့မည်ဖြစ်ရာ သမိုင်းအတွေ့အကြုံများကို သင်ခန်းစာယူကာ မှန်ကန်စွာဖြင့် ပြန်လည်ဆင်ခြင်သုံးသပ်၍ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား

- **နေ့စဉ်ထုတ်သတင်းစာများ**
- **www.moi.gov.mm**

ကျော်တင့်(ရွှေခရမ်း)

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

ပင်တဂွန်က ဒရုန်းခြိမ်းခြောက်မှုများမှကာကွယ်ရန် အခြေခံအဆောက်အအုံဆိုင်ရာလုံခြုံရေးလမ်းညွှန်ချက် ထုတ်ပြန်

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန (ပင်တဂွန်)သည် အရေးကြီးသော အခြေခံအဆောက်အအုံများကို ဒရုန်းခြိမ်းခြောက်မှုများမှကာကွယ်ရန်၊ ကာကွယ်ရေးနည်းလမ်းများ တိုးမြှင့်အသုံးပြုရန်အတွက် လမ်းညွှန်ချက်ကို ထုတ်ပြန်လိုက်ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်ကို ပင်တဂွန်၏ ဒရုန်းရန်ကာကွယ်ရေးဆိုင်ရာ သီးသန့်တပ်ဖွဲ့ (JIATF 401) က ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး စစ်ဘက်ဆိုင်ရာ တပ်စခန်းမှူးများ၊ ဒေသန္တရဥပဒေစိုးမိုးရေးအဖွဲ့များနှင့် ခုခံကာကွယ်ရေးဆိုင်ရာနေရာများ သို့မဟုတ် အရပ်ဘက် အဆောက်အအုံများကို စောင့်ကြပ်နေရသည့် လုံခြုံရေးတပ်ဖွဲ့များအတွက် ရည်ရွယ်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခေတ်ဟောင်း လုံခြုံရေးစနစ်များဖြစ်သည့် ဝင်ရောက်ခွင့်ကန့်သတ်ထားသော ဧရိယာများသည် ယခုအခါထိုနေရာများ၏ အနီးအနားမှနေ၍ တိုက်ခိုက်မည့်သူများ၏ အန္တရာယ်ကို ရင်ဆိုင်နေရဖြစ်ကြောင်း သတိပေးထားပြီး အခြေခံအဆောက်အအုံ လုံခြုံရေးစီမံချက်များကို အရှိန်အဟုန်ဖြင့် ပြန်လည်ပြင်ဆင်ရန် ပင်တဂွန်က အကြံပြုထားသည်။

ယခုလမ်းညွှန်ချက်၏ အဓိကအချက်မှာ "ခိုင်မာအောင်လုပ်၊ ဖုံးကွယ်ထား၊ နယ်နိမိတ်ချဲ့" ဆိုသည့် မဟာဗျူဟာပင်ဖြစ်သည်။ ၎င်းသည် လက်ရှိတွင် အသုံးများနေသည့် တန်ပြန်ဒရုန်းစနစ်များကိုသာ အားကိုးနေမည့်အစား ဒရုန်းများ၏ ချဉ်းကပ်နိုင်စွမ်း၊ မြင်ကွင်းနှင့် အခွင့်အလမ်းတို့ကို ဖြတ်တောက်ရန် ပတ်ဝန်းကျင်ကို ပြောင်းလဲပြင်ဆင်ခြင်းအပေါ် အဓိကထားသည်။

အဆိုပါ လမ်းညွှန်ချက်တွင် ကုန်ကျစရိတ်သက်သာပြီး ချက်ချင်းလက်ငင်း အကောင်အထည်ဖော်နိုင်ကာ စီးပွားဖြစ် အရပ်ဘက်သုံးဒရုန်းများ၏ အန္တရာယ်ကို ပင် ဟန့်တားနိုင်သည့် နည်းလမ်းများကို ဖော်ပြထားသည်။ ၎င်းတို့တွင် အဆောက်အအုံများကို အားဖြည့်ကာကွယ်ခြင်း၊ အပေါ်စီးမှ ပိုက်ကွန်များဖြင့် အုပ်မိုးခြင်း၊ မြင်ကွင်းရှုပ်ထွေးအောင် ပြုလုပ်ခြင်း၊ အမြဲတမ်းနှင့် ယာယီအတားအဆီးများ ချထားခြင်း၊ ရန်သူကို လှည့်စားမည့် အယောင်ပြကိရိယာများ အသုံးပြုခြင်းနှင့် လူစုလူဝေးသွားလာမှု ပုံစံများကိုပြန်လည်ပြင်ဆင်ခြင်းတို့ ပါဝင်သည်။

ပင်တဂွန်၏ ဒရုန်းရန်ကာကွယ်ရေးဆိုင်ရာသီးသန့်တပ်ဖွဲ့ (JIATF 401)၏ ညွှန်ကြားရေးမှူးဖြစ်သူ အမေရိကန်ကြည်းတပ် ဗိုလ်ချုပ် မတ်ရော့စ်က ယခုထုတ်ပြန်သည့် လမ်းညွှန်ချက်သည် ပိုမိုကျယ်ပြန့်သော ပြည်တွင်းလုံခြုံရေးမစ်ရှင်အတွက် အလွန်အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ပြည်တွင်းလုံခြုံရေး အကြောင်းပြောတဲ့အခါ စစ်စခန်းတွေ၊ လျှပ်စစ် ဓာတ်အားပေးစနစ်တွေနဲ့ ဆိပ်ကမ်းတွေအကြောင်းတင် ပြောနေတာမဟုတ်ပါဘူး။ အမေရိကန် ပြည်သူတွေ စုဝေးရာနေရာတွေ အကြောင်းကိုပါ ထည့်သွင်းစဉ်းစားနေတာ ဖြစ်ပါတယ်" ဟု ဗိုလ်ချုပ်မတ်ရော့စ်က ပြောကြားခဲ့ကြောင်း သိရသည်။

Pentagon Issues Guidance on Passive Infrastructure Defenses Against Drone Threats ကို ဘာသာပြန်ဆိုထားပါသည်။

သြစတြေးလျှကုမ္ပဏီ EOS က လေဆာလက်နက်များ ထုတ်လုပ်၊ စမ်းသပ်၊ ပြုပြင်ရေးစက်ရုံကို စင်ကာပူနိုင်ငံ၌ ဖွင့်လှစ်ခဲ့

သြစတြေးလျှနိုင်ငံအခြေစိုက် Electro Optic Systems (EOS) ကုမ္ပဏီသည် အာရှနှင့်ဥရောပရှိ ဖောက်သည်နိုင်ငံများအတွက် စွမ်းအင်မြင့် လေဆာလက်နက်များ ထုတ်လုပ်၊ စမ်းသပ်ရန်နှင့် ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်က ဒေသတွင်းထုတ်လုပ်ရေးဗဟိုဌာန စက်ရုံကို စင်ကာပူနိုင်ငံ၏ နည်းပညာနှင့် စက်မှုဇုန်နယ်မြေ Ang Mo Kio ဒေသ၌ ဖွင့်လှစ်ခဲ့ကြောင်း Defence Blog သတင်းဌာနက ဖေဖော်ဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စင်ကာပူရှိ အဆိုပါ စက်ရုံသည် လေကြောင်းရန် ကာကွယ်ရေးတွင် အသုံးပြုမည့် လေဆာလက်နက်များ အပါအဝင် အဆင့်မြင့် တိုက်ရိုက်စွမ်းအင်သုံး လက်နက်စနစ်များကို ပေါင်းစပ်ထုတ်လုပ်ပေးမည့် EOS ကုမ္ပဏီ၏ အဓိကအချက်အချာဒေသ ဖြစ်လာမည်ဖြစ်သည်။ ဤစက်ရုံသည် လေဆာလက်နက်များ ထုတ်လုပ်မှုပမာဏကို တိုးမြှင့်နိုင်မည်ဖြစ်ပြီး ဒေသတွင်းရှိ ဖောက်သည်များ၏ လိုအပ်ချက်ကိုလည်း အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် EOS ကုမ္ပဏီသည် နယ်သာလန်နိုင်ငံအတွက် ကီလိုဝပ် ၁၀၀ အဆင့်ရှိ လေဆာလက်နက်များတင်ပို့ရန် အတည်ပြုထားသကဲ့သို့ တောင်ကိုရီးယားနိုင်ငံနှင့်လည်း အလားတူ လေဆာလက်နက်များ ထုတ်လုပ်ဖြည့်တင်းပေးရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။ စင်ကာပူနိုင်ငံရှိ ထုတ်လုပ်ရေးစက်ရုံသည် ဥရောပနှင့် အာရှဈေးကွက်သို့ လက်နက်များ ပံ့ပိုးပေးမည့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွန်ရက်၏ အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ကုမ္ပဏီက ထုတ်ပြန်ထားသည်။

EOS ကုမ္ပဏီ၏ အဆိုအရ ၎င်းတို့၏ လေဆာလက်နက်များသည် ဒုံးကျည်နှင့် အမြောက်စနစ်များကဲ့သို့ပင် လေကြောင်းရန်ကာကွယ်ရေး အဆောက်အအုံများတွင် ထိရောက်သော အားဖြည့်စနစ်တစ်ခု အဖြစ် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ အထူးသဖြင့် EOS ကုမ္ပဏီ ထုတ် Apollo အမည်ရှိ မြေပြင်အခြေစိုက် လေဆာစနစ်သည် ဒရုန်းများနှင့် အခြားဝေဟင်ပစ်မှတ်များကို တန်ပြန်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး ခဲယမ်းအကန့်အသတ်မရှိဘဲ ပစ်မှတ်အများအပြားကို တစ်ပြိုင်တည်း တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

"ဒရုန်းနည်းပညာတွေ ပိုမိုမြင့်မားလာပြီး အရေအတွက်အများအပြားနဲ့ တိုက်ခိုက်လာတဲ့အခါမှာ ခေတ်သစ်ကာကွယ်ရေးတပ်ဖွဲ့တွေအနေနဲ့ ဒီလိုရှုပ်ထွေးတဲ့ ခြိမ်းခြောက်မှုတွေကို နှိမ်နင်းနိုင်မဲ့ နည်းလမ်းသစ်တွေကို ရှာဖွေလာကြပါတယ်"ဟု EOS ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Andreas Schwer က ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းတို့၏ လေဆာလက်နက်များကို စစ်ဘက်တွင် အသုံးပြုနေသည့် ကွပ်ကဲမှုနှင့် အာရုံခံကွန်ရက်များအတွင်း အလွယ်တကူ ပေါင်းစပ်ထည့်သွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံသည် ကာကွယ်ရေးနည်းပညာဂေဟာစနစ် ခိုင်မာခြင်းနှင့် ဒေသတွင်း သယ်ယူပို့ဆောင်ရေးနှင့် ထုတ်လုပ်မှုဗဟိုချက် ဖြစ်ခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ခံရခြင်းဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံရှိ စက်ရုံသည် လေဆာနည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုဗဟိုချက်အဖြစ် လုပ်ဆောင်နိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ဒေသတွင်းထုတ်လုပ်မှုအပိုင်းထိ တိုးမြှင့်လုပ်ဆောင်သွားရန် အစီအစဉ်ရှိကြောင်း Andreas Schwer က ပြောကြားခဲ့သည်။

လက်ရှိတွင် ဥရောပနှင့် အာရှနိုင်ငံ အများအပြားသည် မကြာသေးမီက ဖြစ်ပွားခဲ့သော ပဋိပက္ခများတွင် ဒရုန်းနှင့် လေပေါ်ပျံဝဲ တိုက်ခိုက်နိုင်သည့် ကামီကာဇီ တိုက်ခိုက်ရေးဒရုန်း Loitering munitions များ၏ ခြိမ်းခြောက်မှုကို ကြုံတွေ့နေရသဖြင့် အခြေစိုက်စခန်းများ ကာကွယ်ရေးအတွက် ဤကဲ့သို့သော တိုက်ရိုက်စွမ်းအင်သုံး လက်နက်စနစ်များကို ပိုမိုစိတ်ဝင်စားလာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Australia's EOS opens Singapore hub to produce laser weapons ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

Acting President of the Republic of the Union of Myanmar and SSPC Chairman Senior General Min Aung Hlaing hosts dinner in honour of Myanmar delegation that represented the country at the International Court of Justice (ICJ) hearing

Senior General Min Aung Hlaing gives an honorary speech at the dinner hosted in honour of the Myanmar delegation that defended the case at the International Court of Justice (ICJ).

Nay Pyi Taw February 8

Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission, hosted a dinner this evening at the National Defence and Security Council Office Banquet Hall in honour of the Myanmar delegation that represented the country at the International Court of Justice (ICJ) hearing.

Also, present at the dinner were Commission Vice Chairma Vice-Senior General Soe Win, Commission member Prime Minister U Nyo Saw, Executive Chief U Aung Lin Dwe, Commission Secretary General Ye Win Oo, commission members, Union ministers, Union-level dignitaries, chief ministers of regions and states, senior military officers from the Office of the Commander-in-Chief, and officials from the Myanmar delegation which defended the case at the ICJ.

In his honorary speech, the Senior General said that he was especially delighted to have the opportunity to deliver remarks at the gala dinner being held. Just as the people across the entire country warmly welcomed, supported, and honoured the Myanmar delegation that went to appear and present oral arguments on behalf of Myanmar at the International Court of Justice during the final round of oral hearings in the case filed by The Gambia against Myanmar alleging genocide, led by Union Minister for the Ministry 2 of the President's Office U Ko Ko Hlaing and Union Minister for Legal Affairs and Union Attorney General Dr Thida Oo, the State also, on behalf of the nation, was honouring and welcoming the delegation through the hosting of this honorary dinner.

The Senior General noted that the case filed by The Gambia against Myanmar at the International Court of Justice in 2019 had lasted for more than six years, and that the merits stage of the proceedings was completed in January 2026. He explained that after his government assumed state responsibilities in February 2021 in accordance with the Constitution, it had continued to handle the case in line with its responsibilities under public international law, whereby a succeeding government generally inherits the actions and commitments undertaken by the previous government under the principle of state succession.

After the International Court of Justice began contacting them around mid-2021 regarding the continuation of the case, the government held thorough discussions among responsible officials on whether it should assume and continue handling the matter. Taking into account the prevailing international and domestic political circumstances at the time, a decision was made to continue taking responsibility for the case, and two representatives were selected and appointed to serve as the Agent and Alternate Agent in charge of the proceedings.

When reviewing the international and domestic political situation at that time, it was a period in which Myanmar was facing numerous pressures and challenges both at home and abroad. The United Nations and its subordinate bodies were hesitant to officially recognize the government, and Myanmar had lost its right to speak on the international stage, including at the United Nations General Assembly, due to the defection of its Permanent Representative. Similarly, it was also a time when Myanmar's government leaders were politically sidelined within ASEAN.

Domestically, it was also a time when the COVID-19 pandemic was spreading severely and widespread, intense unrest of an anarchic nature was occurring. In such circumstances, the government carefully assessed the potential outcomes, weighing both the benefits and risks, before deciding to assume and continue handling the case. The main reason for this decision was that, at the International Court of Justice, the proceedings could continue unilaterally even if Myanmar chose not to participate. In such a unilateral process, the Court would consider only one-sided information, which could lead to undesirable consequences. This, in turn, could leave Myanmar with an indelible stain on its national dignity throughout history and could give rise to further unwanted repercussions. Therefore, given the conditions at that time, that course of action was chosen as the best possible solution.

As Myanmar would have to face the proceedings step by step, a leading committee on litigation before the International Court of Justice was formed to ensure the best possible preparation, comprising multiple relevant ministries, including Foreign Affairs, Defence, Home Affairs, Legal Affairs, Immigration, and Social Welfare, Relief and Resettlement, and that coordinated efforts were undertaken accordingly.

For legal support, a team of senior domestic legal scholars and an advisory legal committee was formed to provide legal advice, while an international team of lawyers was also engaged to participate in the case. In addition, to ensure that historical information and evidence were obtained accurately and comprehensively, a foreign expert on Rakhine history was also hired to assist in the proceedings.

Because efforts were carried out systematically and in a coordinated, unified manner, sufficient time was available according to the originally planned strategy, and all preparations for the case were carried out thoroughly and firmly.

The Senior General stated that, during the final stage of the case—the oral hearings held at the International Court of Justice from 12 to 29 January—Myanmar's delegation was able to defend and present its case strongly and effectively due to thorough prior preparation. For this reason, he expressed that the State commends and honours the Myanmar delegation, led by the two Agents.

In truth, the case Myanmar faced at the International Court of Justice was not an accusation against any individual or group of people, but rather a case brought against the Republic of the Union of Myanmar. Therefore, as the entire nation including the country, its people, and the government was being accused in the proceedings, the case directly concerned the dignity of the State and of all its citizens, making it an issue of special significance for the country.

He stated that he wished to express the State's special gratitude to the Myanmar delegation and all relevant departments that provided support, as it was learned that the delegation was able to stand firm and present comprehensive legal and factual arguments in this case.

He noted that although this case represents a very significant challenge for Myanmar, it was observed that the country was able to turn this challenge into a benefit. He stated that among these benefits, the most important point is the evidence of national unity; as the saying goes, "Unity in times of crisis," the entire people of Myanmar stood united with the government, fully supporting and defending the country with patriotism against the unfair accusations in this case.

He stated that as another benefit, the country was able to present Myanmar's position on the international stage with solid evidence regarding a politically fabricated identity, which has been a root cause of the long-standing issues in northern Rakhine State.

Additionally, he noted that in terms of legal matters, international-level experience was gained from this case. He stated that it could be considered a silver lining, as the country acquired the knowledge and insight on how to best prepare should similar legal attacks against the nation occur in the future.

He stated that regardless of the intentions of the ICJ, a United Nations organ, the Myanmar delegation approached this case without distinguishing between major or minor issues, preparing systematically and acting with full strength and unwavering perseverance—akin to a lion hunting its prey. He noted that it was due to these efforts that such a status could be achieved. Therefore, he expressed special gratitude and honor to the two leaders and all members of the Myanmar delegation.

See Page 13

Opening ceremony of 2026 79th Anniversary Union Day Commemorative Union-level MSME Product Fair and Market Festival held, attended by Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing

Senior General Min Aung Hlaing observes MSME products at an exhibition booth.

Senior General Min Aung Hlaing observes foodstuffs produced by MSMEs at an exhibition booth.

Nay Pyi Taw February 8

The opening ceremony of 2026 79th Anniversary Union Day Commemorative Union-level MSME Product Fair and Market Festival took place at Nay Pyi Taw Square this morning, attended by Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing, who formally opened it.

Also present on the occasion together with the Senior General were Vice Chairman of SSPC Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC Secretary General Ye Win Oo, SSPC members, union ministers, union level dignitaries, region/state chief ministers, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, MSME agency chairs from regions and states, Nay Pyi Taw Council members, heads of department, officials of organizations and exhibitions, ethnic cultural dance troupes, honoured guests and local people.

The Senior General and party arrived at the venue and were warmly welcomed by officials. SSPC Vice Chairman Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, Union Ministers, Dr Kan Zaw, U Hla Moe, Dr Charlie Than, U Chit Swe, and Nay Pyi Taw Council Chair U Than Tun Oo formally opened the fair and the festival.

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing then formally unveiled the decorated archway of the fair and festival.

The Senior General and attendees enjoyed the dances of ethnic cultural troupes staged to the accompaniment of the song "Towards the industrial products fair" honouring the fair and the festival.

The Senior General and attendees looked around the booths of union ministries and region/state booths that displayed local products and sales rooms of the fair and festival with keen interest. They also asked for more information from the exhibition officials.

The 2026 79th Anniversary Commemorative Union-level MSME Product Fair and Market Festival is held with the aim of improving socioeconomic life of citizens, manufacturing value-added goods based on agricultural raw materials, supporting and promoting the local economy by encouraging domestic production, reducing imports and producing import-substitute goods, developing local businesses and generating job opportunities, providing support and encouragement for the success of one region on product (OROP) programs, establishing closer connections between MSMEs and local/foreign investors. Apart from economic progress, the fair and the festival will generate benefits, which are, closer relations, unity and mutual assistance between entrepreneurs from different places, while enabling entrepreneurs to conduct cultural exchanges, knowledge sharing, establish strong market links, and set up connections with foreign markets through value adding of local goods.

The union-level fair and festival has over 120 booths including ministry booths, booths displaying MSME products of regions and states and Nay Pyi Taw, shops selling ethnic foods, business matching rooms, technological booths, farm machinery booths, booths of cottage industries and cooperatives, booths of associations and organizations, booths exhibiting solar farms, and SKD electric cars, motorcycles and tricycles, garment product booths, company booths. The fair and the festival goes on till 13 February and it will host entertainment programs staged by well-known artistes. It is open to all. 100

From Page 12

He urged that regardless of the challenges faced in the current landscape of international power politics, where small nations must stand on their own self-reliance, the State and its citizens must work together. He stated that it must be taken as a national duty to protect the vital interests of the country—the non-disintegration of the Union, the non-disintegration of national solidarity, and Perpetuation of sovereignty—by remaining as united as they were in this current event.

Afterward, Union Minister for the Ministry of the State Administration Council Office (2) U Ko Ko Hlaing, as the leader of the Myanmar delegation that traveled to the International Court of Justice (ICJ), provided a brief on the proceedings. He noted that the Myanmar delegation had conducted systematic preparations, including collecting necessary data and ensuring that facts and historical records were comprehensive. He stated that a legal advisory team consisting of veteran local legal experts was formed to obtain legal counsel, and an international legal team along with a historical expert was hired to represent the case. He added that these efforts were carried out with unity and systematic diligence, complemented by the guidance and support of the Head of State. Furthermore, he expressed deep gratitude for the warm welcome and the honorary dinner hosted for the delegation members.

Afterward, it is reported that the Senior General and the attendees had the honorary dinner together. 100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Security forces recapture Banmauk from KIA and NUG-linked PDF terrorist groups

Security forces have regained control of Banmauk town, which had been temporarily occupied by insurgent terrorists.

Scene showing extensive environmental damage caused by excessive extraction and use of above-ground and underground natural resources in the Banmauk area by terrorist insurgent allied groups.

Documentary photo of security forces retaking Banmauk Township Hospital and Basic Education Middle School (Banmauk), along with bodies, weapons, and ammunition seized from the enemy.

Documentary photos of Aggarama Monastery and Basic Education Primary School (Aung Thar Kone) seized during area clearance operations in Banmauk by security forces.

Nay Pyi Taw February 8

On September 20, 2025, the KIA and NUG-linked PDF insurgent groups launched a large-scale attack on security personnel responsible for maintaining stability in Banmauk. During the period of their control, they carried out various acts including the forced arrest of local residents who did not support them, forced recruitment, arson attacks on civilian homes and public buildings, looting of property, and actions that disrupted local administration. These incidents were previously reported on October 27, 2025.

Local residents were forced to flee their homes and seek shelter in temporary displacement camps due to the destruction of houses and insecurity in the area. It was also reported that excessive extraction and use of natural resources in and around Banmauk during this period caused significant environmental damage.

Security forces began clearance operations on September 24, 2025, advancing in columns to regain territorial control. They first secured villages and key locations temporarily held by the groups, including Pin Hin Khar, Shwe Kyaung, Kho Pyin, Naung Thar Yar, Tower Hill, Khamoe, and areas around Phyu Taung. On October 26, they gained control of strategically important positions about 2,000 meters west and northwest of Banmauk.

After making necessary preparations, security forces continued step-by-step clearance operations to fully regain the town. The insurgent groups had fortified religious buildings, schools, hospitals, government offices, residential buildings, hotels, and high-rise structures with sandbag bunkers and carried out attacks from these positions. They were also using local residents as human shields. As a result, security forces proceeded cautiously in accordance with Rules of Engagement (ROE) to minimize damage to buildings. The operation lasted more than four months, and full control of Banmauk was re-established on February 8.

During the operation, 69 clashes of varying intensity reportedly occurred. Some security personnel were killed or injured. Security forces seized 27 assorted weapons, ammunition, grenades, the bodies of terrorist insurgents, and explosive-related materials used in the attacks.

Security forces are now planning rehabilitation efforts in Banmauk, including clearing debris, repairing damaged schools and hospitals, conducting mine clearance, and assisting displaced residents to return to their homes as quickly as possible in cooperation with local communities. 100

Documentary photo showing terrorist insurgents fortifying defensive positions at the Royal Shwe Pyi Taw Hotel in Banmauk and inside the hotel.

Documentary photo showing terrorist insurgents preparing defensive positions inside the Border Area Ethnic Youth Development Training School.

Documentary photo of bodies and weapons seized by security forces from terrorist insurgents.

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၄၉၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စစ်ကိုင်း ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၆၉၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၄၁၃ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၆၉၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၂၈၄၁၃ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၂၆၉၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ကုလားပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုမြင့်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ငရုတ်သီးစိမ်း ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ တစ်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၈၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးစိမ်း ပိဿာချိန် ၇၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငရုတ်သီးစိမ်းတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ညောင်တုန်းမြို့နယ်ကထွက်တဲ့ ငရုတ်သီးစိမ်းတွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးစိမ်းက အရည်အသွေးကောင်းတော့ မှာယူတာ

တွေ များနေပါတယ်။ ဒေသထွက် ငရုတ်သီးစိမ်းက ရက်ရှည်အထား ခံပြီး တစ်ဆင့်ပြန်လည် ရောင်းချရာမှာ အဆင်ပြေပါတယ်'' ဟု ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုမြင့်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါ ငရုတ်သီးစိမ်းများတင်ပို့ရောင်းချအား တက်လာခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ပေါက်ခေါင်းမြို့နယ် ကျွန်းပင်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပေါက်ခေါင်း ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျွန်းပင်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြင့်ဝင်းနှင့် ဝန်ထမ်းများက ကျွန်းပင်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့များနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ချေးငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စီမံကိန်းဆိုင်ရာ လုပ်ငန်းများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွန်းပင်စမ်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကျပ် ၅၁ သန်းထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သုတ

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံဓေတ်မီဖွဲ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နင့်အား မှုတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

ပျဉ်းမနားမြို့နယ် ငကောင်းကံကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငကောင်းကံကျေးရွာအုပ်စု ငကောင်းကံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဖေဖော်ဝါရီ ၇ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ငကောင်းကံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ စီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်တာဝန်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ချိုသန်းညွန့်

ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ဂျနီလာ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

ရေးဖိုးမှအဆက်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME အေဂျင်စီဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များနှင့်ပြခန်းတာဝန်ခံများ၊ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်နေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ၂၀၂၆ ခုနှစ် ဂျနီလာ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားကို ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစော၊ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ဒေါက်တာချာလီသန်း၊ဦးချစ်ဆွေနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ၂၀၂၆ ခုနှစ် ဂျနီလာ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် ဂျနီလာ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "စက်မှုကုန်စည်ပြပွဲဆီ"သီချင်းနှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် ဂျနီလာ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဌ ပါဝင်ခင်းကျင်းပြသထားသည့် ပြည်ထောင်စုဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသထွက်ကုန်ပစ္စည်းများပြခန်းနှင့် အရောင်းပြခန်းများ၊ MSME လုပ်ငန်းရှင်များ၏ MSME ထုတ်ကုန်ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် ရင်းရင်းနှီးနှီးလိုက်လံကြည့်ရှုလေ့လာခဲ့ကြပြီး ပြခန်းတာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ ၂၀၂၆ ခုနှစ် ဂျနီလာ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSMEများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကို အခြေခံ၍ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များကို လျှော့ချရေးနှင့် သွင်းကုန်အစားထိုးထုတ်လုပ်လာစေနိုင်ရန်၊ပြည်တွင်းစီးပွားရေးကောင်းမွန်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းပေါများလာစေရန်၊ ဒေသအလိုက် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အစီအစဉ်များ အောင်မြင်ရေးအတွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ရှိ ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များဖြစ်ကြသည့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ဓနုတိုင်းရင်းသားရေးရာအဖွဲ့၊ တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်း၊ ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအသင်း၊ ကချင်စာပေနှင့် ယဉ်ကျေးမှုအသင်း၊ ထနေ့စာပေနှင့် ယဉ်ကျေးမှုအသင်း၊ လီဆူစာပေနှင့်ယဉ်ကျေးမှုအသင်း၊ ယင်းကြားစာပေနှင့်ယဉ်ကျေးမှုအသင်း၊ ယင်းနက်စာပေနှင့် ယဉ်ကျေးမှုအသင်းတို့မှ တာဝန်ရှိသူများကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက တိုင်းရင်းသားရေးရာယဉ်ကျေးမှုနှင့် စာပေဆောင်ရွက်နေမှုအခြေအနေ၊ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတွင် တိုင်းရင်းသားပေါင်းစုံရောယှက်လျက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင်နေထိုင်လျက်ရှိရာ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားပေါင်းစုံစည်းလုံးညီညွတ်စွာပေါင်းစည်း၍ အတူယှဉ်တွဲနေထိုင်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားတစ်မျိုးစီ၏ စာပေနှင့်ယဉ်ကျေးမှုသည် အခြားတိုင်းရင်းသားများ၏ယဉ်ကျေးမှုဓလေ့စရိုက်များ ထိခိုက်မှုမရှိစေရေး ဂရုစိုက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များသည် အခြေခံကျသောအဖွဲ့များဖြစ်၍ စာပေယဉ်ကျေးမှုဘာသာစကားတို့ကို အပြန်အလှန် လေးစားကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအတိုင်း နိုင်ငံတော်ကိုဗဟိုပြု၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ချီးမြှင့်ငွေများပေးအပ်ပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံးသို့ရောက်ရှိရာ ပြည်နယ်ဦးစီးမှူး၏ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများပေးအပ်ကာ ရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမို ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှုသက်သက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်းချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဗဟုသုတများဖလှယ်ရရှိမှု၊ စျေးကွက်ချိတ်ဆက်နိုင်မှု၊ ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပစျေးကွက်သို့ချိတ်ဆက်နိုင်မည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း။

ယခု ၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် စျေးရောင်းပွဲတော်တွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသား ရိုးရာအစားအစာရောင်းချသည့်ဆိုင်ခန်းများ၊ လုပ်ငန်း၊ စီးပွားချိတ်ဆက်မှုများ(Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေးလျှပ်စစ်သုံး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ အထည်ချုပ်ပြခန်းများ၊ ကုမ္ပဏီပြခန်းများ အပါအဝင် စုစုပေါင်းပြခန်းပေါင်း ၁၂၀ ကျော်ကို ပြသရောင်းချလျက်ရှိကြောင်းနှင့် ထုတ်ကုန်ပြပွဲနှင့် စျေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၃ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး စျေးရောင်းပွဲတော်ကာလအတွင်း နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် လွတ်လပ်စွာ လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြည်ထောင်စုဝန်ကြီးဌာနပြခန်းများ၊တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသထွက်ကုန်ပစ္စည်းများပြခန်းနှင့် အရောင်းပြခန်းများ၊ MSME လုပ်ငန်းရှင်များ၏ MSME ထုတ်ကုန်ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာစဉ်။

အင်းလေးကန်ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သာယာလှပစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် ကလောခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန်ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သာယာလှပစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အင်းလေးကန်မတိမ်ကောစေရန်နှင့် သဘာဝဝန်းကျင်ဂေဟစနစ်မပျက်သုဉ်းစေရန် ကန်ရေပြင်ကျယ်အတွင်းနှင့်စက်လှေရေလမ်းကြောင်းတစ်လျှောက် ဗေဒါများ၊ ကျွန်းမျောဟောင်းများ ဆယ်ယူရေးဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အင်းလေးကန်အစဉ်သာယာလှပစိမ်းလန်းစိုပြည်နေစေရေးဆောင်ရွက်ရန် လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးမှာကြားပြီး လုပ်ငန်းများအားလုံးပွင့်လင်းရာသီအတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရေးစီမံပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်းလေးကန်၏ မြောက်ဘက်မှ တစ်နှစ်ပတ်လုံးစီးဝင်လျက်ရှိသည့်နမ့်လတ်ချောင်းအား အုတ်ဖိုရွာအနီးတွင် ကျောက်စီရေလွှဲဆည်တည်ဆောက်ရေလွှဲယူ၍ နုန်းစစ်အနည်ထိုင်စေခြင်းဖြင့် အင်းလေးကန်အတွင်း နုန်းများတိုက်ရိုက်ဝင်ရောက်မှုမှ ကာကွယ်ရန်တည်ဆောက်ထားသည့် နဒီကန်နှင့် သာစည်ကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆယ်ယူရရှိသောနုန်းများကို တောင်သူများ၏ စိုက်ပျိုးမြေများတွင် ပြန်လည်အသုံးချဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများကို အသေးစိတ်ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟဲဟိုးမြို့ ညောင်ခါးရှည်ရွာရှိ ဟဲဟိုးအာလူးထုတ်လုပ်သူအသင်း၏ မျိုးအာလူးအအေးခန်းသိုလှောင်ရုံ၌ အာလူးစိုက်တောင်သူများ၊အာလူးမျိုးထုတ်လုပ်သူလုပ်ငန်းရှင်များ တွေ့ဆုံ၍ အာလူးမျိုးထုတ်လုပ်မှုလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနကထုတ်လုပ်နိုင်သည့်အနေအထားနှင့် ထပ်မံလိုအပ်သော မျိုးအာလူးပမာဏအတွက် အာလူးမျိုးထုတ်လုပ်ခြင်းကို တောင်သူများကိုယ်တိုင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် နည်းပညာလိုအပ်သည့် အကူအညီများကို ဌာနပညာရှင်များက ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မြေယာအသုံးပြုရာတွင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို တိတိကျကျလိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး အာလူးစိုက်တောင်သူများ၊ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ဒေသခံတောင်သူများ စိုက်ပျိုးထားသော အာလူးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ တာယောစိုက်ပျိုးရေးသုတေသနခြံ၊ စိုက်ပျိုးရေးဦးစီးဌာန၏ တာယောမျိုးသန့်ခြံနှင့် ထုံးဖိုစိုက်ပျိုးရေးသုတေသနခြံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန တာယောစိုက်ပျိုးရေးသုတေသနခြံသို့ရောက်ရှိပြီး ပဲပုပ်နှင့် နေကြာသုတေသနပြုစိုက်ကွင်းကို ကြည့်ရှုစစ်ဆေး၍ စိုက်ခင်းအတွင်း မိုးရာသီရေကြီးရေလျှံမဖြစ်ပွားစေရေးအတွက် ရေကာတမံတည်ဆောက်မည့်အစီအမံနှင့် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်နေမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန တာယောမျိုးသန့်ခြံသို့ ရောက်ရှိပြီး စိုက်ကွင်းအတွင်း ဆိုလာရေတင်စနစ်ဖြင့် ရေတင်ဆောင်ရွက်နိုင်မှုနှင့် နေကြာမျိုးစေ့ထုတ်ရန် မြေပြုပြင်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ ခြံစည်းရိုးပတ်လည်တစ်လျှောက် အရိပ်ရ မန်ကျည်းပင်များစိုက်ပျိုးရေး၊ ခြံအတွင်း နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထုံးဖိုစိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိရာ သစ်ခွနှင့် သဇင်ပန်းဥများကို တစ်သျှူးကာချာ(Tissue culture)နည်းဖြင့် မျိုးမွေးမြူသုတေသနပြု ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှုကိုကြည့်ရှု၍ လိုအပ်သည်များ မှာကြားပြီး ခြံအတွင်းဆောင်ရွက်လျက်ရှိသော ကြက်သွန်နီမျိုးစေ့ထုတ် စိုက်ပျိုးခြင်း လုပ်ငန်းနှင့် နှစ်ရှည်ပင်စိုက်ပျိုးသုတေသနပြုရန်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မည်သို့ပင်ဖြစ်စေ နိုင်ငံငယ်များအနေဖြင့် ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်နေကြရသည့် မျက်မှောက်ခေတ်အင်အား နိုင်ငံရေး နိုင်ငံတကာအခင်းအကျင်းတွင် မည်ကဲ့သို့စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ရသည်ဖြစ်စေ မိမိတို့နိုင်ငံ၏ အသက်တမျှအရေးပါသည့် အကျိုးစီးပွားများဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားပြည်သူလူထုတို့အကြား ယခုဖြစ်စဉ်မှာကဲ့သို့ပင် အတူတကွ စည်းလုံးညီညွတ်စွာ လက်တွဲစောင့်ရှောက်ကာကွယ်သွားကြရေး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းကို တိုက်တွန်းပြောကြားလို . . .

☆ ကျောဖုံးမှအဆက်

အမှုဆောင်ချုပ် ဦးအောင်လင်းဌေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် ဂုဏ်ပြုညစာစားပွဲတွင် အမှာစကား ပြောကြားခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်မိကြောင်းကို ဦးစွာပြောကြားလိုကြောင်း၊ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် လူမျိုးသုဉ်းစေမှု (Genocide)ဖြင့် စွဲဆိုထားသည့်အမှုကို နောက်ဆုံးအပြန်အလှန် နှုတ်ဖြင့်လျှောက်လဲချက်ကြားနာစစ်ဆေးမှု (Oral Hearing) ၌ မြန်မာနိုင်ငံဘက်မှ သွားရောက်ရင်ဆိုင်လျှောက်လဲခဲ့ကြသည့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူလူထုက သောင်းသောင်းဖြဖြ ထောက်ခံအားပေး ဂုဏ်ပြုကြိုဆိုခဲ့ကြသည့်နည်းတူ နိုင်ငံတော်အစိုးရကလည်း နိုင်ငံတော်ကိုကိုယ်စားပြုပြီး ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲဖြင့် ဂုဏ်ပြုကြိုဆိုခြင်းပင်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် ဂမ်ဘီယာနိုင်ငံက ၂၀၁၉ ခုနှစ်တွင် စတင်စွဲဆိုခဲ့သည့် ယင်းအမှုသည် ခြောက်နှစ်ကျော်ကြာမြင့်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ၌ အမှုကြားနာစစ်ဆေးသည့် Merit အဆင့် ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူခဲ့ပြီးနောက် အမှုကိစ္စနှင့်ပတ်သက်၍ အစိုးရများနှင့်သက်ဆိုင်သည့် နိုင်ငံတကာဥပဒေ (Public International Law)အရ ရှေ့ကအစိုးရ၏ လုပ်ဆောင်ခဲ့သည့်လုပ်ငန်းနှင့် ကတိကဝတ်များကို ယေဘုယျအားဖြင့် ဆက်ခံရမည့် Succession of State တာဝန်ရှိမှုနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ ဆက်ခံဆောင်ရွက်နိုင်ရေး အပြည်ပြည်ဆိုင်ရာတရားရုံးက ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် စတင်ဆက်သွယ်လာခဲ့ပြီးသည့်နောက် မိမိတို့အစိုးရအနေဖြင့် ယင်းအမှုကို ဆက်ခံဆောင်ရွက်သင့်၊မသင့် တာဝန်ရှိသူများအကြား အကျေအလည်ဆွေးနွေးခဲ့ကြပြီးနောက် ထိုအချိန်တွင်ဖြစ်ပေါ်နေသည့် နိုင်ငံတကာနှင့် ပြည်တွင်းနိုင်ငံရေးအခြေအနေများအရ ယင်းအမှုကိုဆက်လက်ပြီး တာဝန်ယူဆောင်ရွက်သင့်သည်ဟု ဆုံးဖြတ်ခဲ့ပြီး တာဝန်ခံဆောင်ရွက်မည့် Agent နှင့် Alternate Agent ကိုယ်စားလှယ်နှစ်ဦးကို ရွေးချယ်ခန့်အပ်တာဝန်ပေးခဲ့ကြောင်း။

အဆိုပါကာလက နိုင်ငံတကာနှင့် ပြည်တွင်းနိုင်ငံရေး အခြေအနေကို ပြန်ပြောင်းလေ့လာမည်ဆိုပါက မြန်မာနိုင်ငံအတွက် ပြည်တွင်း၊ပြည်ပဖိအားများနှင့် စိန်ခေါ်မှုများ များပြားနေခဲ့သည့်အချိန်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်အောက်ခံအဖွဲ့အစည်းများတွင် မိမိတို့အစိုးရကို တရားဝင်အသိအမှတ်ပြုရန် တွန့်ဆုတ်နေခဲ့ကြပြီး ကုလသမဂ္ဂ အထွေထွေညီလာခံ၌ပါ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အနေဖြင့် သစ္စာဖောက်ဘက်ပြောင်းသွားသည့်အတွက် နိုင်ငံတကာစင်မြင့်၌ ပြောရေးဆိုခွင့်ဆုံးရှုံးနေရသည့်အချိန်ဖြစ်ကြောင်း၊ အလားတူ အာဆီယံတွင်လည်း မြန်မာအစိုးရ ခေါင်းဆောင်များကို နိုင်ငံရေးအရ ဘေးဖယ်ထားခြင်းခံရသည့် အချိန်လည်းဖြစ်ကြောင်း။

ပြည်တွင်း၌လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ပြင်းထန်ပျံ့နှံ့နေသကဲ့သို့ မင်းမဲ့စရိုက်ဆန်သည့် ဆူပူမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြင်းထန်နေခဲ့သည့် အချိန်လည်းဖြစ်ကြောင်း၊ ထိုကဲ့သို့အချိန်ကာလတွင် ယင်းအမှုကိုဆက်ခံပြီး ဆောင်ရွက်ပါက ဖြစ်လာနိုင်သည့် အလားအလာကို အကောင်းအဆိုး၊အကျိုးအပြစ်များကို လေ့လာချိန်ဆပြီးမှ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ဆုံးဖြတ်ရသည့် အဓိကအကြောင်းရင်းမှာ အပြည်ပြည်ဆိုင်ရာတရားရုံးအနေဖြင့် မြန်မာဘက်ကဆက်ခံဆောင်ရွက်သည်ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ အမှုကိစ္စကို တရားပြိုင်ဘက်က မပါဝင်ဘဲလည်း တစ်ဖက်သတ်စစ်ဆေးသွားနိုင်ပါကြောင်း၊ ထိုကဲ့သို့ တစ်ဖက်သတ်စစ်ဆေးခဲ့ပါက တစ်ဖက်သတ်အချက်အလက်များကိုသာ ရယူစစ်ဆေးမည်ဖြစ်၍ မလိုလားအပ်သည်များ ဖြစ်လာနိုင်ကြောင်း၊ ထိုသို့ဆိုပါက မြန်မာနိုင်ငံအနေဖြင့် သမိုင်းတစ်လျှောက် ဖျောက်မရသည့် ဂုဏ်သိက္ခာအမည်းစက်ကြီး စွန်းထင်းသွားမည်ဖြစ်သကဲ့သို့ နောက်ဆက်တွဲအနေဖြင့် အခြားမလိုလားအပ်သည့်ကိစ္စများ ဆက်လက်တွဲပါလာနိုင်ကြောင်း၊ ထို့ကြောင့် ယင်းအချိန်ကာလ အခြေအနေများအရ အကောင်းဆုံးဖြေရှင်းချက်အဖြစ် အဆိုပါနည်းလမ်းကို ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း မိမိတို့ဘက်ကအဆင့်ဆင့် တရားရင်ဆိုင်ရတော့မည်ဆိုပါက အကောင်းဆုံးပြင်ဆင်နိုင်ရေးအတွက် နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေး၊ ဥပဒေရေးရာ၊ လူဝင်မှုကြီးကြပ်ရေး၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် တရားရင်ဆိုင်ရေးဆိုင်ရာ ဦးဆောင်ကော်မတီကို ဖွဲ့စည်းပြီး ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ခဲ့ကြောင်း။

ဥပဒေ အထောက်အကူပြုအနေဖြင့်လည်း ပြည်တွင်းက ဝါရင့်ဥပဒေပညာရှင်ကြီးများနှင့် ဥပဒေအကြံပေးအဖွဲ့တစ်ဖွဲ့ဖွဲ့စည်းပြီး ဥပဒေပိုင်းဆိုင်ရာ အကြံဉာဏ်များရယူခဲ့သကဲ့သို့ နိုင်ငံတကာရှေ့နေအဖွဲ့ကိုလည်း ယင်းအမှုတွင် လိုက်ပါဆောင်ရွက်ရန် ဌားရမ်းဖွဲ့စည်းခဲ့ရကြောင်း၊ ထို့ပြင် သမိုင်းကြောင်း အချက်အလက်များ ပြည့်စုံမှန်ကန်စွာရရှိနိုင်ရေးအတွက် ရခိုင်သမိုင်းဆိုင်ရာ ပြည်ပကျွမ်းကျင်ပညာရှင်တစ်ဦးကိုပါ ဌားရမ်း၍ ဆောင်ရွက်ခဲ့ပါကြောင်း။

ထိုကဲ့သို့ စနစ်တကျဖြင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် မူလချမှတ်ထားသည့် မဟာဗျူဟာအတိုင်း အချိန်အလုံအလောက်ရရှိခဲ့ပြီး အမှုအတွက် ပြင်ဆင်မှုလုပ်ငန်းများကိုလည်း ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာ လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယင်းအမှု စစ်ဆေးကြားနာမှု၏ နောက်ဆုံးအဆင့်ဖြစ်သည့် နှုတ်ဖြင့် စစ်ဆေးကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ကျင်းပခဲ့ရာတွင် မိမိတို့ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ပြည့်စုံသည့်ကြိုတင်ပြင်ဆင်မှုများရှိခဲ့သောကြောင့် ခိုင်မာအားကောင်းစွာ ကာကွယ်ချေပလျှောက်လဲနိုင်ခဲ့သည်ကိုတွေ့ရပါကြောင်း၊ ထို့အတွက်လည်း မိမိတို့၏အေးဂျင့်နှစ်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်အနေဖြင့် ချီးကျူးဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း။

အမှန်ဆိုပါက အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံက ရင်ဆိုင်ဖြေရှင်းခဲ့ရသည့် ယခုအမှုသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် တစ်သင်းတစ်ဖွဲ့ကို စွဲဆိုခြင်းမဟုတ်ဘဲ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို စွဲဆိုခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၊ ပြည်သူလူထုနှင့် နိုင်ငံအစိုးရတို့အပါအဝင် တစ်နိုင်ငံလုံးကို တရားပြိုင်အဖြစ် စွဲဆိုခြင်းဖြစ်သဖြင့် နိုင်ငံ၏ ဂုဏ်သိက္ခာ၊ ပြည်သူလူထုတစ်ရပ်လုံး၏ဂုဏ်သိက္ခာနှင့် တိုက်ရိုက်ပတ်သက်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံအတွက် အထူးအရေးပါသည့် ကိစ္စတစ်ရပ်လည်းဖြစ်ကြောင်း။

ယခုအမှုတွင် မြန်မာကိုယ်စားလှယ်

အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

အဖွဲ့အနေဖြင့် ဥပဒေကြောင်းဆိုင်ရာအရလည်းကောင်း၊ အချက်အလက်ပိုင်းဆိုင်ရာအရလည်းကောင်း၊ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာ ရပ်တည်ချေပလျှောက်လဲနိုင်ခဲ့ကြောင်း သိရှိရသည့်အတွက်လည်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တကွ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် သက်ဆိုင်ရာဌာနအားလုံးကို နိုင်ငံတော်အနေဖြင့် အထူးပင်ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

ယင်းအမှုကိစ္စသည် မြန်မာနိုင်ငံအတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သော်လည်း ယင်းစိန်ခေါ်မှုမှ မြန်မာနိုင်ငံအနေဖြင့် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ယင်းအကျိုးအမြတ်များ အနက် အရေးအကြီးဆုံးအချက်တစ်ရပ်မှာ **"အရေးကြီးပြီ သွေးစည်းကြစို့"** ဟူသည့် အတိုင်း မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲခံရသည့် ယခုအမှုအပေါ် မြန်မာပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့် အတူ စည်းစည်းလုံးလုံးလက်တွဲပြီး နိုင်ငံချစ်စိတ်နှင့် ကိုယ့်နိုင်ငံဘက်က အပြည့်အဝထောက်ခံရပ်တည်ခဲ့ကြသည့် အတွက် အမျိုးသားစည်းလုံးညီညွတ်မှု၏ သာဓကတစ်ရပ်ရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း။

နောက်ထပ်အကျိုးအမြတ်တစ်ခုအနေဖြင့် နှစ်ပေါင်းများစွာရှိနေခဲ့သည့် ရခိုင်ပြည်နယ်မြောက်ပိုင်းပြဿနာ၏ အရင်းအမြစ်တစ်ခုဖြစ်သည့် နိုင်ငံရေးအရ လုပ်ကြံဖန်တီးထားသည့် အမည်အမှတ်သရုပ်လက္ခဏာတစ်ရပ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို နိုင်ငံတကာစင်မြင့်တွင် အထောက်အထား အခိုင်အမာဖြင့် တင်ပြခွင့်ရခဲ့ခြင်းပင်ဖြစ်ကြောင်း။

ထို့ပြင် ဥပဒေပိုင်းဆိုင်ရာတွင်လည်း ယင်းအမှုမှ နိုင်ငံတကာအဆင့် အတွေ့အကြုံများရရှိခဲ့ပြီး မိမိနိုင်ငံအတွက် ဥပဒေကြောင်းအရ အလားတူ ထိုးနှက်တိုက်ခိုက်လာခြင်းမျိုး ထပ်မံရှိလာပါက မည်ကဲ့သို့အကောင်းဆုံးပြင်ဆင်သွားမည်ဟူသည့် အသိအမြင်ဗဟုသုတများရရှိနိုင်ခဲ့သည်မှာလည်း အဆိုးထဲက အမြတ်တစ်ခုဟု ဆိုရမည်ဖြစ်ကြောင်း။

ကုလသမဂ္ဂ၏ လက်အောက်ခံအဖွဲ့အစည်းဖြစ်သည့် ICJ အနေဖြင့် မည်ကဲ့သို့သော ရည်ရွယ်ချက်ရှိသည်ဖြစ်စေ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ယခုအမှုကိစ္စနှင့်ပတ်သက်၍ ကိစ္စကြီးငယ်မခွဲခြားဘဲ မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် (ခြေသော့်က သားကောင်ကို လိုက်သည့် ဥပမာကဲ့သို့) စနစ်တကျပြင်ဆင်၍ အင်ပြည့်အားပြည့်ဖြင့် ဆောင်ရွက်ခဲ့သည့်အတွက်ကြောင့် ယခုကဲ့သို့ အခြေအနေမျိုးထိရောက်လာနိုင်ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နှစ်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် **စာမျက်နှာ ၁၉ သို့**

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၃၃ / ၂၀၂၆)
၁၃၈၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်)

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၁ အရ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	ပြန်တမ်းဝင်အမှတ်	အဆင့်	အမည်
(၁)	ကြည်း ၂၅၈၁၄	ဗိုလ်ချုပ်	ကျော်သူရအေး
(၂)	ကြည်း ၂၀၇၇၅	ဗိုလ်မှူးချုပ်	လှမျိုး
(၃)	ကြည်း ၂၀၈၃၄	ဗိုလ်မှူးချုပ်	ဝင်းကိုကို
(၄)	ကြည်း ၂၃၇၅၀	ဗိုလ်မှူးချုပ်	အောင်အောင်
(၅)	ကြည်း ၂၆၁၁၄	ဗိုလ်မှူးချုပ်	ထွန်းထွန်းနိုင်
(၆)	ကြည်း ၂၆၈၈၄	ဗိုလ်မှူးချုပ်	သန်းထွန်းအောင်
(၇)	လေ ၁၉၆၂	ဗိုလ်မှူးချုပ်	မြင့်သောင်း
(၈)	ကြည်း ၂၃၉၂၃	ဗိုလ်မှူးကြီး	စိုးမိုးကျော်
(၉)	ကြည်း ၂၃၉၆၃	ဗိုလ်မှူးကြီး	အောင်အောင်ဟိန်း
(၁၀)	ကြည်း ၂၅၀၇၇	ဗိုလ်မှူးကြီး	စိုးမြင့်အောင်
(၁၁)	ကြည်း ၂၅၇၂၈	ဗိုလ်မှူးကြီး	သက်ပိုင်
(၁၂)	ကြည်း ၂၅၇၈၀	ဗိုလ်မှူးကြီး	တင်အောင်မြင့်
(၁၃)	ကြည်း ၂၅၈၆၃	ဗိုလ်မှူးကြီး	လှိုင်ဝင်း
(၁၄)	ကြည်း ၂၆၁၈၁	ဗိုလ်မှူးကြီး	ဆန်းသွင်
(၁၅)	ကြည်း ၂၆၇၆၃	ဗိုလ်မှူးကြီး	ညီညီတင်
(၁၆)	ကြည်း ၂၆၇၇၁	ဗိုလ်မှူးကြီး	စိုးရွှေ
(၁၇)	ကြည်း ၂၆၇၇၆	ဗိုလ်မှူးကြီး	သက်ဇင်ထွန်း
(၁၈)	ကြည်း ၂၆၇၉၃	ဗိုလ်မှူးကြီး	ဖြိုးမင်းဝင်း
(၁၉)	ကြည်း ၂၆၈၃၄	ဗိုလ်မှူးကြီး	မင်းဇော်
(၂၀)	ကြည်း ၂၆၈၈၆	ဗိုလ်မှူးကြီး	ဇော်မင်းထက်
(၂၁)	ကြည်း ၂၇၅၅၈	ဗိုလ်မှူးကြီး	ခင်ဇော်
(၂၂)	ကြည်း ၂၈၁၉၅	ဗိုလ်မှူးကြီး	မျိုးထွန်ဝင်း
(၂၃)	ကြည်း ၂၃၉၁၁	ဗိုလ်မှူးကြီး	အောင်သိန်းလွင်
(၂၄)	ကြည်း ၂၇၃၅၆	ဒုတိယဗိုလ်မှူးကြီး	ဝင်းသိန်း
(၂၅)	ကြည်း ၂၇၃၇၀	ဒုတိယဗိုလ်မှူးကြီး	မောင်မောင်စိုး
(၂၆)	ကြည်း ၂၉၃၇၂	ဒုတိယဗိုလ်မှူးကြီး	ဝင်းမြင့်ထွန်း
(၂၇)	ကြည်း ၃၂၈၄၅	ဒုတိယဗိုလ်မှူးကြီး	သန့်ဇင်ထွန်း
(၂၈)	ကြည်း ၃၃၅၁၈	ဒုတိယဗိုလ်မှူးကြီး	မျိုးမောင်သိန်း
(၂၉)	ကြည်း ၂၃၀၄၈	ဗိုလ်မှူး	ဇဝန
(၃၀)	ကြည်း ၂၈၄၇၇	ဗိုလ်မှူး	သက်ထွန်းဦး
(၃၁)	ကြည်း ၃၂၄၃၂	ဗိုလ်မှူး	ပြည်ထွန်း
(၃၂)	ကြည်း ၃၃၅၆၅	ဗိုလ်မှူး	မျိုးမင်းသန့်
(၃၃)	ကြည်း ၃၄၇၁၁	ဗိုလ်မှူး	တင့်လွင်အေး
(၃၄)	ကြည်း ၃၅၁၈၈	ဗိုလ်မှူး	နိုင်ဝင်းလတ်
(၃၅)	ကြည်း ၃၆၃၁၃	ဗိုလ်မှူး	သိန်းထိုက်ကျော်
(၃၆)	ကြည်း ၃၆၄၅၄	ဗိုလ်မှူး	ကျော်ဇေယျာဝင်း
(၃၇)	ကြည်း ၃၆၅၁၈	ဗိုလ်မှူး	ဇေယျာဝင်း
(၃၈)	ကြည်း ၃၉၁၈၇	ဗိုလ်မှူး	သိန်းထွန်းကျော်
(၃၉)	ကြည်း ၃၉၂၂၄	ဗိုလ်မှူး	ထက်လွင်ဦး
(၄၀)	ကြည်း ၄၁၂၀၅	ဗိုလ်မှူး	ဖြိုးဝေအောင်
(၄၁)	ကြည်း ၄၃၀၀၄	ဗိုလ်မှူး	ဇော်ဝင်းထွန့်
(၄၂)	ကြည်း ၄၅၅၅၄	ဗိုလ်မှူး	ဝင်းမင်းထွန်း
(၄၃)	ကြည်း ၄၇၇၆၁	ဗိုလ်မှူး	ဇော်မင်းလတ်
(၄၄)	ကြည်း ၅၂၇၈၉	ဗိုလ်မှူး	ကျော်ဇင်ဝင်း
(၄၅)	ရေ ၄၀၈၄	ဗိုလ်မှူး	တင်ထွန့်
(၄၆)	ရေ ၄၄၂၆	ဗိုလ်မှူး	အောင်ခိုင်လင်း
(၄၇)	လေ ၃၂၁၄	ဗိုလ်မှူး	နေထက်လင်း
(၄၈)	လေ ၃၃၀၅	ဗိုလ်မှူး	သန်းထွန်းဦး
(၄၉)	အင်နီ ၇၂၁	ဗိုလ်မှူး	ဒေါ်မော်မော်သန်း
(၅၀)	ကြည်း ၅၄၈၄၃	ဗိုလ်ကြီး	သက်အောင်
(၅၁)	ကြည်း ၆၇၅၀၁	ဗိုလ်ကြီး	ဒေါ်ခင်ရတနာ ထင်အောင်
(၅၂)	ကြည်း ၆၇၅၀၉	ဗိုလ်ကြီး	ဒေါ်ဖြူဖြူမောင်
(၅၃)	ကြည်း ၆၇၅၀၀	ဗိုလ်ကြီး	ဒေါ်ဖြိုးဖြိုးဝေ
(၅၄)	ကြည်း ၆၉၃၅၄	ဗိုလ်ကြီး	ခိုင်စိုးလင်း
(၅၅)	ကြည်း ၇၀၁၈၁	ဗိုလ်ကြီး	ဒေါ်စုမြတ်ဝေ
(၅၆)	ကြည်း ၇၄၂၉၄	ဗိုလ်ကြီး	ဒေါ်ဖြိုးသီရိမွန်

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ (အခြေခံပညာအဆင့်) ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာအာကာသအေဂျင်စီနှင့် အာကာသပြတိုက်(ရန်ကုန်)တို့က ကြီးမှူး၍ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်)၌ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်ထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို အခြေခံပညာမူလတန်းအဆင့်အတွက် အာကာသသူရဲကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်အတွက် စူးစမ်းလေ့လာအာကာသ ကမ္ဘာ၊ အခြေခံပညာအထက်တန်းအဆင့်အတွက် အနာဂတ်အာကာသ နည်းပညာ စသည့်ခေါင်းစဉ်တို့ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့်နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာစိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ကျင်းပ ခြင်းဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် သိပ္ပံဆိုင်ရာ စိတ်ကူး စိတ်သန်းတီထွင်ဖန်တီးမှု အနုပညာလက်ရာနှင့် ကျွမ်းကျင်မှု၊ ရုပ်ပုံဖွဲ့ စည်းမှုနှင့် အချိုးအစား၊ ပေးလိုသောသတင်းစကားနှင့် ထူးခြားမှု၊ မြန်မာ့ အင်္ဂေ့အသက်နှင့် အာကာသနယ်ပယ် ဟန်ချက်ညီညီ ပေါင်းစပ်ထားရှိမှု စသည့် အချက်များအပေါ်တွင် အမှတ်ပေးသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲ ကျင်းပရေးကော်မတီမှ ဒေါက်တာဟန်ဇော်ထွန်းက ပြောကြားသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုတံဆိပ်များ၊ ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်သည့်အပြင် ပါဝင်ယှဉ်ပြိုင်သူအားလုံးကိုလည်း CERTIFICATE များ၊ အမှတ်တရလက်ဆောင်များ ပေးအပ်သွားမည် ဖြစ်သည်။

အခြေခံပညာမူလတန်းအဆင့် ဆုရရှိသူများကို ပထမဆု ငါးသိန်း ကျပ်၊ ဒုတိယဆု လေးသိန်းကျပ်၊ တတိယဆု သုံးသိန်းကျပ်၊ အထူးဆု ၁၀ ဆုအတွက် တစ်ဆုလျှင် ငွေကျပ် နှစ်သိန်းကျပ်စီဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆု ခုနစ်သိန်းကျပ်၊ ဒုတိယဆု ခြောက်သိန်းကျပ်၊ တတိယဆု ငါးသိန်းကျပ်၊ အထူးဆု ၁၀ ဆုအတွက် တစ်ဆုလျှင် သုံးသိန်းကျပ်စီဖြင့်လည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့် ဆုရရှိသူများကို ပထမဆု ၁၀ သိန်းကျပ်၊ ဒုတိယ ဆု ကိုးသိန်းကျပ်၊ တတိယဆု ရှစ်သိန်းကျပ်၊ အထူးဆု ၁၀ ဆုအတွက် တစ်ဆုလျှင် ငါးသိန်းကျပ်စီဖြင့်လည်းကောင်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်တွင် အခြေခံပညာအထက်တန်းအဆင့်၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် အခြေခံပညာမူလတန်းအဆင့်၊ မတ် ၁ ရက်တွင် အခြေခံပညာအလယ်တန်းအဆင့်တို့မှ ကျောင်းသား၊ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်လိုသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ သက်ဆိုင်ရာကျောင်းများမှတစ်ဆင့် ဖေဖော်ဝါရီ ၁၉ ရက် နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ စာရင်းပေးသွင်းလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

စာမျက်နှာ ၁၈ မှအဆက် **မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ** နာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာ အချက်အလက်များ ပြည့်စုံစွာရရှိစေရေး ကြောင်းနှင့် မိမိတို့ကိုယ်စားလှယ်အဖွဲ့ဝင် ဂုဏ်ပြုပါကြောင်းကိုလည်း ပြောကြားလိုကြောင်း။

မည်သို့ပင်ဖြစ်စေ နိုင်ငံငယ်များအနေဖြင့် ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်နေကြရသည့် မျက်မှောက်ခေတ်အင်အား နိုင်ငံရေး နိုင်ငံတကာ အခင်းအကျင်းတွင် မည်ကဲ့သို့စိန်ခေါ်မှုများဖြင့်ရင်ဆိုင်ရသည်ဖြစ်စေ မိမိတို့နိုင်ငံ၏ အသက်တမျှအရေးပါသည့် အကျိုးစီးပွားများဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားပြည်သူလူထုတို့ အကြား ယခုဖြစ်စဉ်မှာကဲ့သို့ပင် အတူတကွ စည်းလုံးညီညွတ်စွာ လက်တွဲစောင့်ရှောက်ကာကွယ်သွားကြရေး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူလုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်းကို တိုက်တွန်း ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ပြီး လိုအပ်သည့် အချက်အလက်များ စုဆောင်းခြင်း၊ ဖြစ်စဉ်ဖြစ်ရပ်မှန်များနှင့် သမိုင်းကြောင်း ဆောင်ရွက်ခြင်း၊ ပြည်တွင်းမှ ဝါရင့်ဥပဒေ ပညာရှင်ကြီးများနှင့် ဥပဒေအကြံပေးအဖွဲ့ ဖွဲ့စည်း၍ ဥပဒေပိုင်းဆိုင်ရာအကြံဉာဏ်များရယူခြင်း၊ အမှုတွင်လိုက်ပါဆောင်ရွက်နိုင်ရေး နိုင်ငံတကာရှေ့နေအဖွဲ့နှင့် သမိုင်းဆိုင်ရာ ပညာရှင်တစ်ဦးဌာနရမ်းဖွဲ့စည်းခြင်းတို့ကို စနစ်တကျဖြင့်စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားဖြည့်ဆည်းမှုများနှင့် အတူ အကောင်းဆုံး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါ မျှားကို ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားဖြင့် ကြိုဆိုဂုဏ်ပြုမှုအပေါ် အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူ များသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်း ရရှိသည်။ **(၅၀၁)**

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

(ဆက်)

စဉ်	ပြန်တမ်းဝင်အမှတ်	အဆင့်	အမည်
(၅၇)	ကြည်း ၅၁၁၂၄	ဗိုလ်မှူး	ကိုကိုမောင်
(၅၈)	ကြည်း ၅၁၁၂၅	ဗိုလ်မှူး	ကျော်ဝေ
(၅၉)	ကြည်း ၅၁၁၂၆	ဗိုလ်မှူး	ကိုကိုလှ
(၆၀)	ကြည်း ၅၁၁၂၇	ဗိုလ်မှူး	ကိုကိုမြင့်
(၆၁)	ကြည်း ၅၁၁၂၈	ဗိုလ်မှူး	ကိုကိုဝင်း
(၆၂)	ကြည်း ၅၁၁၂၉	ဗိုလ်မှူး	ကိုကိုထွန်း
(၆၃)	ကြည်း ၅၁၁၃၀	ဗိုလ်မှူး	ကိုကိုဇော်
(၆၄)	ကြည်း ၅၁၁၃၁	ဗိုလ်မှူး	ကိုကိုမင်း
(၆၅)	ကြည်း ၅၁၁၃၂	ဗိုလ်မှူး	ကိုကိုအောင်
(၆၆)	ကြည်း ၅၁၁၃၃	ဗိုလ်မှူး	ကိုကိုသိန်း
(၆၇)	ကြည်း ၅၁၁၃၄	ဗိုလ်မှူး	ကိုကိုလွင်
(၆၈)	ကြည်း ၅၁၁၃၅	ဗိုလ်မှူး	ကိုကိုမြင့်
(၆၉)	ကြည်း ၅၁၁၃၆	ဗိုလ်မှူး	ကိုကိုမောင်
(၇၀)	ကြည်း ၅၁၁၃၇	ဗိုလ်မှူး	ကိုကိုလှ
(၇၁)	ကြည်း ၅၁၁၃၈	ဗိုလ်မှူး	ကိုကိုဝင်း
(၇၂)	ကြည်း ၅၁၁၃၉	ဗိုလ်မှူး	ကိုကိုထွန်း
(၇၃)	ကြည်း ၅၁၁၄၀	ဗိုလ်မှူး	ကိုကိုဇော်
(၇၄)	ကြည်း ၅၁၁၄၁	ဗိုလ်မှူး	ကိုကိုမင်း
(၇၅)	ကြည်း ၅၁၁၄၂	ဗိုလ်မှူး	ကိုကိုအောင်
(၇၆)	ကြည်း ၅၁၁၄၃	ဗိုလ်မှူး	ကိုကိုသိန်း
(၇၇)	ကြည်း ၅၁၁၄၄	ဗိုလ်မှူး	ကိုကိုလွင်
(၇၈)	ကြည်း ၅၁၁၄၅	ဗိုလ်မှူး	ကိုကိုမြင့်
(၇၉)	ကြည်း ၅၁၁၄၆	ဗိုလ်မှူး	ကိုကိုမောင်
(၈၀)	ကြည်း ၅၁၁၄၇	ဗိုလ်မှူး	ကိုကိုလှ
(၈၁)	ကြည်း ၅၁၁၄၈	ဗိုလ်မှူး	ကိုကိုဝင်း
(၈၂)	ကြည်း ၅၁၁၄၉	ဗိုလ်မှူး	ကိုကိုထွန်း
(၈၃)	ကြည်း ၅၁၁၅၀	ဗိုလ်မှူး	ကိုကိုဇော်
(၈၄)	ကြည်း ၅၁၁၅၁	ဗိုလ်မှူး	ကိုကိုမင်း
(၈၅)	ကြည်း ၅၁၁၅၂	ဗိုလ်မှူး	ကိုကိုအောင်
(၈၆)	ကြည်း ၅၁၁၅၃	ဗိုလ်မှူး	ကိုကိုသိန်း
(၈၇)	ကြည်း ၅၁၁၅၄	ဗိုလ်မှူး	ကိုကိုလွင်
(၈၈)	ကြည်း ၅၁၁၅၅	ဗိုလ်မှူး	ကိုကိုမြင့်
(၈၉)	ကြည်း ၅၁၁၅၆	ဗိုလ်မှူး	ကိုကိုမောင်
(၉၀)	ကြည်း ၅၁၁၅၇	ဗိုလ်မှူး	ကိုကိုလှ
(၉၁)	ကြည်း ၅၁၁၅၈	ဗိုလ်မှူး	ကိုကိုဝင်း
(၉၂)	ကြည်း ၅၁၁၅၉	ဗိုလ်မှူး	ကိုကိုထွန်း
(၉၃)	ကြည်း ၅၁၁၆၀	ဗိုလ်မှူး	ကိုကိုဇော်
(၉၄)	ကြည်း ၅၁၁၆၁	ဗိုလ်မှူး	ကိုကိုမင်း
(၉၅)	ကြည်း ၅၁၁၆၂	ဗိုလ်မှူး	ကိုကိုအောင်
(၉၆)	ကြည်း ၅၁၁၆၃	ဗိုလ်မှူး	ကိုကိုသိန်း
(၉၇)	ကြည်း ၅၁၁၆၄	ဗိုလ်မှူး	ကိုကိုလွင်
(၉၈)	ကြည်း ၅၁၁၆၅	ဗိုလ်မှူး	ကိုကိုမြင့်
(၉၉)	ကြည်း ၅၁၁၆၆	ဗိုလ်မှူး	ကိုကိုမောင်
(၁၀၀)	ကြည်း ၅၁၁၆၇	ဗိုလ်မှူး	ကိုကိုလှ
(၁၀၁)	ကြည်း ၅၁၁၆၈	ဗိုလ်မှူး	ကိုကိုဝင်း
(၁၀၂)	ကြည်း ၅၁၁၆၉	ဗိုလ်မှူး	ကိုကိုထွန်း
(၁၀၃)	ကြည်း ၅၁၁၇၀	ဗိုလ်မှူး	ကိုကိုဇော်
(၁၀၄)	ကြည်း ၅၁၁၇၁	ဗိုလ်မှူး	ကိုကိုမင်း
(၁၀၅)	ကြည်း ၅၁၁၇၂	ဗိုလ်မှူး	ကိုကိုအောင်
(၁၀၆)	ကြည်း ၅၁၁၇၃	ဗိုလ်မှူး	ကိုကိုသိန်း
(၁၀၇)	ကြည်း ၅၁၁၇၄	ဗိုလ်မှူး	ကိုကိုလွင်
(၁၀၈)	ကြည်း ၅၁၁၇၅	ဗိုလ်မှူး	ကိုကိုမြင့်
(၁၀၉)	ကြည်း ၅၁၁၇၆	ဗိုလ်မှူး	ကိုကိုမောင်
(၁၁၀)	ကြည်း ၅၁၁၇၇	ဗိုလ်မှူး	ကိုကိုလှ
(၁၁၁)	ကြည်း ၅၁၁၇၈	ဗိုလ်မှူး	ကိုကိုဝင်း
(၁၁၂)	ကြည်း ၅၁၁၇၉	ဗိုလ်မှူး	ကိုကိုထွန်း
(၁၁၃)	ကြည်း ၅၁၁၈၀	ဗိုလ်မှူး	ကိုကိုဇော်
(၁၁၄)	ကြည်း ၅၁၁၈၁	ဗိုလ်မှူး	ကိုကိုမင်း
(၁၁၅)	ကြည်း ၅၁၁၈၂	ဗိုလ်မှူး	ကိုကိုအောင်
(၁၁၆)	ကြည်း ၅၁၁၈၃	ဗိုလ်မှူး	ကိုကိုသိန်း
(၁၁၇)	ကြည်း ၅၁၁၈၄	ဗိုလ်မှူး	ကိုကိုလွင်
(၁၁၈)	ကြည်း ၅၁၁၈၅	ဗိုလ်မှူး	ကိုကိုမြင့်
(၁၁၉)	ကြည်း ၅၁၁၈၆	ဗိုလ်မှူး	ကိုကိုမောင်
(၁၂၀)	ကြည်း ၅၁၁၈၇	ဗိုလ်မှူး	ကိုကိုလှ
(၁၂၁)	ကြည်း ၅၁၁၈၈	ဗိုလ်မှူး	ကိုကိုဝင်း
(၁၂၂)	ကြည်း ၅၁၁၈၉	ဗိုလ်မှူး	ကိုကိုထွန်း
(၁၂၃)	ကြည်း ၅၁၁၉၀	ဗိုလ်မှူး	ကိုကိုဇော်
(၁၂၄)	ကြည်း ၅၁၁၉၁	ဗိုလ်မှူး	ကိုကိုမင်း
(၁၂၅)	ကြည်း ၅၁၁၉၂	ဗိုလ်မှူး	ကိုကိုအောင်
(၁၂၆)	ကြည်း ၅၁၁၉၃	ဗိုလ်မှူး	ကိုကိုသိန်း
(၁၂၇)	ကြည်း ၅၁၁၉၄	ဗိုလ်မှူး	ကိုကိုလွင်
(၁၂၈)	ကြည်း ၅၁၁၉၅	ဗိုလ်မှူး	ကိုကိုမြင့်
(၁၂၉)	ကြည်း ၅၁၁၉၆	ဗိုလ်မှူး	ကိုကိုမောင်
(၁၃၀)	ကြည်း ၅၁၁၉۷	ဗိုလ်မှူး	ကိုကိုလှ
(၁၃၁)	ကြည်း ၅၁၁၉၈	ဗိုလ်မှူး	ကိုကိုဝင်း
(၁၃၂)	ကြည်း ၅၁၁၉၉	ဗိုလ်မှူး	ကိုကိုထွန်း
(၁၃၃)	ကြည်း ၅၁၂၀၀	ဗိုလ်မှူး	ကိုကိုဇော်
(၁၃၄)	ကြည်း ၅၁၂၀၁	ဗိုလ်မှူး	ကိုကိုမင်း
(၁၃၅)	ကြည်း ၅၁၂၀၂	ဗိုလ်မှူး	ကိုကိုအောင်
(၁၃၆)	ကြည်း ၅၁၂၀၃	ဗိုလ်မှူး	ကိုကိုသိန်း
(၁၃၇)	ကြည်း ၅၁၂၀၄	ဗိုလ်မှူး	ကိုကိုလွင်
(၁၃၈)	ကြည်း ၅၁၂၀၅	ဗိုလ်မှူး	ကိုကိုမြင့်
(၁၃၉)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုမောင်
(၁၄၀)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုလှ
(၁၄၁)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုဝင်း
(၁၄၂)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုထွန်း
(၁၄၃)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုဇော်
(၁၄၄)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုမင်း
(၁၄၅)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုအောင်
(၁၄۷)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုသိန်း
(၁၄۷)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုလွင်
(၁၄۷)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုမြင့်
(၁၄۷)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုမောင်
(၁၄۷)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုလှ
(၁၄۷)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုဝင်း
(၁၄۷)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုထွန်း
(၁၄۷)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုဇော်
(၁၄۷)	ကြည်း ၅၁၂၀۷	ဗိုလ်မှူး	ကိုကိုမင်း
(၁၄۷

မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

နေပြည်တော် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ကဏ္ဍအသီးသီးတွင် ဘက်စုံကဏ္ဍစုံမှ ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး စွမ်းဆောင်နိုင်ခဲ့ခြင်း၊ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများအကြားမှ မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ပြီး သံတမန်ဆက်ဆံရေးနည်းလမ်းများကို ဖော်ဆောင်နိုင်ခဲ့ခြင်း၊ မြန်မာ့နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ဆောင်ရွက်ချက်သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့် စိန်ခေါ်မှုများအကြားမှ ပြည်သူများအထူးလိုလားတောင့်တမျှော်လင့်လျက်ရှိသည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုလည်း အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် ရန်ကုန်တက္ကသိုလ်က ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခံရခြင်းအပေါ် မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP) အနေဖြင့် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)

မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

နေပြည်တော် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို ဖေဖော်ဝါရီ ၅ ရက်တွင် ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်ပြီး ထိုသို့ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်အပ်နှင်းခံရခြင်းအပေါ် မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးစည်ပင်သာယာဝပြောရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ တိုးတက်ခိုင်မာအောင် ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများ၊ နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖိအားပေးမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများ၊ နိုင်ငံတကာအသိုက်အဝန်းများနှင့် လိုက်လျောညီထွေရှိနိုင်မည့် ပြုပြင်ပြောင်းလဲမှုများ စသည့်စိန်ခေါ်မှုများစွာကို အခက်အခဲအကျပ်အတည်းများကြားမှ နိုင်ငံတော်ကိုဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သကဲ့သို့ ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့် ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားများ၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့်အခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျ စီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သည့် စွမ်းဆောင်ချက်များနှင့် ဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများကြားမှ နိုင်ငံ၏ စီးပွားရေး၊ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း စသည့်ကဏ္ဍအသီးသီးတွင် ဘက်စုံကဏ္ဍစုံက ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ထိုသို့ ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor Of Public Administration(D.P.A . honoris causa)ကို ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် အပ်နှင်းခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ၏ အမျိုးသားရေးအသင်းကြီးဖြစ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း ၁၀၂ နှစ်ပြည့်အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း ၁၀၂ နှစ်ပြည့် အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ အင်းလျားကန်၌ကျင်းပလျက်ရှိရာ ပြိုင်ပွဲသို့ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်နှင့် နည်းပညာတက္ကသိုလ်တို့မှ ကျောင်းသား၊ ကျောင်းသူ အားကစားသမား ဦးရေ ၁၇၀ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါလှေလှော်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၇ ရက်မှစတင်ကာ ဖေဖော်ဝါရီ ၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၂ ရက်နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၈

မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း၊ အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

(မိုး/ဇလ)

လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဗန်းမောက်မြို့ကို ပြန်လည်ထိန်းချုပ်မှု မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဗန်းမောက်ဒေသ မြေပေါ်မြေအောက်ရှိ သယံဇာတပစ္စည်းများကို အလွန်အကျွံ ထုတ်ယူအသုံးပြုခဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင်များစွာ ထိခိုက်ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ မြို့တော်ခန်းမသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

❑ ဗန်းမောက်မြို့မှအဆက်

ဗန်းမောက်မြို့အတွင်းရှိ ပြည်သူပိုင်နေအိမ်အဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခဲ့သဖြင့် အဆိုပါသတင်းအား ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အကြမ်းဖက်သမားများ အနေဖြင့် ဗန်းမောက်မြို့နှင့် ၎င်းဒေသတစ်ဝိုက် ယာယီသိမ်းပိုက်ထိန်းချုပ်ထားစဉ်ဒေသခံပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းများကို အတင်းအဓမ္မလုယက်ယူဆောင်ခြင်း၊ အစိုးရအုပ်ချုပ်မှု ယန္တရားပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်းများကြောင့် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် ယာယီတိုက်ပွဲရှောင်စခန်းများသို့ ၎င်းတို့၏ တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဗန်းမောက်ဒေသတစ်ဝိုက်ကို ယာယီစိုးမိုးထားစဉ်ကာလအတွင်း အဆိုပါဒေသရှိ မြေပေါ်မြေအောက်ရှိ သယံဇာတပစ္စည်းများကို အလွန်အကျွံထုတ်ယူအသုံးပြုခဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင်များစွာ ထိခိုက်ပျက်စီးခဲ့ရကြောင်း တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဗန်းမောက်မြို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးစစ်ကြောင်းများခဲ့၍ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှစ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ပင်ဟင်းခါးရွာ၊ချွေကျောင်းရွာ၊ ခိုပြင်ရွာ၊ နောင်သာယာရွာ၊ တာဝါတိုင်ကုန်း၊ ခမ်းရွာနှင့် ဖြူးတောင်တစ်ဝိုက်တို့ကို လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဗန်းမောက်မြို့၏ အနောက်ဘက်နှင့် အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့် အကွာရှိ စစ်ဗျူဟာအရေးကြီးနေရာများကို လည်းကောင်း ဦးစွာထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ကာ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ပြီး ဗန်းမောက်မြို့ကို အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် ဗန်းမောက်မြို့အတွင်း ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေအိမ်များ၊ ဟိုတယ်များနှင့် အထပ်မြင့်အဆောက်အအုံများတွင် သဲအိတ်ဘန်ကာများ အခိုင်အမာဆောက်လုပ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများလုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရေးအတွက် ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(Rules of Engagement-ROE)နှင့်အညီ **စာမျက်နှာ ၂၃ သို့**

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ ပြည်သူ့ဆေးရုံ သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သောင်းကျန်းသူများက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(နတလ)အား ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့ မြို့မဘုန်းကြီးကျောင်းအား ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့ အထက(ဗန်းမောက်)ရှိ စာသင်ဆောင်များ၌ ခံစစ်ပြင်ဆင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။

သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

Brand New Mobile Phone - Redmi

တရားမဝင် သစ်များ

နေပြည်တော် ဖေဖော်ဝါရီ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ဧနဝါရီလအတွင်း သတင်းမှန် ၅၉ ကြိမ်ရရှိခဲ့ပြီး သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၁၄၅ မှ၊ ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၆ ဒသမ ၉၄၈ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် လိုင်စင်ရှိ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

သတင်းပေး တိုင်ကြားမှုများကြောင့် တရားမဝင် သစ်မျိုးစုံနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ အပါအဝင် တရားမဝင်ကုန်ပစ္စည်းတင်ဆောင်သည့် လိုင်စင်ရှိ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ငါးဖမ်းစက်လှေများ ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များ အတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သဖြင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင် တင်ပို့၊ တင်သွင်းမှုများကို သတင်းပေးတိုင်ကြားရန်ဖြစ်သည်။

ယခုနှစ် ဧန်နဝါရီလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း လျှို့ဝှက်ပေးထားမည်ဖြစ်ပြီး ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၆ ဒသမ ၉၄၈ သန်း၏ ၂၀ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၂၄၆၇ ဒသမ ၃၉၀ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း-၀၉၆၉၉၆ ၁၁၁၁၆၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiille-galtradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ မြို့မစျေးနှင့် ဝန်းကျင် တစ်ဝိုက်ချီတက်ရှင်းလင်းစဉ် သိမ်းဆည်းရရှိသည့် ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် အလောင်း၊ လက်နက် မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၂ မှအဆက်

ထိန်းထိန်းသိမ်းသိမ်းဖြင့် တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်ခဲ့ရသည့်အတွက် စစ်ဆင်ရေးကာလ လေးလကျော်ကြာမြင့်ခဲ့ရပြီး ဖေဖော်ဝါရီ ၈ရက်ယနေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်ဗန်းမောက်မြို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အလုံးစုံပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်ဆင်ရေးကာလအတွင်းအကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီးငယ် ၆၉ ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူများထံမှ လက်နက် မျိုးစုံ ၂၇ လက်၊ ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမားရုပ်အလောင်းများနှင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးပြုသည့်ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဗန်းမောက်မြို့အတွင်း နေရပ်စွန့်ခွာဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ စာသင်ကျောင်း၊ ဆေးရုံ အဆောက်အအုံများ၏ ပျက်စီးမှုများကို ပြန်လည်ပြုပြင်ပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်းများစသည့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့်မြို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံး ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူ့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရှောင်ဆိုင်းခွင့်ရသူများ

ရှောင်ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရှောင်ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မှူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရှောင်ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရှောင်ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

တစ်ပါးသူကို အားကိုးနေရတဲ့ အလုပ်မျိုးဆို ကိုလှဆောင် ဘယ်တုန်းကမှ မကြိုက်ခဲ့ဘူး။ ကိုယ့်အားကိုယ်ကိုးပြီး ဖြတ်သန်းရတဲ့ ဘဝမျိုးကိုပဲ ကိုလှဆောင် သဘောကျတာ။ နှစ်သက်တာ။ သူ့ဘဝ တစ်လျှောက်လုံးမှာ အဲဒီလိုပဲ ဖြတ်သန်းလာခဲ့တာ။ ကိုလှဆောင်ကို ကြည့်ပြီး တစ်စုံတစ်ယောက်ကများ "သနားလိုက်တာကွာ" လို့ ပြောလိုက်ရင် ကိုလှဆောင် ရင်ထဲ တဆစ်ဆစ်နဲ့နာလာတော့တာပဲ။ မျက်နှာ တစ်ပြင်လုံး ရဲတက်လာတဲ့ အခိုးအငွေ့တွေက ငရုတ်သီး နီရဲရဲတစ်တောင့်လိုပဲ။

"သနားတယ်"ဆိုတဲ့စကားဟာ ကိုလှဆောင် အမုန်းဆုံးစကားပဲ။ သူ့ကိုယ်သူတောင် မသနားတာ။ တခြားသူက လာပြီး သနားတာ ဘယ်ခံချင်မှာတုံး။

တခြားသူဆိုတဲ့အထဲမှာ ကိုလှဆောင်ဟာ သူ့သားသမီးတွေကိုပါ ထည့်တွက်ထားပုံရတယ်။ သူ့သားသမီးတွေလာပြီး သနားရင်လဲ ကိုလှဆောင်က မကြိုက်ပြန်ဘူး။ လောကကြီးဟာ တစ်ခါတလေ ဆန်းကြယ်လွန်းလှပါတယ်။ ကိုယ်မနှစ်သက်တဲ့ အခြေအနေမျိုးကိုမှ မလွဲသာ မရှောင်သာ ကြုံတွေ့ရ တတ်တာမျိုး။ အဲဒီလို လောကကြီးရဲ့ ပရိယာယ်ဆင်မှုအောက်မှာ ကိုလှဆောင် ကျရောက်သွားတဲ့အခါ ကိုလှဆောင်ရဲ့ မာန်မာနတွေဟာလဲ မျက်ရည်စများ အဖြစ် အသွင်ကူးပြောင်း စီးဆင်းသွားပါတော့တယ်။

(၁)

ကိုလှဆောင်က ဥာဏ်အား မထွန်းပေါက်တော့ ကာယအားကိုပဲအားကိုးပြီး မိသားစုကို လုပ်ကိုင်ကျွေးမွေးနေရတာ။ ပိုက်ဆံသာ မချမ်းသာတာ၊ သားသမီးကတော့ ကြွယ်ဝသလား မမေးနဲ့။ ကိုလှဆောင်မှာ သားနှစ်ယောက်၊ သမီးနှစ်ယောက်ရှိတယ်။ သူတို့လင်မယားနှစ်ယောက်ပါ ပေါင်းလိုက်ရင် မိသားစုက ခြောက်ယောက်။ ဒီပါးစပ်ပေါက်တွေ ထမင်းဝလေအောင် ကိုလှဆောင် တစ်ယောက်တည်း ရုန်းကန်နေရတာ။ သူ့မိန်းမက ချက်လိုက်၊ ပြုတ်လိုက်၊ ကလေးတစ်သိုက်နဲ့ပဲ အချိန်ကုန်တတ်ပြီး ဘာအလုပ်မှ မည်မည်ရရ မလုပ်နိုင်ရှာဘူး။ ဆိုတော့ ကိုလှဆောင်တစ်ယောက်တည်း အလုပ်မျိုးစုံလုပ်ကိုင်ပြီး မိသားစု စားဝတ်နေရေးဖြေရှင်းရတော့တာပေါ့။

ကိုယ်ပိုင်လုပ်ငန်းရယ်လို့မရှိတဲ့ ကိုလှဆောင်ဟာ အလုပ်တော့ မရွေးရှာဘူး။ အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုတဲ့ဆောင်ပုဒ်ကိုလက်ကိုင်ထားသလား အောက်မေ့ရတယ်။ ဘာအလုပ်ဖြစ်ဖြစ် ကိုလှဆောင်လုပ်တယ်။ ပန်းရန်လုပ်တယ်။ လွှဆွဲတယ်။ နွားနဖားကြိုးထိုးတယ်။ အိမ်သာကျင်း တူးခိုင်းရင်လဲ တူးလိုက်တာပဲ။ ထန်းပင်တက်ဖို့ လာခေါ်ရင်လဲ လိုက်သွားလိုက်တာပဲ။ မိုးရာသီဆိုရင် ညဘက်တောင် မနားဘူး။ ဖားရိုက်ထွက်သေးတာ။ ငရဲမကြောက်၊ အမြင့်မကြောက်ဆိုတာ ကိုလှဆောင်လိုလူမျိုးပဲ။ နွေရာသီ အလုပ်ပါးပြီဆိုရင် လှည်းဝင်ရိုးတို့၊ ထွန်တုံးတို့၊ ထွန်သွားတို့ လုပ်ပြီး ရောင်းသေးတယ်။ ကမ္ဘာပေါ်မှာ အလုပ်မျိုးစုံ အလုပ်နိုင်ဆုံးဆုပေးမယ်ဆိုရင် ကိုလှဆောင်ရမှာ ကျိန်းသေတယ်။

"ကိုလှဆောင်ရယ်... တစ်နေ့နဲ့ တစ်နေ့ ချက်လိုက်၊ ပြုတ်လိုက်၊ ကလေးထိန်းလိုက်နဲ့ပဲ အချိန်ကုန်နေတော့တာ။ ဘာအလုပ်မှ မလုပ်နိုင်ဘူး။ တော့်ကိုလဲ တစ်ဖက်တစ်လမ်းကနေ ကူညီမပေးနိုင်ဘူး။ ကျုပ်လေ... တော်တစ်ယောက်ထဲ ရုန်းကန်နေရတာကို ကြည့်ပြီး..."

"ဘာလဲ ခင်စိန်၊ နင်က ငါ့ကို သနားနေတာလား"

မခင်စိန် စကားတောင်မဆုံးသေးဘူး။ ကိုလှဆောင်က လေသံမာမာနဲ့ ဝင်ပြောတယ်။

"မဟုတ်ပါဘူးတော်၊ တော့်ကို မကြည့်ရက်တာပါ"

မခင်စိန်က စကားကိုသွယ်ဝိုက်ပြီးပြောတယ်။ ဒီတော့မှ ကိုလှဆောင် လေသံလဲပြန်ပျော့သွားတယ်။

"ငါ မပင်ပန်းသေးပါဘူး ခင်စိန်ရယ်။ ငါလုပ်နိုင်ပါသေးတယ်။ ရှာနိုင်ပါသေးတယ်။ ဘာပဲဖြစ်ဖြစ် ငါ့သားသမီးတွေ လူပုံအလယ်မှာ မျက်နှာမငယ်ရအောင် ငါ ကြိုးစားမယ် ခင်စိန်"

ကိုလှဆောင်က သူ့ပညာမတတ်ပေမဲ့ သူ့သားသမီးတွေကိုတော့ ပညာတတ်တွေ ဖြစ်စေချင်ခဲ့တယ်။ ဒါပေမဲ့လဲ သားသမီးတွေက တစ်ယောက်နဲ့တစ်ယောက် အသက်တွေ သိပ်မကွာလှတာကြောင့် ရှစ်တန်းအောင်တဲ့ထိ ထားပေးနိုင်အောင်တောင် မနည်းရုန်းကန်နေရတာ။ ရှစ်တန်းလောက် အောင်ထားရင်လဲ ပညာရေးမှာမျက်နှာမငယ်ရပါဘူးလို့ ကိုလှဆောင် ဖြေတွေးတွေးတယ်။ အငယ်ဆုံးသမီးကလေးကိုတော့ ၁၀ တန်းအောင်တဲ့ထိထားနိုင်အောင် ကြိုးစားမယ်လို့ ကိုလှဆောင် ကျိတ်ပြီးတွေးထားပါတယ်။

"လှဆောင်ရေ... အားတင်းထားကွ။ မင်းက ဒီအချိန်လေးပဲပင်ပန်းမှာ။ သားသမီးတွေကြီးလာရင် ထိုင်စားနေရုံပဲကွ"

သူငယ်ချင်းမိတ်ဆွေတွေက အဲဒီလိုပြောရင် ကိုလှဆောင် ဘာမှပြန်မပြောဘူး။ ငြိမ်နေတတ်တယ်။ သားသမီးတွေ မွေးထားတာ ခိုင်းစားဖို့ပဲသိတဲ့ လူတွေလို့တောင် စိတ်ထဲကနေ အပြစ်တင်မိသေးတယ်။ သားသမီးတွေရဲ့လုပ်စာကို ထိုင်စားရတဲ့ဘဝမျိုးကိုတော့ ကိုလှဆောင် မရောက်ချင်ပါဘူး။ သူကသာ သားသမီးတွေကို ပေးချင်၊ ကမ်းချင်တာ။ ကောင်းကောင်းမွန်မွန် ကျွေးမွေးချင်တာ။ တင့်တောင့်တင့်တယ်ထားချင်တာ။

ကိုလှဆောင်က သားသမီးအကျိုးတော့ပေးတယ်ဆိုရမယ်။ သားသမီးတွေ အရွယ်ရောက်လို့ အိမ်ထောင်တွေကျ။ အိုးကွဲအိမ်ကွဲတွေ ဖြစ်သွားကြပေမဲ့ အဖေဖြစ်သူ ကိုလှဆောင်ကိုတော့ မေ့မသွားကြပါဘူး။ သူတို့လုပ်အားခလေးထဲက ကြုံရင် ကြုံသလို ပေးကြတယ်။ ကမ်းကြတယ်။ ကိုလှဆောင်ကို "တစ်သက်လုံး ပင်ပန်းလာတာ၊ နားပါအုံးအဖေရယ်" လို့လာပြီး ပြောကြပေမဲ့ ကိုလှဆောင်က လက်မခံပါဘူး။ ပန်းရန်လုပ်နေတုန်း။ ထန်းပင်တက်နေတုန်း။ လှည်းဝင်ရိုးလုပ်နေတုန်း။ ဖားရိုက်တဲ့ အလုပ်ကိုတော့ ကိုလှဆောင် စွန့်လွှတ်လိုက်ပါပြီ။ အိမ်မှာ အတူနေတဲ့ အငယ်ဆုံးသမီးကလေး ကျောင်းဆရာမက "သူများအသက် သတ်တာ မကောင်းဘူး၊ ငရဲကြီးတယ်အဖေရဲ့" လို့ ခဏခဏပြောတာကြောင့်ပါ။

(၂)

"ဗျို့... ကိုလှဆောင်ကြီး ဘယ်က လှည့်လာတာတုံး။ သားတော်မောင်ဆီ အလည်လာတာလား"

"ဆိုပါတော့ဗျာ၊ မရောက်တာကြာလို့၊ လမ်းလဲသင့်တာနဲ့ ဝင်လာလိုက်တာ"

သားတော်မောင်ဆီ မရောက်ဖြစ်တာ နှစ်ရက်ပဲ ရှိသေးပေမဲ့ ကိုလှဆောင်က ကြာနေပြီလို့ပဲထင်တာ။ လမ်းလဲသင့်လို့ဆိုတာကတော့ ကိုလှဆောင်လိမ်ညာလိုက်တာပါ။ အိမ်ကနေ တမင်တကာ ထွက်လာခဲ့တာ။ ရွာနီးချုပ်စပ်ဆိုပေမဲ့ ဒီရွာကိုရောက်ဖို့ အနည်းဆုံး မိနစ် ၂၀ လောက်တော့ လမ်းလျှောက်ရတယ်။

"ဟာ အဖေ လာထိုင်အုံး၊ အဖေ့သားက မြို့ပေါ်သွားတယ်၊ ပြန်မလာသေးဘူး"

ချွေးမလုပ်သူက ခရီးဦးကြို နှုတ်ခွန်းဆက်တယ်။ ရေနွေးဝိုင်းပြင်ပေးတယ်။ ကိုလှဆောင်လာရင် ဧည့်ခံနေကျ လက်ဖက်နှပ်ကလေးကို ဆီ၌ရွှဲလေး ဆမ်းပြီး သုပ်ပေးတယ်။

"ဒီကောင် ဘယ်ချိန်က သွားတာတုံး၊ မိုးတောင် ချုပ်နေပြီ။ တစ်ယောက်ထဲသွားတာလား"

"ကိုဇော်မင်းနဲ့ နှစ်ယောက်သွားတာ။ ထွက်သွားတာတော့ စောတယ်အဖေ။ ပြန်ရောက်တော့မယ်ထင်ပါရဲ့၊ စိတ်မပူပါနဲ့။ လက်ဖက်ကလေးဝါးအုံး အဖေ"

ချွေးမလုပ်သူက လက်ဖက်ပန်းကန်လေး ကမ်းပေးတယ်။ ကိုလှဆောင် လက်ဖက်တစ်ဖွန်းစားလိုက်တယ်။

"ဟင်း... ဒီနှစ်ကောင် သွားတာဆိုရင်တော့ အပြန်နောက်ကျမှာ မြင်ယောင်သေးတယ်။ ဒီကောင့်ကို သိပ်ပြီးအလိုမလိုက်နဲ့။ သောက်တာ စားတာ လျှော့ခိုင်းအုံး"

တစ်မိပေါက် တစ်ယောက်ထွန်းဆိုသလို ကိုလှဆောင်ရဲ့ ဒုတိယမြောက်သား ဇော်နိုင်ထွန်းက အသောက်အစားလေး နည်းနည်းဖက်တယ်။ အပေါင်းအသင်းမက်သလို လောင်းကစားဝိုင်းလေး ရှိရင် ဝင်ပါလိုက်သေးတာ။ ငယ်ကတည်းက ဗီဇပါလာတဲ့ ဇော်နိုင်ထွန်းကို ကိုလှဆောင် တွေ့တိုင်း ပြောဆိုနေရတယ်။ ချော့တစ်ခါ ခြောက်တစ်လှည့် ဆုံးမနေရတယ်။ ဒါပေမဲ့ ဇော်နိုင်ထွန်းကတော့ ဖအေရှေ့မှာ ဟုတ်ကဲ့၊ ကွယ်ရာမှာတော့ ထုံးစံအတိုင်း သောက်မြဲ သောက်ဆဲပါပဲ။

ဇော်နိုင်ထွန်းက အိမ်ထောင်ရေးတော့ ကံကောင်းတယ်ဆိုရမယ်။ ရုပ်ရည်ကလေး ကြည့်ပျော်ရှုပျော်ရှိသလို ပစ္စည်းဥစ္စာအတန်အသင့်ကြွယ်ဝပြီး အစုအဆောင်းကောင်းတဲ့ မနှင်းဆီဟာ ဇော်နိုင်ထွန်းကိုတော့ အတော်လေးချစ်ပုံရတယ်။

"သူ ကြိုက်လို့ သူသောက်တာပဲ၊ သောက်ပါစေ အဖေရယ်"လို့ မပွင့်တပွင့်လေး ပြောလိုက်တာကို ကိုလှဆောင် ကြားဖြစ်အောင် ကြားလိုက်သေးတယ်။

"သောက်တာကို အပြစ်မပြောလိုပါဘူး။ ကြာလာရင် ကျန်းမာရေးထိခိုက်မှာစိုးလို့ အဖေက ပြောနေရတာ။ ညည်းလဲ မပေါ့မပါးကြီးနဲ့ အလေးအပင်တွေမ မနေနဲ့အုံး။ သွားတာလာတာ ဂရုစိုက်၊ အားတဲ့အခါ ဘုရားစာလေးရွတ်နေ"

ကိုလှဆောင် ရေနွေးကြမ်းတစ်ခွက် မှုတ်သောက်လိုက်တယ်။ ချွေးမလုပ်သူက "ဟုတ်ကဲ့"ဆိုပြီး အိမ်ထဲဝင်သွားတယ်။ ပြန်ထွက်လာတော့ အထုပ်ကလေး တစ်ထုပ်ပါလာရဲ့။

"အဖေနဲ့ အမေ့အတွက် အင်္ကျီလေးတွေ သဘောကျလို့ ဝယ်ထားတာ။ မုန့်ပုံးလဲပါတယ်။ အဖေတို့ စားရအောင်လို့။ အားရှိအောင် အစားလဲစားအုံးအဖေ။ အဖေပိန်သွားတယ်"

ချွေးမလုပ်သူက ကရုဏာစကားဆိုတော့ ကိုလှဆောင် ပီတိတွေဖြာဝေသွားတယ်။ "ကျေးဇူးတင်ပါတယ် သမီးရယ်"ဆိုတဲ့စကားနောက်မှာ ကိုလှဆောင်ရဲ့ ကြည်နူးမှုတွေပါသွားတယ်။ နေက အတော်လေး စောင်းလာတာကြောင့် ကိုလှဆောင် ပြန်ဖို့ပြင်ရပြီ။ ချွေးမလုပ်သူက ထမင်းစားပြီးမှ ပြန်ဖို့တားပေမဲ့ ကိုလှဆောင် မစားဖြစ်လိုက်ပါဘူး။ သားတော်မောင် ပြန်ရောက်လာတဲ့အချိန်ထိလဲ စောင့်နေလို့မဖြစ်သေးဘူး။ နောက်ထပ် သမီးတစ်ယောက်အိမ်ကို ကိုလှဆောင် ခြေဦးလှည့်ရအုံးမယ်လေ။

"အဖေတို့များနော် ရွာကိုလာပြီဆိုရင် သမီးအိမ်ကို ဘယ်တော့မှ အရင်မဝင်ဘူး"

ကိုလှဆောင် အထုပ်ကလေးဆွဲပြီး ဝင်လာပြီဆိုတာနဲ့ ကလေးစိတ်မပျောက်သေးတဲ့ သမီး သန္တာက ဆီးပြီး ရန်တွေ့တော့တာပဲ။ ဒါက ဖြစ်ရိုးဖြစ်စဉ်မို့လို့ ကိုလှဆောင် ဗွေမယူတော့ပါဘူး။

"ဒါကတော့ သမီးရယ်၊ သားအိမ်က ရွာအဝင်တံခါးနဲ့နီးတာကိုး။ ကဲ...ဘာဟင်းချက်လဲ၊ အဖေဗိုက်ဆာပြီ"

အိမ်အောက်မှာရှိတဲ့ ကုလားထိုင်လေးမှာ ဝင်ထိုင်ရင်း ကိုလှဆောင် ပြောတယ်။

"မကျက်သေးဘူး အဖေရေ၊ အခုမှချက်တုန်း။ သမီးတို့က အဖေသိတဲ့အတိုင်း ဘဝသမားတွေလေ။ တောထဲတောင်ထဲသွားပြီး အလုပ်လုပ်ရသေးတယ်။ အဖေ့ရှေ့လေးတင်ပဲ ပြန်ရောက်တာ"

အကြောင်းသိတဲ့ ကိုလှဆောင်က သမီးကို ကြည့်ပြီးရယ်တယ်။ အင်္ကျီကလေး ခပ်နွမ်းနွမ်း၊ ခေါင်းမှာ ပေါင်းထားတဲ့ တဘက်ကခပ်ကြီးကြီးနဲ့ သမီးဟာ လောကခံကိုရင်ဆိုင်တိုက်ပွဲဝင်နေရတဲ့ တကယ့်လူကြီး တစ်ယောက်ဖြစ်နေပါပြီကော။

ဆက်လက်ဖော်ပြပါမည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

အင်းတော် ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် မြေပဲ ၁၂၈၂၂ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၃၇၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ မြေပဲဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှု အနေနဲ့ အောင်မြင်ဖြစ်ထွန်းပါတယ်။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်" ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက် မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ကျောင်းကုန်း ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်သူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ဒီဘက်က ဧည့်မထဆန်တွေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျောင်းကုန်းမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဧည့်မထဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ ဇန်နဝါရီလအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဧည့်မထဆန်က အရောင်းအဝယ်ကောင်းနေပါတယ်။ ဆန်အိတ်တွေကို ကုန်တင်ကားတွေနဲ့ အဓိကထား တင်ပို့ရောင်းချနေပါတယ်" ဟု ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်သူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ဌေကျပ် ၉၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

မိုင်းရှားမြို့နယ် တွန်ဟွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မိုင်းရှား ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှားခရိုင် မိုင်းရှားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ တွန်ဟွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၀၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တွန်ဟွန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို ရန်ပုံငွေကျပ် ၄၀၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

လမ်းမှန်ဆီသို့ လျှောက်ကြစို့

- လမ်းမှန်ကို လျှောက်ကြစို့
  တောက်ပဖို့ ကြိုးစားပါ။
  လူငယ်တွေ အနာဂတ်
  ကောင်းမြတ်ဖို့ရာ၊
  တန်ဖိုးရှိ မြတ်ပညာ
  သင်ယူကာ ရှေ့သို့ဆက်၊
  စိတ်သန္ဓာန်မှာ တန်ခိုးထွား
  နိုးကြားသွက်လက်။

- လမ်းမှားကို ဖယ်ကြဉ်လျက်
  ဘဝအတွက် အမြဲရှင်သန်၊
  စွမ်းဆောင်ရည် နှစ်ဆမြှင့်
  ဂုဏ်တင့်ဧကန်၊
  ဇွဲလုံ့လ စိတ်ထက်သန်
  အားမာန်တွေ စိုက်ထူပေး၊
  ရည်မှန်းရာ ပန်းတိုင်အရောက်
  လျှောက်ကြမနေး။

- ကောင်းရာကို ကြံဆတွေး
  ဘဝအရေး လှစေတကယ်၊
  စည်းကမ်းကို အခြေခံပြု
  ရှေးရှုစဉ်ကွယ်၊
  အသိသတိ ရင်မှာတွယ်
  မဂ်လာရယ် ကျင့်ကြံသုံး၊
  ကောင်းမှုတွေ ရည်ရွယ်ခူးလို့
  ကြည်နူးရွင်ပြုံး။ ။

ရဲသွေးနီ(တက်ဝန်)

ရေးမြို့နယ် ပရမ်မော်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

ရေး ဖေဖော်ဝါရီ ၈

မွန်ပြည်နယ် ရေးခရိုင် ရေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေဖြင့် ပရမ်မော်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ပရမ်မော်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမင်းမင်းစိုးက ဆောင်ရွက်ပြီး ရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ပရမ်မော်ကျေးရွာ၌ 3.6 KW ဆိုလာစနစ်တပ်ဆင်ခြင်းနှင့် နှစ်လက်မ PVC ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေကျပ် ၂၀ ဒသမ ၃၇ သန်းဖြင့် ရေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သောကြောင့် ပရမ်မော်ကျေးရွာရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း ရေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းမင်းစိုးထံမှ သိရသည်။

သုတ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သမိုင်းဘာသာရပ် သိကောင်းစရာ

ဒေါက်တာသင်းသင်းအေး[ပါမောက္ခ(ဌာနမှူး) သမိုင်းဌာန ရန်ကုန်တက္ကသိုလ်]

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာ့သမိုင်းနှင့် ကမ္ဘာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာအချက်အလက်များကို စုစည်းတင်ပြပေးသွားမှာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်သမိုင်းဘာသာရပ်မေးခွန်းဟာ သမားရိုးကျ အလွတ်ကျက်မှတ်ဖြေဆိုသောစနစ်မှ ကျောင်းသား ကျောင်းသူများရဲ့ တွေးခေါ်ဆင်ခြင်မှုကို အားပေးသည့် ဝေမျှဝေဌာန်မေးခွန်းများ၊ သင်ခန်းစာတစ်ခုစီမှ အဓိကမှတ်သားသင့်သော အချက်များကို နားလည်သိရှိမှု ရှိ၊ မရှိ စစ်ဆေးသည့် မှတ်စုတိုမေးခွန်းများ၊ သမိုင်းအကြောင်းအရာ တစ်ခုစီ၏ အခြေခံအကြောင်းရင်းများနှင့် အကျိုးသက်ရောက်မှုများ မည်သို့ဆက်စပ်နေသည်ကို လေ့လာဆန်းစစ်ပြီး ဝေဖန်သုံးသပ်ရသော မေးခွန်းရှည်များပါဝင်ပါသည်။ ဒါ့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပြင်ဆင်နေကြတဲ့ ကျောင်းသား ကျောင်းသူများအတွက် မမေ့သင့်တဲ့ အဓိကအချက်များကို စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒီအချက်အလက်တွေကတစ်ဆင့် စာမေးပွဲအတွက် သေချာစွာပြင်ဆင်နိုင်ရန် အထောက်အကူဖြစ်မည်လို့ ယုံကြည်ပါတယ်။

ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းသင်ခန်းစာမှာ ကိုလိုနီခေတ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးပုံစံပြောင်းလဲမှုများ၊ လူမှုရေးပြောင်းလဲမှုများကို လေ့လာသင်ကြားရမှာဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်များကို လေ့လာတဲ့အခါ ပထမအင်္ဂလိပ်-မြန်မာစစ်(၁၈၂၄-၁၈၂၆)အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့အုပ်ချုပ်ရေးစနစ်၊ ဒုတိယအင်္ဂလိပ်-မြန်မာစစ်(၁၈၅၂-၁၈၅၃)အပြီး အင်္ဂလိပ်တို့ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တတိယအင်္ဂလိပ်-မြန်မာစစ်(၁၈၈၅)အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်နှင့် ဂျပန်ခေတ်အုပ်ချုပ်ရေးစနစ်တို့ကို လေ့လာကြရမှာဖြစ်တယ်။ မြန်မာနိုင်ငံဟာ အင်္ဂလိပ်တို့ရဲ့ကျူးကျော်စစ်ပွဲကို သုံးကြိမ်ရင်ဆိုင်ခဲ့ရတယ်။ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးမှာ တနင်္သာရီနှင့် ရခိုင်ကို အင်္ဂလိပ်တို့က သိမ်းယူခဲ့ပြီး ကုမ္ပဏီကတစ်ဆင့် အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒုတိယအင်္ဂလိပ်-မြန်မာစစ်အပြီးတွင် ပဲခူးနယ်ကို ထပ်မံသိမ်းယူခဲ့တဲ့အတွက် အောက်မြန်မာနိုင်ငံတစ်ခုလုံးဟာ အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ အင်္ဂလိပ်တို့က တနင်္သာရီ၊ ရခိုင်နှင့် အောက်မြန်မာပြည်(ပဲခူးနယ်)တို့ကိုပေါင်းပြီး ဗြိတိသျှဘားမား(British Burma) လို့ခေါ်တွင်ခဲ့တယ်။ ဗြိတိသျှဘားမားကိုအုပ်ချုပ်ဖို့ ကုမ္ပဏီအုပ်ချုပ်ရေးကနေ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တယ်။

မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးဟာ အိန္ဒိယဘုရင်ခံချုပ်ကို တာဝန်ခံပြီး အုပ်ချုပ်ရတဲ့စနစ်ဖြစ်တယ်။ မဟာဝန်ရှင်တော်မင်းကြီးဟာ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အခွန်ကောက်ခံရေးအာဏာစတဲ့ အာဏာသုံးရပ်ကို တစ်ဦးတည်း ကျင့်သုံးနိုင်တယ်။ ဒါပေမဲ့ သူမှာ ဥပဒေပြုပိုင်ခွင့်အာဏာမရှိတဲ့အတွက် လိုအပ်တဲ့ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတွေကို အိန္ဒိယဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးရတယ်။ မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးဟာ အရာရှိအဆင့်ဆင့်ကို လုပ်ပိုင်ခွင့်အာဏာနဲ့ တာဝန်များ တိကျစွာသတ်မှတ်ပေးထားတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ၁၀ နှစ်ကြာမြင့်တယ်။ ၁၈၉၇ ခုနှစ်မှာ မြန်မာနိုင်ငံကို ဗြိတိသျှပိုင် အိန္ဒိယအင်ပါယာရဲ့ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပြီးနောက် မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးအဆင့်ကနေ ဒုတိယဘုရင်ခံအုပ်ချုပ်ရေးအဆင့်သို့ တိုးမြင့်အုပ်ချုပ်ခဲ့တယ်။

ဒုတိယဘုရင်ခံအုပ်ချုပ်ရေးစနစ်မှာ ဘုရင်ခံဟာ မြန်မာနိုင်ငံအတွက် ဥပဒေပြုကောင်စီ ဖွဲ့စည်းခွင့်ရရှိတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် အိန္ဒိယမှာ အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲဖြစ်တိုင်း မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတယ်ဆိုတာ သိထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ၁၉၁၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဥပဒေပြဋ္ဌာန်းပေးခဲ့တယ်။ ဒါပေမဲ့ မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံကိုလည်း အုပ်ချုပ်ရေးစနစ်တိုးမြှင့်ပေးဖို့ မြန်မာပြည်သူတွေက အပြင်းအထန် တောင်းဆိုကြတဲ့အတွက် အင်္ဂလိပ်အစိုးရက ဒိုင်အာခီအုပ်ချုပ်ရေး ပေးခဲ့တယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိကြာမြင့်ခဲ့တယ်။ ဒီသင်ခန်းစာမှာ ဒိုင်အာခီအုပ်ချုပ်ရေးပေါ်ပေါက်လာပုံနဲ့ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို သေချာသိထားသင့်တယ်။

အင်္ဂလိပ်တို့ဟာ ဒိုင်အာခီအုပ်ချုပ်ရေးချမှတ်စဉ်ကတည်းက ၁၀ နှစ်ကာလပြီးရင် မြန်မာပြည်ရဲ့ အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးမယ်လို့ ကတိပေးခဲ့တယ်။ ဒါကြောင့် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရေးနဲ့ပတ်သက်ပြီး စုံစမ်းဖို့ ၁၉၂၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ဆာဂျွန်ဆိုင်မွန် ခေါင်းဆောင်တဲ့ ကော်မရှင်ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မရှင်ရဲ့အစီရင်ခံစာနဲ့ အကြံပေးချက်များအရ ၁၉၃၁ ခုနှစ်မှာ လန်ဒန်မှာ သီးခြားစုံညီအစည်းအဝေးကျင်းပခဲ့တယ်။ အစည်းအဝေးမှာ ခွဲရေးကိုလိုလားသူများနဲ့ တွဲရေးကိုလိုလားသူများဆိုပြီး အုပ်စုများကွဲပြားလာတဲ့အတွက် ခွဲရေးတွဲရေးပြဿနာကို ဆုံးဖြတ်ဖို့ အထူးရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ ရွေးကောက်ပွဲမှာ တွဲရေးကို ထောက်ခံတဲ့ဘက်က အနိုင်ရရှိခဲ့တယ်။ ဒါပေမဲ့ ဒီပြဿနာကို မြန်မာတို့အပြီးအပြတ်ဆုံးဖြတ်နိုင်ခြင်း မရှိနိုင်ဟုဆိုပြီး အင်္ဂလိပ်အစိုးရဟာ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၉၁ ဌာနအုပ်ချုပ်ရေးကို အကောင်အထည်ဖော်ခဲ့တယ်။

၉၁ ဌာနအုပ်ချုပ်ရေးဟာ ၁၉၃၇ ခုနှစ်ကနေ ၁၉၄၁ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးကို လေ့လာတဲ့အခါ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေ ပေါ်ပေါက်လာပုံ၊ ၉၁ ဌာနအုပ်ချုပ်ရေးမှာ ဘုရင်ခံစီရင်အုပ်ချုပ်ခွင့်ရတဲ့ဌာနများ၊ ၉၁ ဌာနအုပ်ချုပ်ရေးရဲ့ ဖွဲ့စည်းပုံအကြောင်းတွေကို သီးခြားလေ့လာထားသင့်တယ်။

ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများသည် အင်္ဂလိပ်အုပ်ချုပ်မှုအောက်တွင် အပြောင်းအလဲများစွာဖြစ်ခဲ့တယ်။ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းသည် ဒေသဖူလုံသည့် စိုက်ပျိုးရေးမှ ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့် ကူးသန်းရောင်းဝယ်ရေးအခြေပြု စိုက်ပျိုးရေးသို့ ပြောင်းလဲလာခဲ့တယ်။ အင်္ဂလိပ်အစိုးရသည် ဆန်စပါးထုတ်လုပ်မှုအား ပိုမိုအထောက်အပံ့ပြုခဲ့တယ်။ သစ်လုပ်ငန်းမှာလည်း ဗြိတိသျှကုမ္ပဏီများက သစ်များကို ခုတ်ယူခဲ့သည့်အတွက် သစ်တောဥပဒေထုတ်ပြန်ပြီး သစ်တောဌာနကို တည်ထောင်ပေးခဲ့တယ်။ ရေနံလုပ်ငန်းမှာတော့ BOC ကုမ္ပဏီက ဦးဆောင်ခဲ့တယ်ဆိုတာ သေသေချာချာလေ့လာထားသင့်တယ်။ သတ္တုနှင့်သယံဇာတလုပ်ငန်းမှာ နမ္မတူဘော်တွင်းမိုင်း၊ မိုးကုတ်ပတ္တမြားတွင်း၊ ရွှေဘိုကျောက်မီးသွေးတွင်းတို့ဟာ အင်္ဂလိပ်ကုမ္ပဏီများ အုပ်ချုပ်မှုအောက်သို့ ကျရောက်ခဲ့တယ်။ ဗြိတိသျှကုမ္ပဏီများက ကူးသန်းရောင်းဝယ်ရေးမှာ စျေးကွက်ကို ထိန်းချုပ်ခဲ့တဲ့အတွက် ပြည်တွင်းလက်မှုလုပ်ငန်းများ ထိခိုက်ခဲ့ရတယ်။ မီးရထား၊ မီးသင်္ဘော၊ ကားလမ်းများကို တိုးချဲ့လာနိုင်တဲ့အတွက် ကူးသန်းရောင်းဝယ်ရေး ပိုမိုလွယ်ကူလာစေခဲ့သော်လည်း စီးပွားရေးအမြတ်အစွန်းများဟာ အင်္ဂလိပ်တို့အတွက်သာ ရရှိခဲ့တယ်ဆိုတာ သိထားရမယ်။

ကိုလိုနီခေတ်မှာ စီးပွားရေးလုပ်ငန်းကြီးများကို ကိုလိုနီအစိုးရနဲ့ နိုင်ငံခြားသားအရင်းရှင်တို့က ပိုင်ဆိုင်ကြတယ်။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးမှာ ဘူလင်ဂျာပူးလ်အမည်နဲ့ ကုမ္ပဏီလေးခုကလည်းကောင်း၊ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဘုံဘောဘားမားကူးသန်းရောင်းဝယ်ရေးကုမ္ပဏီက လည်းကောင်း၊ မြန်မာ့ရေနံလုပ်ငန်းကို ဘီအိုစီကုမ္ပဏီက လည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဧရာဝတီဖလိုတီလာကုမ္ပဏီက လည်းကောင်း လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားခဲ့တယ်ဆိုတာလည်း သိထားရပါမယ်။

ကိုလိုနီခေတ်မှာ အရင်းရှင်စီးပွားရေးစနစ်နဲ့အတူ နိုင်ငံခြားသားအရင်းရှင်များ၊ အလုပ်သမားများ မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့အတွက် မြန်မာ့လူမှုအဖွဲ့အစည်းဟာ ပဒေသရာဇ်စနစ်ကို အခြေခံတဲ့ လူနေမှုစနစ်ကနေ အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံတဲ့လူနေမှုစနစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့တယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်အစိုးရဟာ လယ်ယာလုပ်ငန်းများ တိုးချဲ့လာခြင်းနဲ့အတူ ပြောင်းလဲသွားတဲ့ တောင်သူလယ်သမားများရဲ့ ဘဝအခြေအနေများကိုလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ လယ်ယာလုပ်ငန်းသာမက စက်မှုလုပ်ငန်းများတိုးချဲ့လာတဲ့အတွက် ပြည်ပမှ အလုပ်သမားများကို ခေါ်ယူခဲ့တယ်။ အလုပ်သမားများအနက် စက်မှုလုပ်ငန်းများမှာ လုပ်ကိုင်တဲ့အလုပ်သမားများရဲ့ဘဝအခြေက ပိုပြီးဆိုးရွားတယ်။ အထူးသဖြင့် ရေနံမြေ အလုပ်သမားများဟာ အရင်းရှင်များရဲ့ လက်ဝါးကြီးအုပ်အမြတ်ထုတ်သည့်ဒဏ်ကို ဆိုးရွားစွာခံကြရတယ်။ ၁၉၃၀ ပြည့်နှစ်မှာ ကြံ့တွေ့ရသော ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် အလုပ်သမားများရဲ့ဘဝဟာ ပိုမိုဆိုးရွားလာခဲ့တယ်ဆိုတာကိုလည်း လေ့လာထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အပံ့ဖြစ်စေတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး စက်မှုလက်မှုသင်တန်းကျောင်းများအပါအဝင် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံး တက္ကသိုလ်အဖြစ် ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာတယ်ဆိုတာလည်း သေသေချာချာ လေ့လာထားဖို့လိုတယ်။

ကိုလိုနီခေတ်မှာ ကျန်းမာရေးဌာနဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေးလုပ်ငန်းများနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့တယ်။ ဒါပေမဲ့ ကျေးလက်နေပြည်သူများဟာ မြန်မာဆေးဝါးများနဲ့ တိုင်းရင်းဆေးဆရာများကိုသာ မှီခိုအားထားနေကြရပြီး မြို့နေလူထုကတော့ အနောက်တိုင်းဆေးပညာနဲ့ ထိတွေ့မှုများလာတယ်။ ဆေးရုံများကို အားကိုးလာကြတယ်။ ဒါကြောင့် ရန်ကုန်၊ မန္တလေးနဲ့ အခြားခရိုင်မြို့ကြီးများမှာ ဆေးရုံများဖွင့်လှစ်နိုင်ခဲ့တယ်။

၂၀၂၅- ၂၀၂၆ ပညာသင်နှစ်အတွက် ပြဋ္ဌာန်းစာအုပ်မှာ ဂျပန်ခေတ် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှု သင်ခန်းစာများကို ထည့်သွင်းထားလို့ ဒီသင်ခန်းစာတွေကိုလည်း လေ့လာထားရမယ်။ ဂျပန်ခေတ်အုပ်ချုပ်ရေးကိုလေ့လာတဲ့အခါမှာ ဂျပန်ခေတ်ဟာ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ မြန်မာနိုင်ငံအားအုပ်ချုပ်ခဲ့တဲ့ ၁၉၄၂ ခုနှစ်မှ ၁۹۴۵ ခုနှစ်ကြားကာလကို ခေါ်ဆိုတာဖြစ်ကြောင်း သိထားဖို့လိုတယ်။ ဂျပန်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး မကြာမီမှာပဲ ဒေါက်တာဘာမော်ဦးဆောင်တဲ့ ယာယီအစိုးရကိုဖွဲ့စည်းခဲ့တယ်။ ၁۹۴۲ ခုနှစ် ဇွန်လမှာ လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ကို ဖွဲ့စည်းပြီး သြဂုတ် ၁ ရက်နေ့မှာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးဖို့ ကြေညာခဲ့တယ်။ ဒါပေမဲ့ ဂျပန်တို့ပေးတဲ့ လွတ်လပ်ရေးဟာ အတုအယောင်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှာ ဂျပန်စစ်တပ်ရဲ့ ထိန်းချုပ်မှုအောက်မှာသာရှိကြောင်း တွေ့ရတယ်။ ဂျပန်ခေတ်မှာ တန်ခိုးအာဏာအရှိဆုံးသူတို့မှာ ကင်ပေတိုင်ဂျပန်စစ် ပုလိပ်များသာဖြစ်တယ်။

ဂျပန်ခေတ်ဟာ ဒုတိယကမ္ဘာစစ်အတွင်းကာလဖြစ်လို့ မြန်မာ့စီးပွားရေးဟာ တိုးတက်မှုမရှိဘဲ စိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေနံလုပ်ငန်းများ ထုတ်လုပ်မှုကျဆင်းသွားတာတွေ့ရတယ်။ ဂျပန်တို့က စီးပွားရေးကို ထိန်းချုပ်နိုင်ဖို့ အကန့်အသတ်မရှိ ငွေစက္ကူများ ထုတ်ဝေခဲ့တဲ့အတွက် ပြည်သူများ၏ လူနေမှုဘဝကျဆင်းခဲ့ရတယ်။ ဂျပန်ခေတ်စီးပွားရေးဟာ မြန်မာပြည်သူများအတွက် အကျိုးမဖြစ်ဘဲ ဂျပန်တို့အတွက်သာ အသုံးချသောစီးပွားရေးစနစ်ဖြစ်ခဲ့တယ်လို့ ဆိုနိုင်တယ်။

ဂျပန်ခေတ်မှာ ယိုးဒယား-မြန်မာ မီးရထားလမ်းကို ဖောက်လုပ်ခဲ့တဲ့အတွက် မြန်မာပြည်သူများ သေဆုံးခဲ့ရတယ်။ သေဆုံးသူများ ပြားခဲ့သဖြင့် သေမင်းတမန်ရထားလမ်းဆိုပြီး သမိုင်းတွင်ခဲ့တယ်။ ဂျပန်ခေတ်ပညာသင်ကြားရေးစနစ်ကို လေ့လာတဲ့အခါ မဟာအရှေ့အာရှသာတူညီမျှကောင်းစားရေးအတွက်ဖြစ်ပြီး ဂျပန်စစ်ဘက်ဆိုင်ရာ အာဏာပိုင်တို့ကလည်း စာသင်ကျောင်းများမှာ ဂျပန်ဘာသာကို မသင်မနေရဘာသာအဖြစ် ပြဋ္ဌာန်းစေခဲ့တယ်။ ဂျပန်ခေတ်မှာ အစားအသောက်၊ အဝတ်အထည်၊ အိမ်ရာအဆောက်အအုံနှင့် ဆေးဝါးချို့တဲ့မှုကြောင့် ကပ်ရောဂါဖြင့် သေဆုံးသူအရေအတွက်လည်း များပြားခဲ့ပါတယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြောင်းလဲမှု (၁۹۴۸-၁۹۶၂)ကို လေ့လာရာမှာ ၁۹۴۸ ခုနှစ်မှ ၁۹۶۲ ခုနှစ် ကာလ အပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁۹۶۲ ခုနှစ်မှ ၁۹۶၀ ပြည့်နှစ်ကာလဟာ အိမ်စောင့်အစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁۹۶၀ ပြည့်နှစ်ကနေ ၁۹۶၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်ဆိုတာ သိထားရမယ်။

၁۹۴۸ ခုနှစ်မှ ၁۹۶၂ ခုနှစ်ကာလအတွင်း ဖဆပလအစိုးရဟာ ၁۹۴۷ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်တယ်။ ဖဆပလခေတ်မှာ ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော်နှစ်ရပ်ရှိတယ်။ လွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုပါလီမန်လို့ ခေါ်တယ်။ ပြည်ထောင်စုပါလီမန်မှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများရှိတယ်။ ၁۹۴۷ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုပုံစံပေါ်လွင်စေဖို့ ပြည်နယ်များကို ဖွဲ့စည်းထားရှိတယ်။ ဝန်ကြီးဌာနအလိုက် ဝန်ကြီးဌာနရုံးများ ဖွဲ့စည်းထားရှိပြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန်ခေါ်အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်နှင့် လက်ထောက်မြို့ပိုင်တို့ဟာ စီမံခန့်ခွဲရေးဆိုင်ရာတာဝန်များကို အဆင့်ဆင့်ဆောင်ရွက်ကြရတယ်။

ဖဆပလအစိုးရဟာ ၁۹၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ၁۹၅၃ ဒီမိုကရေစီဒေသန္တရ

စာမျက်နှာ ၂၇ သို့

စာမျက်နှာ ၂၆ မှအဆက်

အုပ်ချုပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့တယ်။ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးစီမံကိန်းဟာ ကျေးရွာကိုအခြေပြုတဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်တယ်ဆိုတာကိုလည်း သိထားရမယ်။ မြန်မာ့သမိုင်းမှာ ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ် လေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ်(ဒါမှမဟုတ်) ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။ မြန်မာ့သမိုင်းမှာ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု(ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ပထစအစိုးရရဲ့အုပ်ချုပ်ရေး ပုံစံကတော့ ယခင်ဖဆပလအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကိုပဲ အခြေခံထားတယ်ဆိုတာ သိထားရမယ်။ ပြည်ထောင်စု(ပထစ)အစိုးရလက်ထက်အတွင်း နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်လာတဲ့အတွက် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာစေတယ်။ မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလအစိုးရ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် စီးပွားရေး၊ လူမှုရေးပြောင်းလဲလာတဲ့ အခြေအနေတွေကိုလည်း သီးခြားကဏ္ဍအလိုက် လေ့လာသင့်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိကာလကို တော်လှန်ရေးကောင်စီခေတ်လို့ ခေါ်တယ်။ ဒီသင်ခန်းစာမှာ တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပုံ၊ တော်လှန်ရေးကောင်စီခေတ်မှာ ပြောင်းလဲကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်တွေ အကြောင်းကို လေ့လာထားဖို့လိုတယ်။ တော်လှန်ရေးကောင်စီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ ပြဋ္ဌာန်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အမြုတေပါတီကို စတင်တည်ထောင်ခဲ့တယ်ဆိုတာလည်း သိထားရမယ်။ တော်လှန်ရေးကောင်စီက ဝါဒသဘောထား ကြေညာချက်ထုတ်ပြန်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံမှာ အရင်းရှင်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မှာဖြစ်ကြောင်း ကြေညာခဲ့တယ်။ ပြည်သူပိုင်ကဏ္ဍကို ကျယ်ပြန့်လာအောင် ဆောင်ရွက်ခဲ့တယ်။ ကုန်သွယ်ရေးလုပ်ငန်း၊ သမဝါယမလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆိုရှယ်လစ်စီးပွားရေး မူဝါဒနဲ့အညီ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့တယ်။ တော်လှန်ရေးကောင်စီဟာ ဆိုရှယ်လစ်စနစ်နှင့်ကိုက်ညီပြီး အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုတဲ့ ပညာရေးမူဝါဒအသစ်များချမှတ်ခဲ့တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့တယ်။ စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၇၁ ခုနှစ်မှာ ဝိုဟာမက်ရီဇာပါလဗီဆုကိုလည်း ရရှိခဲ့တယ်။

တော်လှန်ရေးကောင်စီဟာ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့တယ်။ ဆေးပညာနီးနေ့ာဖလှယ်ပွဲများ ကျင်းပပေးတယ်။ တိုင်းရင်းဆေးပညာ ပြန့်ပွားလာရေးအတွက် ဆောင်ရွက်ပေးတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့တယ်။ အားကစားကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်နဲ့ဆောင်ရွက်ဖို့ မူဝါဒချမှတ် အကောင်အထည်ဖော်ပေးခဲ့တယ်ဆိုတဲ့ တော်လှန်ရေးကောင်စီခေတ်ရဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကို သိထားဖို့လိုတယ်။

၁၉۷۴ ခုနှစ်မှ ၁۹۸۸ ခုနှစ်အထိ ကာလဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ ၁۹۷۴ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့တယ်။ ၁۹۷۴ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်အမည်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖြစ်တယ်။ ဒီသင်ခန်းစာမှာ ၁۹۷۴ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြောင်းလဲလာသော အုပ်ချုပ်ရေးစနစ်၊ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်စီးပွားရေးပုံစံနဲ့ မြန်မာ့ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုများကို သေသေချာချာမှတ်ထားရမယ်။

ဒုံအပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာပုံ၊ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်မှ စျေးကွက်စီးပွားရေးစနစ်သို့ပြောင်းလဲလာပုံ၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ စီမံကိန်းကို ချမှတ်ခဲ့ပုံ၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများကို ကျေးရွာများနှင့် နယ်စပ်ဒေသများတွင် တိုးမြှင့်ဖွင့်လှစ်ခဲ့ပုံ စတာတွေကိုလည်း သိထားရမယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့သမိုင်းသင်ခန်းစာမှာ အခန်း ၄ ခန်း ပါဝင်တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြောင်းလဲလာသော ကမ္ဘာ့အနေအထား၊ ကမ္ဘာ့စီးပွားရေး၊ ပြောင်းလဲလာသော နည်းပညာများနဲ့ စီးပွားရေးပုံသဏ္ဌာန်များကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့ပြဿနာများ၊ တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုများကို လေ့လာရမှာဖြစ်တယ်။ ပထမဦးစွာ ဒုတိယကမ္ဘာစစ်ပြီးကာလ ပြောင်းလဲလာသော ကမ္ဘာ့အနေအထားသင်ခန်းစာကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့အနေအထားသင်ခန်းစာမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများဆိုပြီး ပါရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြောင်းကို လေ့လာတဲ့အခါမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆိုင်ရာ အမျိုးအစားအလိုက် အေဂျင်စီများ၊ ကုလသမဂ္ဂရဲ့အဓိကလုပ်ငန်းကြီး ၅ ရပ်နဲ့ ယင်းတို့ရဲ့ဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် လေ့လာသင့်တယ်။ ဒေသဆိုင်ရာအဖွဲ့အစည်းများအကြောင်းကို လေ့လာတဲ့အခါမှာ နေတိုး၊ အီးယူ၊ အာဆီယံ၊ အေပက်၊ ဘင်းမ်စတက်နဲ့ ဂျီအမ်အက်စ်စတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများပေါ်ပေါက်လာပုံနဲ့ အဲဒီအဖွဲ့အစည်းများရဲ့ ဆောင်ရွက်ချက်တွေကိုသိဖို့ သေသေချာချာ ပိုင်းခြားလေ့လာထားသင့်တယ်။

ကမ္ဘာ့နိုင်ငံရေးနှင့် ကမ္ဘာ့စီးပွားရေးဟာ အပြန်အလှန်ဆက်စပ်အကျိုးပြုနေတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့အတူ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများလည်း ပေါ်ပေါက်လာတယ်။ ဒုတိယကမ္ဘာစစ်အပြီးပေါ်ပေါက်လာတဲ့ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများထဲက ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ(အန်းတက်)၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဘရစ်စ်နဲ့ရုန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေဟာ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် တိုးတက်လာသောနည်းပညာများ၊ နည်းပညာကို အခြေပြု၍ ပြောင်းလဲလာသော ရင်းနှီးမြှုပ်နှံမှုပုံစံများ၊ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြောင်းလဲလာပုံ၊ နိုင်ငံတကာကုန်သွယ်ရေးရဲ့အရေးပါပုံ စတဲ့အကြောင်းတွေကိုလည်း သိထားရမယ်။ တိုးတက်လာသောနည်းပညာဟာ လူသားတို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာကို သိနားလည်ရမယ်။ ကမ္ဘာ့ရာသီဥတုဟာ ၁၉ ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေးပေါ်ပေါက်လာပြီးနောက် သိသာစွာပြောင်းလဲမှုများ ဖြစ်ပေါ်လာတယ်။

ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် သဘာဝအလျောက်သော်လည်းကောင်း၊ လူသားတို့ ပြုမူဆောင်ရွက်ချက်ကြောင့်သော်လည်းကောင်း ဖြစ်ပေါ်တယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများနှင့်ရင်ဆိုင်လာရပြီး ကမ္ဘာ့လူသားများ၏ ကျန်းမာရေးအပေါ် စိန်ခေါ်မှုများဖြစ်စေတယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးဆောင်ရွက်ချက်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ချက်များ၊ ရာသီဥတုဆိုင်ရာ ပြဿနာများကြောင့် လူသားတို့၏ ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများကို သိရှိထားဖို့လိုတယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော ကမ္ဘာ့နိုင်ငံများအနက် တရုတ်နိုင်ငံနဲ့စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့စိန်ခေါ်မှုတွေဟာ အရေးပါတဲ့အတွက် တစ်နိုင်ငံချင်း လေ့လာသင့်တယ်။

တရုတ်နိုင်ငံအကြောင်းကိုလေ့လာတဲ့အခါ တရုတ်နိုင်ငံထူထောင်ခြင်း၊ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်များက ချမှတ်ဆောင်ရွက်ခဲ့သော မူဝါဒများနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ တိန့်ရှောင်ဖိန်၏ ပြုပြင်ပြောင်းလဲမှုများ၊ ပြည်တွင်း ပြည်ပစိန်ခေါ်မှုများကို လေ့လာသိရှိဖို့လိုအပ်တယ်။ ပြည်တွင်းပြည်ပစိန်ခေါ်မှုများကို လေ့လာတဲ့အခါ တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူဦးရေဆိုင်ရာစိန်ခေါ်မှုများ အပြင် တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ရပ်ဝန်းနှင့်လမ်းအစီအစဉ်-ဘီအာအိုင်ကိုလည်းသိဖို့ လိုအပ်တယ်။ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

စင်ကာပူနိုင်ငံအကြောင်းကို လေ့လာတဲ့အခါ စင်ကာပူနိုင်ငံထူထောင်ခြင်း၊ စင်ကာပူနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်ရာတွင် အဓိကဦးဆောင်ခဲ့သော ပီအေပီပါတီနဲ့ နိုင်ငံခေါင်းဆောင်များရဲ့ အခန်းကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းဟာ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးနဲ့လူမှုရေးတို့အပေါ် စိန်ခေါ်မှုများဖြစ်ပေါ်စေကြောင်းကိုလည်း သိထားဖို့လိုအပ်တယ်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သမိုင်းဘာသာဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို မှာလိုတာကတော့ ၂၀၂၅-၂၀၂۶ ပညာသင်နှစ်အတွက် ပြဋ္ဌာန်းထားသော ကျောင်းသုံးသမိုင်းဖတ်စာအုပ်ကို စနစ်တကျ ပြည့်ပြည့်စုံစုံလေ့လာထားရန် အရေးကြီးပါတယ်။သမိုင်းဘာသာကိုလေ့လာရာတွင်သင်ခန်းစာတစ်ခုတည်းကိုသာ ရွေးချယ်မလေ့လာဘဲ သင်ခန်းစာအားလုံးကို လေ့လာသိရှိထားဖို့ လိုပါတယ်။ သမိုင်းကို နားလည်သဘောပေါက်ဖို့အတွက် သင်ခန်းစာတိုင်းရဲ့ အဓိကအချက်များ၊ သမိုင်းစဉ်အချိတ်အဆက်များကို သေချာဖော်ထုတ်၍ လေ့လာသိရှိထားခြင်းက အထူးအရေးကြီးပါတယ်။ စာမေးပွဲဖြေဆိုချိန်မှာလည်း မေးခွန်းအကြောင်းအရာနှင့် သက်ဆိုင်သော အချက်အလက်များကိုသာ တိကျသေချာစွာဖြေဆိုရန်လိုအပ်ပါတယ်။ ၂၀၂۶ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအားလုံး ကောင်းမွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ခင်ဦး ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၄၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၀၃၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ၂၅၄၁ ဧက လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ၃၀၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထား ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ်တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်ရေဆင်း (၈) နှင့်ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကြကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ကုလားပဲကို အဓိကသီးနှံအဖြစ် စိုက်ပျိုးသည့်အပြင် သီးထပ်သီးညှပ်လည်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ် ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

သြစတြေးလျှနိုင်ငံ အနောက်သြစတြေးလျှပြည်နယ် ပက်သ်မြို့အနီးတွင် လောင်ကျွမ်းနေသော တောမီးကို အရေးပေါ်အဆင့်သတ်မှတ်ထားရာမှ ပြန်လည်ရုပ်သိမ်း

ကင်ဘာရာ ဖေဖော်ဝါရီ ၈

သြစတြေးလျှနိုင်ငံ အနောက်သြစတြေးလျှပြည်နယ် ပက်သ်မြို့အနီးတွင် တောမီးလောင်ကျွမ်းမှုကို အရေးပေါ်အဆင့်အဖြစ် သတ်မှတ်ထားပြီး တောမီးကို အင်အားသုံးကာ ဒြွမ်းသတ်ခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်မှ စတင်၍ တောမီးကို အရေးပေါ်အဆင့် သတ်မှတ်ထားရာမှ ပြန်လည်ရုပ်သိမ်းကြောင်း အနောက်သြစတြေးလျှပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

တောမီးသည် ပက်သ်မြို့အနီး ရှိဒါလင်တန်ဧရိယာနှင့် ဟယ်လင်နာချိုင့်ဝှမ်းတို့တွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး လူနေအိမ်များကိုပါ တောမီးကူးစက် လောင်ကျွမ်းခဲ့ကြောင်း၊ တောမီးကြောင့် ပျက်စီးဆုံးရှုံးမှုများကို စိစစ်နေဆဲဖြစ်ပြီး တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်ပြီးပါက ပျက်စီးဆုံးရှုံးမှုကို အသေးစိတ် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်သော်လည်း အချိန်ကာလတစ်ခုထိ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း အနောက်သြစတြေးလျှပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ပက်သ်မြို့မှာ လောင်ကျွမ်းနေတဲ့ တောမီးကို စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါတယ်။ ဒါကြောင့် အရေးပေါ်အခြေအနေကို ပြန်လည် ရုပ်သိမ်းလိုက်ပြီဖြစ်ပါတယ်။ အရေးပေါ်အခြေအနေကို ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဖြစ်ပေမဲ့လဲ ဒါလင်တန် ဧရိယာအနီးမှာ လောင်ကျွမ်းနေတဲ့ တောမီးကို တော့ ဆက်လက်စောင့်ကြည့်သွားရမှာဖြစ်ပါတယ်" ဟု အနောက်သြစတြေးလျှပြည်နယ် အာဏာပိုင် အဖွဲ့အစည်းမှ တာဝန်ရှိသူ မက်ဂရိတ်က ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ကင်ညာနိုင်ငံမြောက်ဘက်ပိုင်းတွင် မိုးခေါင်ရေရှားပါးမှုကြောင့် ဆိတ်နှင့်နွားအကောင်ရေအမြောက်အများ သေဆုံးခဲ့

နိုင်ရိုဗီ ဖေဖော်ဝါရီ ၈

ကင်ညာနိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး မိုးခေါင်ရေရှားပါးမှုပြဿနာကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရပြီး ကင်ညာနိုင်ငံ မြောက်ဘက်ပိုင်းတွင် ဆိတ်နှင့်နွားများ အစာရေစာပြတ်လပ်ကာ အကောင်ရေအမြောက်အများ သေဆုံးခဲ့ကြောင်း မွေးမြူရေးလုပ်ငန်းရှင်များအသင်းက ထုတ်ပြန်သွားခဲ့သည်ဟု ဖေဖော်ဝါရီ ၇ ရက်သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် ခက်ခဲနေသည့်အတွက် စားနပ်ရိက္ခာမလုံလောက်မှုဖြင့် ရင်ဆိုင်နေရသကဲ့သို့ မွေးမြူရေးလုပ်ငန်းကဏ္ဍာပါ ထိခိုက်လာသည့်အတွက် စားနပ်ရိက္ခာ မလုံလောက်မှု ပြဿနာ ပိုမိုကြီးထွားလာနိုင်သည့် အခြေအနေဖြစ်နေကြောင်း သိရသည်။

"မြောက်ဘက်ပိုင်းဒေသတွေမှာ မိုးခေါင်တဲ့ပြဿနာကြောင့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေ ထိခိုက်ပျက်စီးမှုနှုန်းမြင့်မားနေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ဖို့ ခက်ခဲနေတဲ့အတွက် စားနပ်ရိက္ခာမလုံလောက်တဲ့ ပြဿနာနဲ့ရင်ဆိုင်နေရတဲ့ အခြေအနေမှာ မွေးမြူရေးလုပ်ငန်းတွေလဲ ကြီးမားတဲ့ ရိုက်ခတ်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့အတွက် စားနပ်ရိက္ခာလုံလောက်မှုမရှိတဲ့ ပြဿနာဟာ ပိုပြီးတော့ကြီးမားလာနိုင်ပါတယ်။ ဒါကြောင့် အစိုးရရဲ့ အကူအညီတွေ လိုအပ်နေပါတယ်" ဟု မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် မြေပြိုမှုဖြစ်ပွားပြီး လူရှစ်ဦး သေဆုံး

မနီလာ ဖေဖော်ဝါရီ ၈

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း မင်ဒါနာအိုကျွန်းရှိ ကာဂါယန်ဒဲအိုရိုမြို့နှင့် လာနာအိုဒယ်နော်တေးမြို့တို့တွင် ဖေဖော်ဝါရီ ပထမပတ်က ဖြစ်ပွားခဲ့သည့် မြေပြိုမှုကြောင့် သေဆုံးသူ ရှစ်ဦးထိရှိလာကြောင်း ဒေသအာဏာပိုင်များက ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ မြေပြိုမှုကြောင့် တောင်တန်း အောက်ခြေတွင် တည်ရှိသော လူနေအိမ်များပေါ်သို့ မြေဆီလွှာများနှင့် အပျက်အစီးများ အစုလိုက်အပြုံလိုက် ပြိုကျခဲ့ကြောင်း၊ သေဆုံးသူများအနက် လေးဦးမှာ ကာဂါယန်ဒဲအိုရိုမြို့မှ ဖြစ်ပြီး ကျန်လေးဦးမှာ လာနာအိုဒယ်နော်တေးမြို့မှ ဖြစ်ကြောင်း သိရသည်။

အပူပိုင်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းနေသဖြင့် မြေဆီလွှာများ ပျော့လာကာ ယခုကဲ့သို့ မြေပြိုမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက အခင်းဖြစ်ပွားရာသို့ ချက်ချင်း လာရောက်ရှာဖွေကယ်ဆယ်ခဲ့သော်လည်း သေဆုံးသူများကို အသက်မကယ် နိုင်ခဲ့ကြောင်း အာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် အပူပိုင်းမုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ နေရာတချို့တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားနေပြီး အမျိုးသား သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီ၏ ထုတ်ပြန်ချက်အရ မင်ဒါနာအိုကျွန်း အရှေ့မြောက်ပိုင်းရှိ ကာရာဂါဒေသတစ်လျှောက် ရွာပေါင်း ၂၁ ရွာမှ မိသားစု ၁၈၄၈ စု၊ လူဦးရေ စုစုပေါင်း ၆၁၅၂ ဦးခန့် မုန်တိုင်းကြောင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

စပိန်နိုင်ငံတွင် မာတာမုန်တိုင်း တိုက်ခတ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

မက်ဒရစ် ဖေဖော်ဝါရီ ၈

စပိန်နိုင်ငံတွင် လီယိုနာဒို မုန်တိုင်း တိုက်ခတ်ပြီးနောက် မာတာမုန်တိုင်း ဆက်လက်တိုက်ခတ်နိုင်သဖြင့် အာဏာပိုင်များက ယနေ့တွင် သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

လီယိုနာဒို မုန်တိုင်းသည် ဖေဖော်ဝါရီ ၅ ရက်က အီဘာရီယန်ကျွန်းဆွယ်ကို ပြင်းထန်စွာ တိုက်ခတ်ခဲ့ပြီး ကျွန်းပေါ်နေ ဒေသခံဦးရေ ၁၁၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ ထို့ပြင် စပိန်နိုင်ငံ တောင်ပိုင်း မာလာဂါပြည်နယ်တွင်လည်း Turvilla မြစ်ရေလျှံကာ မြစ်အနီး နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ယနေ့တွင် စပိန်နိုင်ငံ မိုးလေဝသအေဂျင်စီက နောက်ထပ် မုန်တိုင်းတစ်ခုဖြစ်သော မာတာမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်သဖြင့် သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

မာတာမုန်တိုင်းဝင်ရောက်တိုက်ခတ်စဉ် လူသေဆုံးမှုများ၊ အိမ်အဆောက်အအုံများ ပျက်စီးမှုနှင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်နိုင်သဖြင့် အာဏာပိုင်များက ကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် လေထုပူနွေးလာပြီး အစိုဓာတ်ပိုမိုထိန်းထားနိုင်သဖြင့် စပိန်နိုင်ငံ အပါအဝင် ဥရောပတစ်ဝန်းတွင် ရေကြီးရေလျှံမှုများ ထပ်မံ၍ဖြစ်ပေါ်လာနိုင်ကြောင်း၊ လက်ရှိတွင် စပိန်အာဏာပိုင်များက မုန်တိုင်းတိုက်ခတ်နိုင်သည့် ဒေသမှ ပြည်သူများကို မိုးလေဝသ သတိပေးချက်များအတိုင်း အတိအကျ လိုက်နာရန်နှင့် ရေလွှမ်းမိုးနိုင်သည့် ဒေသများမှ ဘေးလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်းနိုင်ရေး သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

ပေါ်တူဂီနိုင်ငံတွင် ခရစ္စတင်းမုန်တိုင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကုန်ကျစရိတ် ကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံခန့်ထိရှိလာ

လစ္စဘွန်း ဖေဖော်ဝါရီ ၈

ပေါ်တူဂီနိုင်ငံတွင် ဇန်နဝါရီလနောက်ဆုံးပတ်က တိုက်ခတ်ခဲ့သော ခရစ္စတင်းမုန်တိုင်းကြောင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံခန့်ထိ ရှိလာကြောင်း ဖေဖော်ဝါရီ ၇ ရက် သတင်းများအရ သိရသည်။

ပေါ်တူဂီနိုင်ငံတွင် ခရစ္စတင်းမုန်တိုင်းကြောင့် လူနေအဆောက်အအုံနှင့် အခြေခံအဆောက်အအုံများထိခိုက်ခြင်း၊ စီးပွားရေးလုပ်ငန်းများရပ်တန့်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း၊ အစိုးရ၏ကနဦးခန့်မှန်းချက်အရ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရန် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံခန့်ရှိသည်ဟု ပေါ်တူဂီ စီးပွားရေးဝန်ကြီး မန်ရှယ်ရယ်ကက်စထိုက ပြောကြားခဲ့သည်။

"မုန်တိုင်းကြောင့် ဖြစ်ပေါ်လာတဲ့ ထိခိုက်မှုတွေဟာ နိုင်ငံ့စီးပွားရေးအတွက် သိသာထင်ရှားတဲ့ တုန်လှုပ်ချောက်ချားမှု တစ်ရပ်ဖြစ်လာပါတယ်။ အခုဖော်ပြထားတဲ့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံဆိုတာ လမ်း၊ တံတား၊ လူနေအိမ်နဲ့ စက်မှုဇုန်တချို့ကို ပြန်လည်တည်ဆောက်ဖို့လိုအပ်မဲ့ ကုန်ကျစရိတ်သာဖြစ်ပြီး စက်မှုလုပ်ငန်းထောက်ပံ့ရေးကွင်းဆက်တွေ ပျက်စီးသွားတာကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဆုံးရှုံးမှုတွေ မပါဝင်သေးပါဘူး"ဟု ပေါ်တူဂီ စီးပွားရေးဝန်ကြီး မန်ရှယ်ရယ်ကက်စထိုက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ပေါက်ပေါက်

ကလေးများတွင်အဖြစ်များသော ဆုံဆို့နာရောဂါ

ဆုံဆို့နာရောဂါ ဆိုသည်မှာ

ဆုံဆို့နာရောဂါ (Diphtheria) သည် Corynebacterium Diphtheriae ဘက်တီးရီးယားပိုးကြောင့် ဖြစ်ပွားလေ့ရှိသည်။ ၎င်းပိုးမှ ထုတ်လွှတ်လိုက်သောအဆိပ်(Exotoxin)သည် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းနှင့် တစ်သျှူးများကို အန္တရာယ်ဖြစ်စေပြီး အထူးသဖြင့် လည်ချောင်းနှင့် နှာခေါင်းအမြှေးပါးများကို ထိခိုက်ပျက်စီးစေနိုင်သည်။ တစ်နည်းဆိုသော် Corynebacterium Diphtheriae ဘက်တီးရီးယားပိုး ကူးစက်ခံထားရသူ နှာချေ၊ ချောင်းဆိုးရာမှ တစ်ဆင့် ထွက်လာသော ရောဂါပိုးပါဝင်သည့် အစက်အမှုန်များ(Droplets)သည် အသက်ရှူလမ်းကြောင်းအတွင်း တိုက်ရိုက်ဝင်ရောက်ခြင်းဖြင့် အများဆုံး ကူးစက်နိုင်သည်။ ဆုံဆို့နာရောဂါသည် လည်ချောင်းနှင့် အာသီး(Tonsil)တို့တွင် ရောဂါဖြစ်စေပြီး အရေပြားတွင် အနာများဖြစ်ပွားစေသည်။ ရောဂါပိုးရှိသူ၏ အနာများကို ထိတွေ့ရာမှတစ်ဆင့်လည်း ကူးစက်နိုင်သည်။ ဆုံဆို့နာရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပွားတတ်သော်လည်း ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသော အသက် ၁၅ နှစ်အောက် ကလေးများတွင် ပိုမိုဖြစ်ပွားနိုင်သည်။

ဆုံဆို့နာရောဂါ ရာဇဝင်

ဆုံဆို့နာရောဂါကို ဘီစီငါးရာစုတွင် ဟစ်ပိုကရေးတီး(Hippocrates)က စတင်တွေ့ရှိခဲ့ပြီး ဂရိဘာသာစကားဖြင့် လည်ချောင်းအတွင်း သားရေပြားတွေ့ရှိခြင်း(Leather Hide)ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ဆုံဆို့နာရောဂါ ကာကွယ်ဆေးကို ၁၉၂၀ ပြည့်နှစ်တွင် စတင်စမ်းသပ်ထုတ်လုပ်ခဲ့ပြီး ၎င်းဆုံဆို့နာကာကွယ်ဆေးမထိုးနှံမီကာလဖြစ်သော ၁၉၂၁ ခုနှစ်အတွင်း အမေရိကန်နိုင်ငံတွင် ဆုံဆို့နာဖြစ်ပွားသူဦးရေ ၂၀၆၀၀၀နှင့် သေဆုံးသူဦးရေ ၁၅၅၂၀ ဖြစ်ပေါ်ခဲ့သည်။ တစ်ကမ္ဘာလုံးအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် ဆုံဆို့နာရောဂါဖြစ်ပွားသူ ၁၁၆၂၅ ဦးရှိခဲ့ပြီး ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့၍ ၂၀၁၄ ခုနှစ် ရောက်သောအခါ တစ်ကမ္ဘာလုံးတွင် ရောဂါဖြစ်ပွားသူ ၇၂၃၁ ဦးထိ ကျဆင်းလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ထုတ်ပြန်ထားသည်။ သို့သော် ၂၀၁၈ ခုနှစ် တစ်နှစ်တည်းတွင် ဆုံဆို့နာရောဂါဖြစ်ပွားမှုပေါင်း ၁၆၀၀၀ ခန့်ရှိခဲ့ကြောင်း တွေ့ရသည်။

ဆုံဆို့နာရောဂါ ဖြစ်ရသည့်အကြောင်းရင်း

ဆုံဆို့နာရောဂါဖြစ်စေသည့်အကြောင်းရင်းသည် ရောဂါပိုးရှိသူ၏အသုံးအဆောင်များ ကိုင်တွယ်မိခြင်းကြောင့်ဖြစ်သည်။ ရောဂါရှိသူ၏ သုံးပြီးသားတစ်သျှူးကို ကိုင်တွယ်မိခြင်း၊ ရောဂါရှိသူ၏ သောက်ပြီးသားဖန်ခွက်ကို မဆေးဘဲ သောက်မိခြင်းသို့မဟုတ် ရောဂါပိုးရှိသူ၏ အခြားပစ္စည်းတစ်ခုခုကို ကိုင်တွယ်မိခြင်းစသည်တို့ကြောင့်လည်း ဆုံဆို့နာရောဂါ ဖြစ်နိုင်သည်။ ထို့ပြင် ဆုံဆို့နာပိုးဝင်နေသည့်အနာကို ကိုင်တွယ်မိလျှင်လည်း ထိုဘက်တီးရီးယားပိုးက မိမိထံကူးစက်လာနိုင်သဖြင့် မပေါ့ဆသင့်ပေ။

ဆုံဆို့နာရောဂါ ဖြစ်နိုင်ခြေကို မြင့်တက်စေသည့် အကြောင်းရင်းများမှာ ကာကွယ်ဆေး အချိန်မှန်ထိုးနှံမှုမရှိခြင်း၊ကာကွယ်ဆေးထိုးနှံပေးနိုင်ခြင်းမရှိသော နိုင်ငံသို့ခရီးသွားခြင်း၊ AIDS ကဲ့သို့ ခုခံအားကျရောဂါရှိခြင်း၊ သန့်ရှင်းမှုမရှိ၍ လူနေထူထပ်သောနေရာများတွင် နေထိုင်ခြင်းတို့ဖြစ်သည်။

ရောဂါဖြစ်စဉ် အဆင့်ဆင့်

ဆုံဆို့နာရောဂါသည် လူတစ်ဦးမှတစ်ဦး နီးကပ်စွာ ထိတွေ့မှုဖြင့်လည်းကောင်း၊ အသက်ရှူလမ်းကြောင်းမှလည်းကောင်း ကူးစက်တတ်ပြီး ရောဂါလက္ခဏာမပြခင် ရောဂါပျိုးရက်မှာ ၂ ရက် မှ ၅ ရက် အတွင်းဖြစ်သည်။

ဆုံဆို့နာရောဂါ ကူးစက်ခံရပါက လည်ချောင်းထဲတွင် ပိုးများပွားလာခြင်း၊ ရောဂါပိုးအဆိပ်အတောက်များကြောင့် လည်ချောင်းနာခြင်း၊ စားချင်သောက်ချင်စိတ်မရှိခြင်း၊ အဖျားအနည်းငယ်ရှိခြင်းနှင့် အစာမျိုရန်ခက်ခဲခြင်းများ ဖြစ်ပေါ်လာနိုင်သည်။



ကူးစက်ခံရပြီးနောက် နှစ်ရက်၊ သုံးရက်အတွင်း အာခေါင်၊ အာသီး၊ လည်ချောင်း သို့မဟုတ် အသံအိုးပေါ်တွင် ဖြူပြာရောင် သို့မဟုတ် မီးခိုးရောင်အမြှေးပါးကလေးဖြစ်ပေါ်လာပြီး အဆိုပါ အမြှေးပါးသည် လည်ချောင်း၏ အာခေါင်နု(soft plate)တွင် ကပ်လျက်ရှိကာ သွေးယိုစီးတတ်သည်။ သွေးယိုစီးပြီးနောက် အမြှေးပါးသည် အစိမ်းပုပ်ရောင် သို့မဟုတ် အနက်ရောင်သို့ပြောင်းလဲသွားသည်။ ၎င်းအခြေအနေတွင် လူနာအနေဖြင့် ရောဂါသက်သာလာနိုင်သော်လည်း တချို့မှာ ပိုမို၍ အားအင်လျော့နည်းလာပြီး နှလုံးနှင့် အာရုံကြောသို့ ပျံ့နှံ့သွားပါက ခြောက်ရက်မှ ၁၀ ရက်အတွင်း အသက်ဆုံးရှုံးသွားနိုင်သည်။

ရောဂါလက္ခဏာများ

ဆုံဆို့နာရောဂါ၏ အထင်ရှားဆုံးလက္ခဏာမှာ လည်ချောင်းနှင့် လျှာခင်တို့တွင် ထူထဲသော မီးခိုးရောင်အကွက်များဖြစ်ပေါ်တတ်ပြီး အခြားလက္ခဏာများမှာ အဖျားတက်ခြင်း၊ ချမ်းတုန်ခြင်း၊ လည်ပင်းရောင်ရမ်းခြင်း၊ အားပြင်းစွာချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း၊ အသားအရေ အနည်းငယ်ပြာနှမ်းခြင်း၊ အသက်ရှူလမ်းကြောင်းပိတ်ဆို့ခြင်းနှင့် မသက်မသာဖြစ်ခြင်းတို့ ပါဝင်သည်။

ရောဂါအခြေအနေ ပိုဆိုးလာပါက အသက်ရှူရခက်ခဲခြင်း သို့မဟုတ် အသက်ရှူလမ်းကြောင်းရောင်ရမ်းခြင်း၊ အသက်ရှူလမ်းကြောင်းပိတ်ဆို့ခြင်း၊ အမြင်အာရုံပြောင်းလဲခြင်း၊ စကားပြောမပီသခြင်း၊ အရေပြားအရောင်ဖျော့၍ ကိုယ်လက်အေးစက်ခြင်း၊ ချွေးပြန်ခြင်းနှင့် ရက်သတ္တနှစ်ပတ်မှ ခြောက်ပတ်အကြာတွင် နှလုံးခုန်နှုန်း မူမမှန်ဖြစ်ပွားတတ်ပြီး နှလုံးရောဂါရရှိသွားနိုင်ကာ တချို့သော ဆုံဆို့နာရောဂါဖြစ်ပွားသူများအနေဖြင့် နှလုံးကြွက်သားများနှင့် နှလုံးအဆို့များရောင်ပြီး နာတာရှည်နှလုံးရောဂါဖြစ်ပွားနိုင်သည်။

အာရုံကြော ထိခိုက်ပျက်စီးပါက အကြောသေခြင်းကိုလည်း နောက်ဆက်တွဲ ဖြစ်ပွားနိုင်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ အသိပေးထုတ်ပြန်ထားသည်။

ဆုံဆို့နာ၏ နောက်ဆက်တွဲပြဿနာများ

ဆုံဆို့နာရောဂါသည် အစောပိုင်းအဆင့်တွင် ကုသ၍ လုံးဝပျောက်ကင်းနိုင်သော်လည်း မကုသဘဲ ထားသည့်အခါတွင် အရေးကြီးသော ကိုယ်တွင်းအင်္ဂါများနှင့် ၎င်း၏ လုပ်ငန်းဆောင်တာများကို ဆိုးရွားစွာ ထိခိုက်စေသည့် နောက်ဆက်တွဲပြဿနာများစွာကို ထွက်ပေါ်လာစေသည်။ ၎င်းတို့မှာ -

အသက်ရှူပြဿနာများဖြစ်ပေါ်ခြင်း- ဆုံဆို့နာဖြစ်စေသော ဘက်တီးရီးယားများသည် အဆိပ်အတောက်များကို ထုတ်ပေးနိုင်ပြီး ရောဂါပိုးကူးစက်ခံရသည့်နေရာတွင် တစ်သျှူးများကို ပျက်စီးစေနိုင်သည်။ ယေဘုယျအားဖြင့် လည်ချောင်းနှင့် နှာခေါင်းတို့ဖြစ်၍ အသက်ရှူလမ်းကြောင်း ပိတ်ဆို့ခြင်းဖြစ်စေနိုင်သည်။

နှလုံးထိခိုက်ခြင်း- ဆုံဆို့နာအဆိပ်အတောက်များသည် သွေးကြောမှတစ်ဆင့်ပျံ့နှံ့နိုင်ပြီး နှလုံးကြွက်သားများကဲ့သို့ ခန္ဓာကိုယ်ရှိ အခြားတစ်သျှူးများကိုပျက်စီးစေကာ နှလုံးကြွက်သားရောင်ခြင်းအပါအဝင် နောက်ဆက်တွဲပြဿနာများကို ဖြစ်စေနိုင်သည်။

အာရုံကြောထိခိုက်ခြင်း- အဆိပ်အတောက်များသည် အာရုံကြောစီးဆင်းမှုကိုထိခိုက်ပြီး အစာမျိုရခက်ခဲစေသည်။ ထို့ပြင် လက်နှင့် ခြေထောက်ရှိ အာရုံကြောများရောင်ရမ်းလာကာ ကြွက်သားများအားနည်းလာနိုင်သည်။ ဆုံဆို့နာရောဂါပိုး၏ အဆိပ်အတောက်သည် အာရုံကြောများကိုဖျက်ဆီးပစ်သဖြင့် အသက်ရှူမှုကို ကမောက်ကမဖြစ်စေရာ ထိုအခြေအနေမျိုးတွင် အသက်ရှူရန်စက်ပိုင်းဆိုင်ရာ အကူအညီ လိုအပ်သည်။

ဆုံဆို့နာရောဂါ အဖြေရှာခြင်း

ဆုံဆို့နာရောဂါ ဟုတ်၊ မဟုတ်အဖြေရှာရန်အတွက် အသေချာဆုံးနည်းလမ်းမှာ အသားစယူ၍ အတည်ပြုခြင်းဖြစ်သည်။ အသားစယူခြင်းဆိုသည်မှာ ရောဂါဖြစ်နေသော အသားမျှင်နမူနာကိုယူပြီး ဓာတ်ခွဲခန်းပို့၍ စစ်ဆေးခြင်းအားဖြင့် ဆုံဆို့နာရောဂါပိုး ရှိ၊ မရှိ သိနိုင်မည်ဖြစ်သည်။

ဆုံဆို့နာရောဂါအတွက် ဆောင်ရန်၊ ရှောင်ရန် အစားအစာများ

ဆုံဆို့နာရောဂါသည် အသက်ရှူလမ်းကြောင်းကို ထိခိုက်စေပြီး အစာမျိုရခက်ခဲစေသည့် ပြင်းထန်သော ကူးစက်ရောဂါတစ်ခုဖြစ်သည်။ ထို့ကြောင့် အစားအစာကိုရွေးချယ်ရာတွင် မျိုချရလွယ်ကူခြင်းနှင့် အာဟာရဓာတ်ပြည့်ဝခြင်းကို အဓိကထားရမည်။

ဆုံဆို့နာဖြစ်လျှင် လည်ချောင်းတွင်းအမြှေးပါးရောင်ရမ်းခြင်း ဖြစ်ပေါ်တတ်သောကြောင့် နူးညံ့ပြီး အရည်ရွှမ်းသော အစားအစာများကို စားပေးသင့်သည်။ (က)အရည်အမျိုးမျိုး ဥပမာ လတ်ဆတ်သော သစ်သီးဖျော်ရည်၊ စွပ်ပြုတ်ရည်တို့ကို များများတိုက်ပေးပါ။ ၎င်းတို့သည် ခန္ဓာကိုယ်ရေဓာတ် မခမ်းခြောက်စေရန်နှင့် အဆိပ်အတောက်များဖယ်ရှားရန် ကူညီပေးသည်။ (ခ)နူးညံ့သောအစားအစာများ ဥပမာ ဆန်ပြုတ်၊ ကန်စွန်းဥပြုတ်နှင့် ဒိန်ချဉ်တို့ကို ကျွေးနိုင်ပါသည်။ (ဂ)ပရိတင်းဓာတ်ကြွယ်ဝသော အစားအစာများ ဥပမာကြက်ဥပြုတ် သို့မဟုတ် ငါးကိုအရိုးမပါစေဘဲ နူးညံ့အောင်ချက်ကျွေးခြင်းဖြင့် ခန္ဓာကိုယ်ပြန်လည်ကျန်းမာလာစေရန် ကူညီပေးသည်။ (ဃ)အစာကို နည်းနည်းနှင့် အကြိမ်ကြိမ်ကျွေးပါ။ လည်ချောင်းနာနေချိန်တွင် တစ်ခါတည်း အများကြီးစားရန်ခက်ခဲသောကြောင့် တစ်ခါစားလျှင် နည်းနည်းဖြင့် အကြိမ်ကြိမ်ကျွေးပေးပါ။

လည်ချောင်းကို ပွန်းပဲ့စေနိုင်သော သို့မဟုတ် ရောင်ရမ်းမှုကို ပိုဆိုးစေနိုင်သောအရာများကို ရှောင်ရမည်။ (က)မာကျောသော အစားအစာများ ဥပမာ မုန့်ကြွပ်၊ အကြော်စုံ၊ အခွံမာသီး၊ အသီးအရွက်အစိမ်းနှင့် မုန်လာဥနီအစိမ်းတို့ကိုရှောင်ပါ။ လည်ချောင်းရှိ အမြှေးပါးကို ပွန်းစေပြီး သွေးထွက်စေနိုင်သည်။ (ခ)အစပ်နှင့် အချဉ်လွန်ကဲသော အစားအစာများ ဥပမာ ငရုတ်သီး၊ အချဉ်ထုပ်များနှင့် အချဉ်ဓာတ်လွန်ကဲသောအသီးများ(သံပရာသီး၊လိမ္မော်သီးအချဉ်)သည် လည်ချောင်းကို ပိုမိုယားယံစေပြီး နာကျင်စေသည်။ (ဂ)အစားအစာများကို အလွန်ပူနေစဉ်မစားသင့်ဘဲ ခပ်နွေးနွေးသာ စားသင့်သည်။ (ဃ) အချိုရည်နှင့် မုန့်ချိုများကိုရှောင်ပါ။ သကြားဓာတ်များလွန်းခြင်းသည် ကိုယ်ခံအားစနစ်ကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။

အထူးသတိပြုရမည့်အချက်မှာ ဆုံဆို့နာသည် အသက်အန္တရာယ်ရှိနိုင်သော ရောဂါဖြစ်သဖြင့် အစားအသောက်ဖြင့်သာ ကုသ၍မရပါ။ ဆရာဝန်နှင့် အမြန်ဆုံးပြသပြီး ပိုးသတ်ဆေးနှင့် ဆုံဆို့နာအဆိပ်ဖြေဆေးတို့ကို စနစ်တကျ ထိုးနှံသောက်သုံးရပါမည်။ လူနာကို သီးသန့်အခန်းတွင်ထားရှိပြီး အသုံးအဆောင်ပစ္စည်းများကိုလည်း သီးသန့်ခွဲထားပေးရန် လိုအပ်သည်။ မိသားစုဝင်များအနေဖြင့်လည်း ရောဂါကူးစက်မှု ရှိ၊ မရှိစစ်ဆေးရန်နှင့် လိုအပ်ပါက ကာကွယ်ဆေးထပ်မံထိုးနှံရန် ဆရာဝန်နှင့် တိုင်ပင်သင့်သည်။

ဆုံဆို့နာရောဂါအတွက် ကုထုံး

သင်္ဘောသီးအစိမ်းနုနုကို ဆားနှင့်တို့စားပါက ဆုံဆို့နာ ပျောက်စေသည်။ ကြက်သွန်ဖြူ နှစ်မြွှာ၊ သုံးမြွှာကို ကြိတ်ခြေ၍မျိုချပါ။ ကြက်ဆူပင်အရွက်၊ ဒန့်သလွန်ပင်အရွက်နှင့် ကြက်သွန်ဖြူတို့ကို ကြိတ်ခြေ၍ ရလာသောအနှစ်ကို ရေနွေးထဲထည့်၍ အချိန်ကြာကြာငုံထားပါ။ ၎င်းအရည်ဖြင့် ပလုတ်(အာလုတ်)ကျင်းပါ။ ရေအေးထည့်ထားသောခွက်ထဲသို့ ဆားခပ်ထည့်၍ ၎င်းဆားရည်ကို ငုံထားပါ။ ၎င်းအရည်ဖြင့် ပလုတ်(အာလုတ်)ကျင်းပါ။

အချုပ်အနေဖြင့် အကြံပြုရပါလျှင် ဆုံဆို့နာရောဂါသည် အသက်ရှူလမ်းကြောင်းပိတ်ဆို့ပြီး အသက်ရှူရခက်ခဲသဖြင့် အသက်သေဆုံးနိုင်သည်ထိ ဖြစ်နိုင်သည်။ ထို့ကြောင့် ဆုံဆို့နာရောဂါကာကွယ်ဆေးကို မပျက်မကွက်ထိုးနှံကြရန် အထူးအရေးကြီးကြောင်းနှင့် ဆုံဆို့နာရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်၍ ကုသမှုခံယူသင့်ကြောင်း ထပ်ဆင့်အကြံပြုတိုက်တွန်းလိုပါသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၄၀၇ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်

မော်လိုက် ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၄၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖောင်းပြင်မြို့နယ်တွင် နေကြာ ၂၄၃၆ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၂၄၃၆ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၂၄၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့ အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာရဲ့ တစ်ဧကဆီ ထွက်ရှိမှုကကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နေကြာကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

ကျုံပျော်မြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ

ကျုံပျော် ဖေဖော်ဝါရီ ၈

ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဒေသတွင်းစျေးကွက်တွင် မျှင်ငါးပိများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်ကြောင်း ကျုံပျော်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ငါးပိ၊ ငါးခြောက်စျေးကွက်တွင် ယခုနှစ် ဖေဖော်ဝါရီလပထမပတ်မှ ယနေ့ထိ မျှင်ငါးပိများ ဝယ်ယူအားကောင်းမွန်လာသဖြင့် အရောင်းအဝယ်ကောင်းမွန်ကြောင်း၊ အဆိုပါ မျှင်ငါးပိများ တစ်ရက်လျှင် ပိသာချိန် ၄၅၀၀ မှ ၇၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်ကြောင်းသိရသည်။

"လက်ရှိ မျှင်ငါးပိတွေကဒေသတွင်းစျေးကွက်မှာကို အရောင်းအဝယ် ကောင်းနေတာပါ။ လက်ရှိ မျှင်ငါးပိတစ်ပိသာကို ငွေကျပ် ၂၂၀၀၀ ထိ စျေးပေါက်ပါတယ်။ မျှင်ငါးပိတွေကို ဒေသစျေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူအား ကောင်းနေလို့ အရောင်းအဝယ် ကောင်းနေတာပါ။ ဒီဘက်က ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ဒေသထွက် မျှင်ငါးပိတွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ ဒေသထွက်မျှင်ငါးပိတွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲမရှိပါဘူး"ဟု ကျုံပျော်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်မိုးမိုးက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် မျှင်ငါးပိ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်မျှင်ငါးပိများကို အခြားဒေသများသို့ စနစ်တကျထုပ်ပိုးတင်ပို့ ရောင်းချနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

စာပေမြင့်မှ လူမျိုးတင့်မည်

ငလျင်ပြင်းအားများ

ငလျင် ပမာဏ ရစ်ရှာတာ စကေး	သက်ရောက်မှုရှိနိုင်ခြေ
၂ အထက်	မသိသာသော အခြေအနေဖြစ်ပါသည်။
၂ နှင့် ၄ ကြား	လူအချို့သတိထားမိသည့် အခြေအနေဖြစ်သည်။
၄ နှင့် ၄.၉ ကြား	လူတိုင်းလိုလို ခံစားမိသော အခြေအနေဖြစ်သည်။
၅ နှင့် ၅.၉ ကြား	ခိုင်ခံ့သော အဆောက်အအုံတွင် မပြောပလောက်သော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။
၆ နှင့် ၆.၉ ကြား	ခိုင်ခံ့သော အဆောက်အအုံတွင်ပင် သိသာသော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။
၇ နှင့် ၇.၉ ကြား	ခိုင်ခံ့သော အဆောက်အအုံများတွင်ဆိုးရွားသော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။
၈ နှင့်အထက်	ကြီးမားသော ပျက်စီး ပြိုကျမှုများ တွေ့ရသော အခြေအနေဖြစ်သည်။

ငလျင်သည် အလျားလိုက်နှင့် အထက်အောက်လှုပ်ရှားနိုင်ပြီး ငလျင်၏ပြင်းအား၊ အဆောက်အအုံ၏တည်ဆောက်ပုံ၊ တည်နေရာ တို့အပေါ်မူတည်၍ ပျက်စီးမှုများ ကွာခြားနိုင်ပါသည်။

ပျောက်ဆုံးကြောင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၄)နေ ဒေါနာမီး (ဘ) ဦးကျထော်(၁၃/တယန(နိုင်)၀၁၅၂၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-760845517

ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်နေ မခေါန်ဆိုင်းဂျာ (ဘ) ဦးမာတူး(၁၃/မဆတ(နိုင်)၀၄ဖဂ၁၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-918670)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-686916603

တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)နေ ဦးအောင်အောင်၏သမီး မဟန်သက်ထားဦးနှင့် မဠ္ဠအောင်အောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မဟန်သက်ထားဦး (ခ) မဠ္ဠအောင်အောင်
၉/ပဌလ(နိုင်)၁၂၂၂၁၈

ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်၊ အကွက်အမှတ်(၃၆/ခ)၊ ဦးပိုင်အမှတ်(N-၂၇)ပေါ်တွင် ဒေါ်ဇွန်ဖြူပိုင်(၉/မခန(နိုင်)၁၆၁၈၂၂)ကိုင်ဆောင်သူမှ အလျား(၂၇'-၀"၊ အနံ ၂၇'-၀")ရှိ RC (၁)ထပ်ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦး ဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

အဖိုးတန်ရေချိုကို ချွေတာပါ

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ နိုင်ငံတိုင်းသည် ၎င်းတို့၏ အချုပ်အခြာအာဏာနှင့် နိုင်ငံသူ၊ နိုင်ငံသား များ၏ အကျိုးစီးပွားအပေါ် လုံခြုံရေးအရ ထိပါးလာခဲ့ပါက ကာကွယ် ပိုင်ခွင့်ရှိသည်ကို မိမိအနေဖြင့် လက်ခံထား...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကရင်မလင် နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် အမှာစကားပြောကြားစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲကို ယနေ့ညနေပိုင်းတွင် အမျိုးသား ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး Banquet Hall ၌ ကျင်းပပြုလုပ်သည်။

အဆိုပါဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဗန်းမောက်မြို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းပိုက်ထိန်းချုပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့ကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အင်အားအလုံးအရင်းဖြင့် မြို့လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ လူသစ်စုဆောင်းခြင်းများ အပါအဝင် အကြမ်းဖက်လုပ်ရပ်မျိုးစုံကို လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဗန်းမောက်မြို့ကို ပြန်လည်သိမ်းပိုက်ရရှိရေး နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည်

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ သမိုင်းဘာသာရပ် သိကောင်းစရာ

စာမျက်နှာ - ၂၆

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၂၂

အရောင်းကိုယ်စားလှယ် – ဖုန်း – ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၇၀

အရောင်းကိုယ်စားလှယ် – ဖုန်း – ၀၉ ၇၇၇၀၀ ၂၆၇၀